# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၃)ရက် ၊ ကြာသပတေးနေ့ ၊ (28-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား






ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင်


စာမျက်နှာ ၁၆ ကော်လံ ၁ ☞





ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူတစ်ရပ်လုံးသိသင့်သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် "မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ"ကို ပြည်သူတစ်ရပ်လုံး သိထားသင့်သည်။ ထို့ကြောင့် ပြည်ထောင်စု သမ္မတ ရွေးကောက်ပွဲကော်မရှင်က အဆိုပါဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများအနေဖြင့် Websiteနှင့် Mobile Application တို့တွင် နိုဝင်ဘာ ၂၂ ရက်မှစတင်၍ လေ့လာဖတ်ရှုနိုင်ပြီဖြစ်သည်။

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲသည် ပါတီစုံဒီမိုကရေစီစနစ်၏ အသက်ပင်ဖြစ်သည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးမည့်အစိုးရအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်အသီးသီး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အစိုးရအဖွဲ့နှင့် အဖွဲ့အစည်းအသီးသီးတို့ကို ရွေးကောက်ပွဲဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြည်သူက ရွေးချယ်ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတပြီး မိမိနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သောရွေးကောက်ပွဲမျိုးဖြစ်ရပါမည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် ကြီးမားစွာမှားယွင်းမှု၊ မဲမသမာမှု၊ ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှုများဖြစ်ပွားခဲ့သည်။ မဲစာရင်းမှာ မှားယွင်းမှုများကို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ရှင်းလင်းခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုခြင်း၊ သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့တောင်းဆိုခြင်းများကို တစ်စုံတစ်ရာဆောင်ရွက်ပေးခြင်းမျိုးမရှိဘဲ လွှတ်တော်အသီးသီးအား ခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန်ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀ (ဂ) နှင့် ၄၁၇ ပါ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းခန့်ရှိရာ မဲမသမာမှုဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိချက်သည် ၁၀ ဒသမ ၄ သန်းခန့်ရှိသဖြင့် မဲပေးနိုင်ခွင့်ရှိသူပမာဏ၏ လေးပုံတစ်ပုံကျော်ဖြစ်သည်။ ၎င်းကိစ္စသည် သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားမှုမဟုတ်ကြောင်း ပြည်သူတစ်ရပ်လုံး တွေ့မြင်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးတွင် ရိုးသားမှုမရှိပါက ရိုးသားမှုမရှိခြင်း၏အကျိုးဆက်ကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်းကို မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များအပြင် နိုင်ငံတကာဖြစ်စဉ်များတွင်လည်း တွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍ တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ခဲ့သည်။ သို့ဖြစ်ရာ နောင်ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်နှင့် အဆိုပါဖြစ်ရပ်များကို သင်ခန်းစာယူနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှင့်တင်ထားသည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို လေ့လာဖတ်ရှုသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပလာတူးပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပလာတူးပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ပလာတူးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ စက်တင်ဘာလက ပလာတူးပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ပလာတူးပိသာချိန်၇၂၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လထဲမှာ ပလာတူးတွေ အဝယ်လိုက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ဘက်က ပုစွန်တွေ၊ ကဏန်းတွေအပြင် ပလာတူးတွေကို တင်ပို့ရောင်းချနေပါတယ်။ ပလာတူးတွေကို ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ အခုပလာတူးတွေအရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးတစ်ပိသာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ဈေးပေါက်နေကြောင်းသိရသည်။

**ကျော်ကျော်လင်း**

# မန္တလေးဈေးကွက်အတွင်း အောင်ပန်းမှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေး ဈေးကွက်အတွင်း အောင်ပန်းမှ ထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလ နောက်ဆုံးပတ်မှစ၍ အောင်ပန်းမှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ ယခုလက်ရှိတွင် ကြက်သွန်ဖြူများကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံများကလည်း မှာယူမှုများရှိကြောင်း သိရသည်။

"အခုမန္တလေးဈေးကွက်ထဲမှ အောင်ပန်းဘက်ကနေ ထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေက အဝယ်တော်တော်များလာတယ်။ ပြည်တွင်းကောပြည်ပကပါ ကြက်သွန်ဖြူတွေ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်က သိသိသာသာကို ကောင်းမွန်လာပါတယ်"ဟု အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

အောင်ပန်းဘက်မှ ထွက်ရှိသည့် ကြက်သွန်ဖြူများမှာ မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကြက်သွန်ဖြူတစ်ပိသာလျှင် ငွေကျပ် ၁၈၀၀၀ ခန့်ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"အခုလတ်တလော အောင်ပန်းဘက်ကနေ မန္တလေးကို တင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလော မန္တလေး ဈေးကွက်အတွင်းမှာ ကြက်သွန်ဖြူတွေ လက်ကျန်ရှားပါးနေပေမဲ့ ဈေးကတော့ ပုံမှန်အနေအထားမှာပဲ ရှိပါတယ်"ဟု အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၀၂၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၀၂၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ဂျုံ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေ အသိပညာပေး ဆွေးနွေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ ဂျုံ အထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဂျုံ စိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျပြီး ဂျုံ တစ်ဧက စိုက်ပျိုးပါက ၂၂ တင်း ထွက်ရှိကြောင်း၊ ဂျုံကို အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတို့တွင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတို့တွင် ထွက်ပေါ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံစိုက်ပျိုးမည့် တောင်သူများကို ဂျုံအထွက်နှုန်းတိုးရေးအတွက် တောင်သူများကို အသိပညာပေး သင်တန်းများပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပုလဲဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးနေကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အမရပူရ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းရွာကြီးကျေးရွာ၌ မြစ်မိုးရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရှမ်းရွာကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ် ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အမရပူရမြို့နယ် ရှမ်းရွာကြီး ကျေးရွာလမ်း အရှည်ပေ ၇၆၀၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစ်မိုးရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်းကုန်ကျငွေကျပ် ၁၈ သန်းတို့ဖြင့် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာနှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာတွင်း သန့်ရှင်းသာယာသပ္ပာယ်မှုရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီး ဆပ်ကော်မတီအဖွဲ့ဝင် အဂ္ဂမဟာသီရိသုဓမ္မ®သိင်္ဂီ ဒေါ်သင်းသင်း မိသားစုက ဆွမ်းအလှူအတွက် ငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပိန်းဥ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလ အတွင်း ပိန်းဥပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်း ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်အိအိအေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာအတွင်းက ပိန်းဥ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပိန်းဥ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ အောက်တိုဘာလအတွင်း ပိန်းဥ ပိဿာချိန် ၇၅၀၀၀ ထိ ရန်ကုန် ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျောင်းကုန်းမြို့နယ်ကနေ တင်ပို့ခဲ့တဲ့ ပိန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းခဲ့တာ ဖြစ်ပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက် လုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် ဂုံမင်းမြောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဇီးကုန်း နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံမင်းမြောင်ကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ဂုံမင်းမြောင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်မှုလုပ်ငန်း၊ စင်မြင့်ရေစင် တည်ဆောက်မှုလုပ်ငန်း၊ လျှပ်စစ်ရေတင်စနစ်တပ်ဆင်မှုလုပ်ငန်း၊ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ဂုံမင်းမြောင် ကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်စနစ်သုံး ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၀၀၀ ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၆ ဒသမ ၁၇၅သန်းဖြင့် ပျူတိုင်းသားကုမ္ပဏီမှ တာဝန်ယူ၍ ဇွန် ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၃၁၂၈၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မုံရွာ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၃၁၂၈၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၃၀၁၆ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၁၂၈၄ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းကေ ၄၃၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ကေ ၃၁၀၀၀ ကျော် ရိတ်သိမ်းပြီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုစိုက်နိုင်တယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)



# ပင်လယ်မြို့ဟောင်း

**ဗိုလ်ရှိတ်(ရတနာပူရ)**

ပင်လယ်မြို့ဟောင်းသည် ပျူပင်လယ်မြို့ဟောင်း၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိသော မြို့ဟောင်းတစ်ခုဖြစ်သည်။ ပျူပင်လယ်မြို့ဟောင်းနှင့် အမည်တူနေသဖြင့် ကွဲပြားစွာမှတ်သားနိုင်ကြရန်ဖြစ်သည်။ လယ်တွင်းဒေသအတွင်းရှိ မြို့ဟောင်းများတွင် ပင်လယ်မြို့ဟောင်းသည် တောင်ဘက်အကျဆုံး မြို့ဟောင်းဖြစ်သည်။ ပန်းလောင်မြစ်မှခွဲထွက်လာသော နတ်လွှဲမြောင်း ပေါင်ဘေး၌တည်ရှိသည်။ ယခုခေတ် ကျေးရွာဖွဲ့စည်းပုံအရ မြို့တွင်းရွာဟုအသိများကြသည်။ မြို့တွင်းရွာဟုခေါ်ရခြင်းမှာ ရှေးပင်လယ်မြို့ရိုးအတွင်း၌ရှိသောကြောင့် ခေါ်ဆိုကြခြင်းဖြစ်မည်ထင်သည်။

ပင်လယ်မြို့ဟောင်းသည် မြေပုံအညွှန်း၉၃စီ/၃ တွင်ပါဝင်ပြီး ကွင်းအမှတ် ၅၄၁ နမ်းခင်းအရှေ့ကွင်းနှင့် ၅၄၁ နမ်းခင်းကွင်းတို့တွင် တစ်ပိုင်းစီပါဝင်နေသည်။ မြောက်လတ္တီတွဒ် ၂၁ဒီဂရီ ၁၇ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ်တွင်တည်ရှိသည်။ ကား၊ ဆိုင်ကယ်များဖြင့် သွားလာရလွယ်ကူသည်။ ပျူပင်လယ်မြို့ဟောင်းမှ အနောက်တောင်ဘက်သို့ သွားသော လမ်းကလေးအတိုင်းချိုး၍ သွားလိုက်ရုံသာဖြစ်သည်။ မြစ်သားမြို့နှင့် ၂၁ မိုင်ခန့် ကွာဝေးသည်။

**ရှေးခေတ်ပင်လယ်မြို့အကျယ်အဝန်း**

ရှေးခေတ်ပင်လယ်မြို့နယ်၏ အကျယ်အဝန်းကို မြို့ ရွာနယ်ပယ်သမိုင်းကျမ်းတွင် "ပင်လယ်မြေကား မြောက်ကိုကူမဲတည်းထိသွား၊ အရှေ့ကိုတောင်ရိုး အခြား၊ တောင်ကိုလက်ဆည်ကန်သို့သွား၊ အနောက်တောင်ကား မြစ်ငယ်ကောက်ကောက်သွယ်၏"ဟူ၍ ဖော်ပြထားသည်။ ဤမှတ်တမ်းအရ ပင်လယ်မြို့နယ်သည် အရှေ့ကို ရှမ်းရိုးမတောင်ခြေထိ၊ မြောက်ကို ကူမဲမြို့ထိ၊ တောင်ကို လက်ဆည်ကန်ထိ၊ အနောက်တောင်မှာ စမာချောင်းထိကျယ်ဝန်းသည်ဟု ဆိုရမည်ဖြစ်သည်။

**ကျောက်စာများတွင် တွေ့ရသောပင်လယ်**

ပင်လယ်ဟူသောအမည်ကို ရှေးကျောက်စာများတွင် ပင်လဲခရိုန်၊ ပင်လယ်ဟူ၍ ရေးထိုးခဲ့ကြသည်။ ပင်လယ်ဟူသောအမည်ကို အစောဆုံးတွေ့ရသည့် ကျောက်စာမှာ သက္ကရာဇ် ၅၄၅ ခုနှစ်ထိုး စူဠာမဏိဘုရားကျောက်စာပင်ဖြစ်လေသည်။ ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးသည် စူဠာမဏိဘုရားကို တည်၍ ဘုရားအားလှူသောလယ်မြေများကို ရေးထိုးထားရာတွင် ပင်လယ်ခရိုင်မှ လယ်ပယ် ၁၇၁ ပယ်ပါဝင်ကြောင်းကို ကျောက်စာကြောင်းရေ ၁၂ နှင့် ၁၃တွင် "သာသနာ ၅၀၀၀ တောရစ်စိမ်သောငှာ ဤငါလှူခ သလဲကာ ပင်လဲခရိုန်တွင် ၁၇၁ပဲ"ဟူ၍ တွေ့ရပေသည်။ စူဠာမဏိကျောက်စာရေးထိုးခဲ့သည့် ၅၄၅ ခုနှစ်မှ ၆၆၅ ခုနှစ်အတွင်း ရေးထိုးခဲ့သော ကျောက်စာ ၁၀ချပ်တွင်လည်းပင်လယ်ဟူသောအမည်ကို တွေ့ရသည်။ ထိုကျောက်စာတို့မှာ-

၁။ ပင်လဲ = စူဠာမဏိဘုရား ကျောက်စာ ၅၄၅ ခုထိုး

၂။ ပင်လဲ = စာကြိုဘုရားလှ ကျောက်စာ ၅၅၄ ခုထိုး

၃။ ပင်လယ် = သခင် ခင်ဥန်နှင့် သင်ကြီးကုံကယ် ကျောက်စာ ၅၆၀ ခုထိုး

> **❖ရှေးခေတ်ပင်လယ်မြို့နယ်၏အကျယ်အဝန်းကို မြို့ရွာ နယ်ပယ်သမိုင်းကျမ်းတွင် "ပင်လယ်မြေကား မြောက်ကိုကူမဲတည်း ထိသွား၊ အရှေ့ကိုတောင်ရိုး အခြား၊ တောင်ကိုလက်ဆည်ကန်သို့သွား၊ အနောက်တောင်ကား မြစ်ငယ်ကောက်ကောက်သွယ်၏"ဟူ၍ ဖော်ပြထားသည်။ ဤမှတ်တမ်းအရ ပင်လယ်မြို့နယ်သည် အရှေ့ကို ရှမ်းရိုးမတောင်ခြေထိ၊ မြောက်ကို ကူမဲမြို့ထိ၊ တောင်ကို လက်ဆည် ကန်ထိ၊ အနောက်တောင်မှာ စမာချောင်းထိကျယ်ဝန်းသည်ဟု ဆိုရ မည်ဖြစ်သည်။ ❖**

၄။ ပင်လယ် = ရှင်မဟာ ကဿပကျောင်း ကျောက်စာ ၆၁၀ ခုထိုး

၅။ ပင်လယ် = အဂ္ဂပတိကျောက်စာ ၆၁၀ ခုထိုး

၆။ ပင်လဲ = တရုပ်ပြေး (နရသီဟပတေ့) မင်းကြီးကျောက်စာ ၆၂၄ ခုထိုး

၇။ ပင်လဲ = ဆင်ဖြူသခင် ကျောက်စာ ၆၃၄ ခုထိုး။

၈။ ပင်လဲ = တာမလိန်ကျောင်း ကျောက်စာ ၆၄၁ ခုထိုး။

၉။ ပင်လဲ = ရွှေနန်းသျှင်ကျောင်းကျောက်စာ ၆၆၄ခုထိုး။

၁၀။ ပင်လဲ = အသင်္ခယာကျောင်းကျောက်စာ ၆၆၅ ခုထိုး။

စသည်တို့ဖြစ်ပေသည်။ အထက်ပါကျောက်စာများအရ ပင်လယ်မြို့၏အမည်ကို "ပင်လယ်" ဟူသော အရေးအသားအသုံးအနှုန်းထက် "ပင်လဲ"ဟူသော အသုံးအနှုန်းက ပိုများပေသည်။

**ပင်လယ်သူကြီးအမည်ပါ ကျောက်စာများ**

ဖော်ပြခဲ့သော ကျောက်စာများတွင် ပင်လယ်ရွာသူကြီးအမည်ပါသော ပုဂံခေတ်ထိုးကျောက်စာတစ်ချပ်ကို ထူးထူးခြားခြားတွေ့ရသည်။ ထိုကျောက်စာမှာ သက္ကရာဇ် ၆၁၀ ပြည့်နှစ်ထိုး ရှင်မဟာကဿပကျောင်းကျောက်စာပင်ဖြစ်လေသည်။ ကျောက်စာမျက်နှာဘက်ကြောင်းရေ၂၅တွင် "ပင်လယ်ရွာသူကြီးကုံကယ်"ဟူ၍ ရေးထိုးထားသည်။ ပုဂံခေတ်တွင် ပင်လယ်မြို့ကို စီရင်အုပ်ချုပ်ခဲ့သော သူကြီးအစဉ်အဆက်များစွာ ရှိခဲ့မည်ဖြစ်သော်လည်း ရှားရှားပါးပါး ဤကျောက်စာတစ်ချပ်၌သာ သူကြီးအမည်တွေ့ရသဖြင့် ရှားပါးလှသော သူကြီးအမည်ပါကျောက်စာဟု ဆိုရမည်ဖြစ်ပေသည်။ ကျောက်စာရေးထိုးခဲ့သည့် သက္ကရာဇ် ၆၁၀ ပြည့်နှစ်သည် ပုဂံနေပြည်တော်တွင် ကျစွာမင်းကြီးသားတော် ဥဇနာမင်း ထီးနန်းစိုးစံနေချိန်ဖြစ်သည်။ ထို့ပြင် ဘိုးတော်ဆင့်ထိုး ကျောက်စာတစ်ချပ်တွင်လည်း သက္ကရာဇ် ၇၃၉ ခုနှစ် အင်းဝခေတ်တွင် ပင်လယ်သူကြီးစောမည်ရဟူသော အမည်ကို တွေ့ရသည်။ ဤဆင့်ထိုးကျောက်စာအရ သက္ကရာဇ် ၇၃၉ခုနှစ် အင်းဝဘုရင် မင်းကြီးစွာစော်ကဲလက်ထက်တွင် ပင်လယ်မြို့ကို စီရင်အုပ်ချုပ်ခဲ့သည့်သူကြီးမှာ စောမည်ရ ဆိုသူဖြစ်ကြောင်းသိရသည်။ သက္ကရာဇ် ၇၁၇ ခုနှစ်ထိုး စည်းခုံကြီးဘုရားကျောက်စာ ကြောင်းရေ ၂၇ ၌ "မင်မတ်သက်ထိက်၊ ပင်လဲသူကြီ သိန်ခါ ငါသုစင် သိခင်လက်ယာ မင် ၃ယောက်"ဟူ၍ ရေးထိုးထားသဖြင့် ၇၁၇ ခုနှစ်တွင် ပင်လယ်မြို့၌ သူကြီးသိန်ခါ အုပ်ချုပ်ခဲ့ကြောင်းသိရသည်။ ဤမှာ ကျောက်စာအချို့တွင်တွေ့ရသော ပင်လယ်သူကြီးတို့ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။ အခြားကျောက်စာများ၊ ရာဇဝင်တော်ကြီးများတွင် ထပ်မံ၍ရှာဖွေဖော်ထုတ်မည်ဆိုပါက ပင်လယ်သူကြီးများစွာကို ထပ်မံတွေ့လာနိုင်သည်။

**ပင်လယ်ဟူသောအမည်**

ပင်လယ်ဟူသောအမည်သည် မူလပျူပင်လယ်မြို့ကြီး၏အနီးတွင်ရှိသည်ကို အစွဲပြုပြီး ပင်လယ်ဟုအမည်တွင်လာဟန်တူပါသည်။ ဇမ္ဗူကွန်ချာကျမ်းအလိုအရ မူလပျူပင်လယ်မြို့ကြီးမှာ မင်းဆိုးမင်းယုတ်တို့လက်ထက်တွင် နတ်တို့မနှစ်မြို့သောကြောင့် ရေပင်လယ်ဝေစေ၍ ပျက်ခဲ့ရာမှ ပင်လယ်ဟုအမည်တွင်လာခြင်းဖြစ်သည်ဟုဆိုထားပါသည်။ ထိုအမည်သည်လည်း ပျူတို့လက်ထက်မှတွင်သည်ဟု သိရသည်။

**ပင်လယ်မြို့ပုံစံနှင့် အကျယ်အဝန်း**

ပင်လယ်မြို့ရိုးသည် မြင်းခွာပုံစံမြို့ရိုးပင်ဖြစ်သည်။ အဖြောင့်မြို့ရိုးမှာ မြောက်ဘက်မျက်နှာ၌ရှိသည်။ နန်းစဉ်စာရင်းချုပ်ကြီးတွင် ပင်လယ်မြို့သည် ၆၅၄ တာ ကျယ်ဝန်းပြီး စစ်သည်အင်အား ၄၀၀ ရှိသော လေးရာပြမြို့ဖြစ်ကြောင်း ဖော်ပြထားသည်။ ဓာတာတော်ပုံ ရာဇဝင်တွင်လည်း ထိုနည်းတူစွာပင်ဖော်ပြထားပါသည်။ မြို့ရိုးပတ်ပတ်လည်အကျယ်ဝန်းမှာ ၇၈၇၆ ပေခန့်ကျယ်ဝန်း၍ ဧကအားဖြင့် ၉၁ ဧကခန့် ကျယ်ဝန်းပေသည်။ မြောက်ဘက်မျက်နှာ၌ရှိသော အဖြောင့်မြို့ရိုးမှာ ၂၀၀၆ ပေခန့်ကျယ်ဝန်း၍ တောင်မြောက်ပေ၂၂၁၇ ပေခန့်ရှိသည်။

**ထုထည်ကြီးမားသော မြို့ရိုးအုတ်များ**

ပင်လယ်မြို့ရိုးအုတ်ကြီးများမှာ အလျား ၁၈ လက်မ၊ အနံ ကိုးလက်မ၊ ဒု သုံးလက်မခန့်ရှိသည်။ ထိုအုတ်အရွယ်အစားမှာ ပင်းယမြို့ဟောင်း နန်းတော်ရာတူးဖော်ရာမှတွေ့ရှိရသော အုတ်အရွယ်အစားများနှင့်တူညီနေပေသည်။ ပင်းယနန်းတော်ရာ တူးဖော်ရာမှတွေ့ရသော အုတ်အရွယ်အစားများမှာလည်း အလျား ၁၈ လက်မ၊ အနံ ကိုးလက်မ၊ ဒု သုံးလက်မခန့်ရှိသည်။ ပုဂံခေတ်ကုန်ဆုံးပြီး နောက်ပိုင်းကာလတွင် ပင်လယ်မြို့ကိုတည်ခဲ့သူမှာ သီဟသူမင်းဖြစ်သည်။ ထို့အတူ ပင်းယမြို့ကိုလည်း သီဟသူမင်းပင် ထပ်မံ၍တည်ကာ စိုးစံခဲ့ခြင်းဖြစ်သောကြောင့် ပင်လယ်မြို့နှင့် ပင်းယမြို့မှာ အုတ်အရွယ်အစားများ တူညီနေခြင်းဖြစ်သည်ဟုဆိုနိုင်ပေသည်။ ပင်လယ်မြို့ရိုးတွင် ထူးထူးခြားခြား လွန်စွာကြီးမားသော အုတ်ကြီးများကို ကြားညှပ်၍စီထားသည်ကိုတွေ့ရပေသည်။ ထိုအုပ်ချပ်ကြီးများကို ထင်ရှားစွာတွေ့မြင်နိုင်သည့်နေရာမှာ အရှေ့ဘက်မြို့ဝင်ပေါက်မြို့ရိုးတွင်ဖြစ်ပေသည်။ အုပ်ချပ်ကြီးများမှာ အနံ ၁၂ လက်မရှိ၍ ဒုမှာခြောက်လက်မမျှရှိပေသည်။ အလျားမှာအတွင်းဘက်တွင်ကျနေသောကြောင့် တိုင်းတာ၍မရခဲ့ကြောင်း လေ့လာဖော်ပြလိုက်ရပါသည်။

## မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၄၃၃ ဧက စိုက်ပျိုးပြီးစီး



မင်းကင်း နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၄၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၃၉၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၁၃၉၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၄၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများပံ့ပိုးပေးခြင်းနှင့် ကင်းထောက်မှတ်တမ်းများ ရယူခြင်း စသည်တို့ကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ခင်းများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၂၉၂ ဧကစိုက်ပျိုးပြီးစီး



**ပွင့်ဖြူ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၁၂၁၄၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှု ဖူလုံပိုလျှံစေဖို့၊ တောင်သူတွေ ဝင်ငွေတိုးပွားစေဖို့နဲ့ ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေဖို့အတွက် ရည်ရွယ်ပြီး ဆီထွက်သီးနှံနှမ်း ၁၂၁၄၂ ဧက လျာထားစိုက်ပျိုးခဲ့တာမှာ ဒီနေ့ထိ ၁၅၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ပေါင်ကြီးတင်စနစ်စိုက်ပျိုးနည်းပညာတွေ အသုံးပြုကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့နဲ့ ပိုးမွှား ရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက နှမ်းစိုက်ပျိုးရာတွင် လျာထားစိုက်ဧကပြည့်မီစေရေး၊ အရည်အသွေးကောင်းသောသီးနှံများ ထွက်ရှိစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး စသည့်တောင်သူပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပြီး နှမ်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကြို့ပင်ကောက်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘန့်ဘွေးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဘန့်ဘွေးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဘန့်ဘွေးကုန်းကျေးရွာ ကျေးရွာတွင်းလမ်း အရှည်ပေ ၂၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၅ ဒသမ ၁ သိန်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သန်းလွင်(မကွေး)**

## စက်ဝိုင်းပေါ်မှာ

- ညမှာအိပ်စက် အအိပ်ခက်၍
  တွဲဖက်ရစ်နှောင် မလင်းမှောင်တွင်း
  ခိုသက်ဆင်းရ ထိုတစ်ညသည်
  ရှည်လှညတာပါတကား။

- ခန္ဓာပင်ပန်း မောဟိုက်နွမ်းကာ
  စခန်းချရန် စိတ်ရည်သန်လည်း
  ကေန်လမ်းတာ ယူဇနာက
  မှန်စွာဝေးလှပါတကား။

- အမှန်မသိ အမှားငြိတွယ်
  နေလုံးကွယ်သို့ တစ်သွယ်လောဘ
  မိုက်မောဟနှင့် ဒေါသစရိုက်
  ရင်မှာပိုက်၍နေဆဲပင်။

- တစ်ယူဇနာ တစ်ညတာကို
  မှန်စွာရှည်လမ်း ကြမ်းမှကြမ်းဟု
  မြည်တမ်းလျက်ပင် မိုက်သွေးဝင်သေး
  ရှုမြင်ဝေးသည် ပြန်ရေးခက်ခက်ကြုံမည်ကို။ ။

**မန်းတင့်မော်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဂျော်ဒန်လေတပ်မှ စီ-၁၃၀ လေယာဉ်များ ဂါဇာ၌ ရိက္ခာပစ္စည်းများ လေထီးဖြင့်ချပေး

**အမန် နိုဝင်ဘာ ၂၇**

ဂျော်ဒန်လေတပ်မှ စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်များသည် နိုဝင်ဘာ ၂၆ ရက်တွင် ဂါဇာကမ်းမြောင်မြောက်ပိုင်းဒေသများသို့ ရိက္ခာနှင့် အခြားအထောက်အပံ့များကို လေထီးဖြင့် ချပေးခဲ့ကြောင်း သိရသည်။

ဂျော်ဒန်လေတပ်၏ စီ-၁၃၀ သယ်ယူပို့ဆောင်ရေး လေယာဉ်နှစ်စင်းသည်စားနပ်ရိက္ခာနှင့် အခြားအထောက်အပံ့ပစ္စည်း စုစုပေါင်း ခုနစ်တန်ခန့်ကို လေထီးဖြင့်ချပေးခဲ့ကြောင်း ဂျော်ဒန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဂျော်ဒန်လေတပ်၏ စီ-၁၃၀ လေယာဉ်များသည် ကုလသမဂ္ဂအေဂျင်စီများက အကူအညီအလို အပ်ဆုံးနေရာများအဖြစ် သတ်မှတ်ထားသည့်နေရာများတွင် ရိက္ခာနှင့် အထောက်အပံ့ပစ္စည်းများ ချပေးခဲ့ခြင်းဖြစ်သည်။

ဂျော်ဒန်လေတပ်၏ နိုဝင်ဘာ ၂၆ ရက်မစ်ရှင်သည် ငါးလတာကာလအတွင်း ပထမဆုံးအကြိမ် ပြုလုပ်ခဲ့သော ဂါဇာဒေသရိက္ခာထောက်ပံ့ရေးမစ်ရှင်ဖြစ်သည်။

ဂါဇာကမ်းမြောင် ဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများဝင်ရောက်မှုမြှင့်တင်ရေးအတွက် ဝေဟင်လမ်းကြောင်းနှင့် ကုန်းတွင်းလမ်းကြောင်းများကို ဆက်လက်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့သည့် ဂါဇာစစ်ပွဲကာလ တစ်လျှောက်လုံးတွင် ဂျော်ဒန်နိုင်ငံနှင့် အခြားနိုင်ငံများသည် ဂါဇာကမ်းမြောင်ဒေသ၌ လေကြောင်းမှတစ်ဆင့် ရိက္ခာအကူအညီချပေးမှုပေါင်း ၄၀၀ခန့်ထိ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အစ္စရေးနှင့်ဟစ်ဇ်ဘိုလာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင်အာဏာသက်ဝင်

**ဂျေရုဆလင် နိုဝင်ဘာ ၂၇**

အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ယနေ့တွင် စတင်အာဏာသက်ဝင်ခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံနှင့် အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအုပ်စုတို့သည် အမေရိကန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့၏ ကြားဝင်စေ့စပ်မှုဖြင့် အဆိုပါအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို စောင့်ကြည့်ရာတွင် လက်ဘနွန်တပ်မတော်က အကူအညီပေးမည်ဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးကာလသည် ရက်ပေါင်း ၆၀ ကြာမြင့်မည်ဖြစ်ပြီး ယင်းကာလအတွင်း အစ္စရေးနိုင်ငံက လက်ဘနွန်တောင်ပိုင်းရှိ အစ္စရေးတပ်များကို တစ်ဆင့်ချင်း ပြန်လည်ရုပ်သိမ်းမည်ဖြစ်သည်။

အစ္စရေးတပ်များ ရုပ်သိမ်းပြီးချိန်တွင် လက်ဘနွန်တပ်မတော်က အစ္စရေးနှင့် လက်ဘနွန်တောင်ပိုင်းနယ်စပ်ဒေသများ၌ ဝင်ရောက်နေရာယူပေးထားမည်ဖြစ်သည်။

အစ္စရေးနှင့်အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအုပ်စုတို့သည် ဂါဇာကမ်းမြောင်စစ်ပွဲစတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ တစ်ဖက်နှင့်တစ်ဖက် စတင် တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဘောလ်တစ်ပင်လယ်၌ အမေရိကန်ဗုံးကြဲလေယာဉ်များကို ရုရှားတိုက်လေယာဉ်များ ခြေရာခံစောင့်ကြည့်



**နယူးယောက် နိုဝင်ဘာ ၂၇**

ရုရှားနိုင်ငံ၏ ဘောလ်တစ်ပင်လယ်ဒေသနယ်မြေတစ်ခုဖြစ်သော ကာလင်နင်ဂရက်ဒေသအနီးတွင် အမေရိကန်လေတပ်မှ ဘီ-၅၂ ဗုံးကြဲလေယာဉ်နှစ်စင်းကို ရုရှားတိုက်လေယာဉ်များက နိုဝင်ဘာ ၂၆ ရက်တွင် ခြေရာခံစောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အမေရိကန်ဗုံးကြဲလေယာဉ်များသည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ဖင်လန်နိုင်ငံလေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ဘောလ်တစ်ပင်လယ်ဒေသသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဖင်လန်နိုင်ငံသည် ရုရှားနိုင်ငံနှင့် နယ်နိမိတ်ချင်း ၈၃၃မိုင်ထိ ထိစပ်နေသော နေတိုးအုပ်စုဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက်တွင် ကာလင်နင်ဂရက်အနီး ပျံသန်းနေသော ဘီ-၅၂ ဗုံးကြဲလေယာဉ်နှစ်စင်းကို ရုရှားလေတပ်မှ အက်စ်ယူ-၂၄ တိုက်လေယာဉ်နှစ်စင်းကခြေရာခံစောင့်ကြည့်ခဲ့ကြောင်း အမေရိကန်တပ်မတော်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်အတွင်း ရုရှားတိုက်လေယာဉ်များက ဘေးကင်းလုံခြုံသော နည်းလမ်းမျိုးဖြင့် စောင့်ကြည့်ခဲ့မှုကြောင့် ဘီ-၅၂ လေယာဉ်များအနေဖြင့် လမ်းကြောင်းပြောင်း ပျံသန်းရန် မလိုအပ်ခဲ့ကြောင်း အမေရိကန်တပ်မတော် တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ ရုရှားနှင့် နေတိုးအုပ်စုဝင်နိုင်ငံများကြား ဆက်ဆံရေး တင်းမာနေချိန်တွင် အမေရိကန်လေတပ်မှ ဘီ-၅၂ ဗုံးကြဲလေယာဉ်များ ဘောလ်တစ်ဒေသသို့ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## နယူးဇီလန်၌ ယာဉ်သုံးစီးဝင်တိုက်မှုဖြစ်ပွားခဲ့သောကြောင့် တစ်ဦးသေဆုံး၍ ၁၃ ဦး ဒဏ်ရာရရှိ

**ဝယ်လင်တန် နိုဝင်ဘာ ၂၇**



နယူးဇီလန်နိုင်ငံ အဝေးပြေးလမ်းတစ်ခုပေါ်၌ ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသည့် ဘတ်စကားတစ်စီးနှင့် အခြားမော်တော်ယာဉ်နှစ်စီးတို့ ယနေ့တွင်ဝင်တိုက်ခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်အတွင်းဒဏ်ရာရရှိသူ ၁၃ ဦးလည်း ရှိခဲ့ရာ ၎င်းတို့ကို ဆေးရုံများသို့ ခွဲပို့ထားရကြောင်း နယူးဇီလန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှုအတွင်း ဒဏ်ရာရရှိခဲ့သူများအနက်နှစ်ဦးမှာအခြေအနေစိုးရိမ်ရပြီး လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်းနှင့် အဆိုပါဖြစ်စဉ်၏ နောက်ခံအကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် ယင်းယာဉ်တိုက်မှုသည် ရာသီဥတုကောင်းမွန်ချိန်တွင် ဖြောင့်တန်းနေသော အဝေးပြေးလမ်းပိုင်းတစ်နေရာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှု၌ ပါဝင်သည့် ယာဉ်များအနက် ခရီးသည်တင်ဘတ်စကားပေါ်တွင် ကမ္ဘာလှည့်ခရီးသည် ၁၁ ဦးနှင့် ယာဉ်မောင်းတစ်ဦးလိုက်ပါလာပြီး ကျန်ယာဉ်မောင်းနှစ်စီးပေါ်၌ လူပေါင်း သုံးဦးလိုက်ပါလာကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကလေးများလူမှုမီဒီယာသုံးစွဲမှုဥပဒေကြမ်း ဩစတြေးလျအောက်လွှတ်တော်အတည်ပြု

**ဆစ်ဒနီ နိုဝင်ဘာ ၂၇**

အသက်၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာအသုံးပြုမှုပိတ်ပင်ရေးဥပဒေကြမ်းကို ဩစတြေးလျအောက်လွှတ်တော်က ယနေ့တွင် မဲခွဲအတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းကိုဥပဒေအဖြစ်ပြဋ္ဌာန်းရေးလုပ်ငန်းစဉ်ကို ဆိုင်းငံ့ပေးထားရန် နိုင်ငံတကာလူမှုမီဒီယာကုမ္ပဏီကြီးများက ဩစတြေးလျအစိုးရကို ဖိအားပေးနေချိန်တွင် ဩစတြေးလျအောက်လွှတ်တော်က ကလေးများလူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေးဥပဒေကြမ်းကို မဲခွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။

ယနေ့ လွှတ်တော်မဲခွဲပွဲတွင် အသက် ၁၆ နှစ်အောက် ကလေးများလူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေး ဥပဒေကြမ်းကို ဩစတြေးလျအောက်လွှတ်တော်အမတ် ၁၀၂ ဦးတို့က ထောက်ခံမဲပေးခဲ့ကြပြီး ၁၃ဦးကသာ ကန့်ကွက်မဲပေးခဲ့သည်။

အဆိုပါဥပဒေကြမ်းကို ဩစတြေးလျ အထက်လွှတ်တော်က ယနေ့ညပိုင်းတွင် ဆက်လက်ဆွေးနွေး၍ မဲခွဲအဆုံးအဖြတ်ရယူမည်ဖြစ်သည်။

အဆိုပါဥပဒေကြမ်းကို ဥပဒေအဖြစ်အတည်ပြုခဲ့ပါက နိုင်ငံတကာလူမှုမီဒီယာကုမ္ပဏီကြီးများ အနေဖြင့် အသက်အရွယ်ပိုင်းခြားစိစစ်ကာကွယ်ရေးလုပ်ငန်းများအတွက် တာဝန်ယူပေးရမည်ဖြစ်သည်။

ထိုဥပဒေပါ ပြဋ္ဌာန်းချက်များကိုချိုးဖောက်ပါက ချိုးဖောက်သည့်ကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၃၂ သန်းထိ ဒဏ်ငွေချနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ISS က ဂြိုဟ်တုပျက်အပိုင်းအစတစ်ခုကို ရှောင်ရှားရေးအတွက် ဒုတိယအကြိမ်အဖြစ် ပတ်လမ်းမြှင့်တင်မှုပြုလုပ်ခဲ့ရ



**မော်စကို နိုဝင်ဘာ ၂၇**

နိုင်ငံတကာအာကာသစခန်း ယာဉ်(ISS)သည် ဂြိုဟ်တုပျက် အပိုင်းအစတစ်ခုကို ရှောင်ရှားရေး အတွက် သီတင်းပတ်တစ်ပတ် မပြည့်မီကာလအတွင်း ဒုတိယ အကြိမ်အဖြစ် ပတ်လမ်းမြှင့်တင်မှု ပြုလုပ်ခဲ့ရကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

နိုဝင်ဘာ ၂၅ ရက်တွင် နိုင်ငံ တကာအာကာသစခန်းအနေဖြင့် အာကာသအမှိုက်စ တစ်စကို ရှောင်ရှားရေးအတွက် ရုရှားပရိုဂရက်စ်-၈၉ အာကာသကုန်တင် ယာဉ်အကူအညီဖြင့် ပတ်လမ်းမြှင့် တင်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပတ်လမ်းနေရာ မြှင့်တင်မှု လုပ်ငန်းစဉ်အတွင်း ပရိုဂရက်စ်-၈၉ အာကာသကုန်တင်ယာဉ်သည် ဒုံးကန်အားစနစ်များကို ၃ ဒသမ ၅ မိနစ်ကြာဖွင့်၍ နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်းအမြင့် ကို ပေ ၁၆၅၀ ထိ မြှင့်တင်ပေးခဲ့ရ ကြောင်း ရုရှားအာကာသအေဂျင်စီ က သတင်းထုတ်ပြန်ထားသည်။

ပရိုဂရက်စ်-၈၉ အာကာသ ကုန်တင်ယာဉ်သည် နိုဝင်ဘာ ၁၉ ရက်ကလည်း အာကာသအမှိုက်စ ရှောင်ရှားရေးအတွက် နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်း အမြင့်ကို မြှင့်တင်ပေးခဲ့ရကြောင်း သိရသည်။

နိုင်ငံတကာအာကာသစခန်း တည်ရှိရာ ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်း၌ ဂြိုဟ်တုနှင့်အာကာသ ယာဉ်အရေအတွက်မှာ တစ်နေ့ တခြား ပိုများလာလျက်ရှိသည်။

ဥရောပ အာကာသအေဂျင်စီ ၏ အဆိုအရ ကမ္ဘာပတ်လမ်းအနိမ့် ပိုင်းတွင် လုပ်ငန်းလည်ပတ်ဆဲ ဂြိုဟ်တုပေါင်း ၁၀၂၀၀ ထိရှိပြီး အဆိုပါ ဂြိုဟ်တုများအနက် အများစုမှာ Space-X ကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တုများဖြစ်ကြ ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကမ္ဘာမြေအနီးတွင် နှစ်လကြာမျှ ဒုတိယဂြိုဟ်ရံလအဖြစ် ယာယီနေခဲ့သော 2024 PT5 ဂြိုဟ်သိမ် ကမ္ဘာမြေမှ ပြန်လည်ထွက်ခွာသွားပြီဖြစ်

**မက်ဒရစ် နိုဝင်ဘာ ၂၇**

ကမ္ဘာမြေအနီးတွင် နှစ်လကြာ မျှ ဒုတိယဂြိုဟ်ရံလအဖြစ် ယာယီ နေခဲ့သော 2024 PT5 ဂြိုဟ်သိမ် သည် နိုဝင်ဘာ ၂၅ ရက်တွင် ကမ္ဘာ မြေမှ ပြန်လည်ထွက်ခွာသွားပြီဖြစ် ကြောင်း စပိန်သိပ္ပံပညာရှင်များ က နိုဝင်ဘာ ၂၆ ရက်တွင် အတည်ပြုထားသည်။

အရွယ်အစားအားဖြင့် အချင်း ၃၇ ပေရှိသော 2024 PT5 ဂြိုဟ် သိမ်သည် ယခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲ အားအောက်တွင် စတင်ပိတ်မိ နေခဲ့သည်။

သို့ရာတွင် နိုဝင်ဘာ ၂၅ ရက် တွင် အဆိုပါဂြိုဟ်သိမ်သည် ကမ္ဘာ ဂြိုဟ်၏ ဒြပ်ဆွဲအားအောက်မှလွင့် ထွက်၍ ၎င်း၏မူလနေပတ်လမ်းရှိ ရာသို့ ပြန်လည်ခွာထွက်သွားပြီ ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



2024 PT5 ဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်၏နေပတ်လမ်းနှင့်တစ် ထပ်တည်းနီးပါးမျှ ကျနေသော နေပတ်လမ်းပေါ်တွင် နေရာယူထား သည့် အာဂျူနာဂြိုဟ်သိမ်များခေါ် ဂြိုဟ်သိမ်အုပ်စုဝင် ဂြိုဟ်သိမ်တစ် စင်းဖြစ်သည်။

အာဂျူနာဂြိုဟ်သိမ်များသည် နေကိုလှည့်ပတ်ရင်း ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂ ဒသမ ၈ သန်းအကွာထိ ချဉ်းကပ်လာပါက ကမ္ဘာဂြိုဟ်ဒြပ် ဆွဲအားအောက်တွင် ပိတ်မိသွား တတ်ကြောင်း သိပ္ပံပညာရှင်များ က ပြောကြားသည်။

2024 PT5 ဂြိုဟ်သိမ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကမ္ဘာဂြိုဟ်အနီး ပြန်လည်ချဉ်းကပ် လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂျပန်အာကာသအေဂျင်စီက အက်ဆီလွန်အက်စ်ဒုံးပျံသစ်တွင်အသုံးပြုမည့် ဒုံးအင်ဂျင်ကိုစမ်းသပ်ခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွား

**တိုကျို နိုဝင်ဘာ ၂၇**

ဂျပန်အာကာသအေဂျင်စီ သည် အက်ဆီလွန်အက်စ်အမည် ရှိ ဒုံးပျံသစ်တွင် အသုံးပြုမည့် ဒုံးအင်ဂျင်ကိုစမ်းသပ်ခဲ့ရာ ပေါက် ကွဲမှုဖြစ်ပွားခဲ့ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

ဂျပန်အာကာသအေဂျင်စီ သည် အက်ဆီလွန်အက်စ် ဒုံးအင်ဂျင်စမ်းသပ်မှုကို နိုဝင်ဘာ ၂၆ ရက်တွင် ဂျပန်နိုင်ငံတောင်ပိုင်း တာနီဂါရှီးမားအာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ စမ်းသပ်နေစဉ် ၄၉ စက္ကန့်အကြာတွင် အက်ဆီလွန် အက်စ်ဒုံးအင်ဂျင်မှာ ပေါက်ကွဲခဲ့ရ ကြောင်း ဂျပန်အာကာသအေဂျင်စီ က သတင်းထုတ်ပြန်ထားသည်။

ဂျပန်အာကာသအေဂျင်စီသည် အက်ဆီလွန်အက်စ် ဒုံးအင်ဂျင်ကို နှစ်နှစ်မပြည့်မီ ကာလအတွင်း ဒုတိယအကြိမ် စမ်းသပ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ပြုလုပ်ခဲ့သော အက်ဆီလွန်အက်စ် ဒုံးအင်ဂျင် စမ်းသပ်မှုမှာလည်း ပေါက်ကွဲမှုဖြင့်အဆုံးသတ်ခဲ့ရသည်။

ဂျပန်နိုင်ငံအနေဖြင့် စီစဉ်ထား သည့်အတိုင်း အက်ဆီလွန်အက်စ် ဒုံးပျံသစ်ကို ၂၀၂၅ ခုနှစ် မတ်လ တွင် လွှတ်တင်ရန်စီစဉ်ထားရာ ဒုံးအင်ဂျင်စမ်းသပ်မှုပြဿနာများ ကြောင့် အစီအစဉ်ကြန့်ကြာနိုင် ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## Levothyroxine ဆေးတစ်မျိုးက အရိုးပွရောဂါဖြစ်ပွားနိုင်မှုနှင့် ဆက်စပ်နေ

**နယူးယောက် နိုဝင်ဘာ ၂၇**

သိုင်းရွိုင်ဂလင်း ကျန်းမာရေး ပြဿနာတစ်မျိုးအတွက် အသုံးပြု သည့် Levothyroxine ခေါ် ဆေး တစ်မျိုးသည် အရိုးပွရောဂါဖြစ်ပွား နိုင်မှုနှင့် ဆက်စပ်နေဖွယ်ရှိ ကြောင်း သုတေသနပညာရှင် များက နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

Levothyroxine ဆေးသည် Hypothyroidism ခေါ် သိုင်းရွိုက် ဂလင်းများက သိုင်းရွိုက်ဟော်မုန်း အလုံအလောက် မထုတ်လုပ်နိုင်မှု ပြဿနာရှိနေသည့် သက်ကြီးပိုင်း များအတွက် အသုံးပြုသောဆေး ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှသုတေ သနပညာရှင်များ၏ လေ့လာတွေ့ ရှိချက်အရ Levothyroxine ဆေး သည် ဆေးသုံးစွဲသူသက်ကြီးပိုင်း များ၌ အရိုးပွရောဂါဖြစ်နိုင်ခြေမြင့် တက်လာနိုင်မှုနှင့် ဆက်စပ်နေနိုင် ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် Hypothyroidism ပြဿနာအတွက် Levothyroxine ဆေးသုံးစွဲသူများနှင့် ၎င်းဆေးသုံးစွဲ ရန်မလိုသူ သက်ကြီးပိုင်း စုစုပေါင်း ၄၄၅ ဦးကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာ သောရလဒ်များအရ Levothyrox-ine ဆေးသုံးစွဲနေရသူ လူနာများ သည် ၎င်းဆေးသုံးစွဲရန် မလိုသူ များထက် အရိုးပွရောဂါဖြစ်နိုင်ခြေ ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဓမ္မတာရာသီကုန်ဆုံးချိန်ဖြတ်သန်းနေရသူ အမျိုးသမီးများ၌ သွေးလေးဖက်နာ နာကျင်ကိုက်ခဲမှုများ ပိုပြင်းထန်တတ်

**လန်ဒန် နိုဝင်ဘာ ၂၇**

ဓမ္မတာရာသီ ကုန်ဆုံးချိန်ကို ဖြတ်သန်းနေရသည့် အမျိုးသမီး များ၌ သွေးလေးဖက်နာရောဂါ (Rheumatoid Arthritis) နာကျင် ကိုက်ခဲမှုများ ပို၍ပြင်းထန်တတ် ကြောင်း နိုဝင်ဘာ ၂၆ ရက်သတင်း များအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ ဓမ္မတာရာသီကုန်ဆုံးချိန်ရောက်ရှိ နေသော သွေးလေးဖက်နာလူနာ အမျိုးသမီးငါးဦးလျှင် တစ်ဦးမှာ ရောဂါလက္ခဏာများ ပိုမိုပြင်းထန် မှုကို ခံစားရတတ်ကြောင်း သိရသည်။

ထို့ပြင် အထက်ပါအမျိုးသမီး များ၏ သွေးလေးဖက်နာရောဂါ လက္ခဏာများကို ဟော်မုန်းကုထုံး များဖြင့် လျှော့ချနိုင်မှုမရှိကြောင်း လည်း ဗြိတိန်သုတေသနပညာရှင် များက ဖော်ထုတ်တွေ့ရှိထားသည်။

ဗြိတိန်သုတေသနပညာရှင် များသည် သွေးလေးဖက်နာရောဂါ လူနာအမျိုးသမီး ၇၇၉ ဦးကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ် ကြောင်း သိရသည်။

သွေးလေးဖက်နာရောဂါသည် ကျန်းမာသည့်ဆဲလ်များကို ခုခံအား စနစ်က မှားယွင်းတိုက်ခိုက်ချိန် တွင် ဖြစ်ပွားတတ်ပြီး ၎င်းရောဂါ ဖြစ်ပွားပါက ခြေလက်အဆစ် အမျက်များ ရောင်ရမ်းကိုက်ခဲလာ တတ်ကြောင်း သိရသည်။

လက်ရှိတွင် သွေးလေးဖက်နာ ရောဂါအတွက် ကုထုံးမရှိသေးဘဲ ရောဂါလက္ခဏာများ လျှော့ချနိုင် သည့်ဆေးဝါးများသာ ရှိသေး ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ကွင်းလယ်ကစားသမား ပါဗလိုဗစ် လေ့ကျင့်ခန်း ပြန်ဆင်းနေကြောင်း နည်းပြကွန်ပတီပြောကြား

မြူးနစ် နိုဝင်ဘာ ၂၇

ကွင်းလယ် ကစားသမား ပါဗလိုဗစ်သည် အောက်တိုဘာ ၂၀ ရက်က ကစားခဲ့သည့် စတုဂတ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ညှပ်ရိုးကျိုးဒဏ်ရာ ရရှိခဲ့သောကြောင့် ရက်သတ္တပတ်အနည်းငယ် အနားယူခဲ့ရပြီးနောက် ယခုအခါ အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည် ပါဝင်နိုင်ခဲ့ကြောင်း ဘိုင်ယန်မြူးနစ်အသင်း နည်းပြကွန်ပတီက ထုတ်ဖော်ပြောကြားခဲ့သည်။

ပါဗလိုဗစ်သည် စတုဂတ်အသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် ရှစ်မိနစ်အရောက်၌ ပြိုင်ဘက်ကစားသမားနှင့် ထိခိုက်မိခဲ့ရာ ညှပ်ရိုးကျိုးဒဏ်ရာ ရရှိခဲ့သောကြောင့် အသင်းဖော်ကစားသမား ပေါ်ဟင်ဟာနှင့် လူစားလဲထွက်ခွာခဲ့ရပြီးနောက် ဒဏ်ရာခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပါဗလိုဗစ်၏ ဒဏ်ရာအခြေအနေမှာ တိုးတက်မှုရှိလာသဖြင့် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်နိုင်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်၊ ဒေါ့မွန်အသင်းနှင့် အမှတ်ပေးပွဲစဉ်တို့ကို ပါဝင်နိုင်မည်မဟုတ်ဘဲ လာမည့် ရက်သတ္တပတ်အတွင်း ကစားမည့် ပွဲစဉ်များကိုလည်း လွဲချော်မည်ဖြစ်ကြောင်း နည်းပြကွန်ပနီက ပြောကြားခဲ့သည်။

နည်းပြကွန်ပနီက "ပါဗလိုဗစ်ရဲ့ဒဏ်ရာက ကနဦးမှာ ဇန်နဝါရီလလောက်မှ အသင်းနဲ့ပူးပေါင်းနိုင်မယ်လို့ ထင်ခဲ့တာပါ။ လက်ရှိမှာ ကစားသမားရဲ့ ဒဏ်ရာအခြေအနေ တိုးတက်လာတာကြောင့် အသင်းနဲ့ လေ့ကျင့်ခန်းတောင် ပြန်ဆင်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒဏ်ရာအခြေအနေက ရာနှုန်းပြည့် မကောင်းသေးပေမယ့် သူ့အနေနဲ့ ခရစ္စမတ်ကာလမတိုင်မီ ပြန်ကစားနိုင်မှာပါ"ဟု ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : GGFN

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ကင်မရွန်းနိုင်ငံတွင် အိုနာနာဖောင်ဒေးရှင်းအမည်ဖြင့် လူမှုအကျိုးပြုလုပ်ငန်းများပြုလုပ်နေသည့် မန်ယူအသင်းဂိုးသမား အိုနာနာကို FIFPRO က ယခုနှစ်အတွက် Charity Award ဆုချီးမြှင့်ခဲ့သောကြောင့် အိုနာနာသည် ၂၀၂၀ ပြည့်နှစ် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နောက်ပိုင်း ဒုတိယမြောက်ဆုရရှိသည့် မန်ယူကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။
- ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အင်တာမီလန်အသင်းက လိုက်ပ်ဇစ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိခဲ့ကာ ရှုံးပွဲမရှိဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။
- အဲဗာတန်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းခေါင်းဆောင် နော်ဂတ် တိုက်ရိုက်အနီကတ်ပြသခံရသော်လည်း အယူခံတင်သွင်းမှု အောင်မြင်ခဲ့သောကြောင့် လာမည့်ပွဲစဉ်များကို ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ML

# ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ၂၁ နှစ်အတွင်း အာဆင်နယ်အသင်း အဝေးကွင်း ဂိုးပြတ်နိုင်ပွဲရရှိ



လန်ဒန် နိုဝင်ဘာ ၂၇

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားခဲ့သည့် စပို့တင်းလစ္စဘွန်းအသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် နှစ်ပေါင်း ၂၁ နှစ်အတွင်း အဝေးကွင်းဂိုးပြတ်နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ၂၀၀၃ ခုနှစ်က အင်တာမီလန်အသင်းနှင့်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အဝေးကွင်းမှ ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ချန်ပီယံလိဂ်သမိုင်းတွင် အဝေးကွင်း ဂိုးပြတ်နိုင်ပွဲမရတော့ဘဲ ယခုပွဲစဉ်တွင် စပို့တင်းလစ္စဘွန်းအသင်းကို ငါးဂိုး တစ်ဂိုးဖြင့် ပြန်လည် အနိုင်ရခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အဝေးကွင်း ဂိုးပြတ်နိုင်ပွဲ ပြန်လည်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းက ကိုင်ဟာဗက်၊ မာတင်နယ်လီ၊ ဆာကာတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာခဲ့ရာ ပွဲကစားချိန် ခုနစ်မိနစ်တွင် တင်ဘာ၏ ဖန်တီးမှုမှ မာတင်နယ်လီကလည်းကောင်း၊ ပွဲချိန် ၂၂ မိနစ်တွင် ဆာကာ၏ဖန်တီးမှုမှ ကိုင်ဟာဗက်ကလည်းကောင်း၊ ပွဲချိန် ၄၅ မိနစ်ကျော်တွင် ဒီကလန်ရိုက်၏ ဖန်တီးမှုမှ ဂါဘရီရယ်ကလည်းကောင်း ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် တိုက်စစ်မြှင့်တင်လာသည့် စပို့တင်းလစ္စဘွန်းအသင်းက ပွဲအစ ၄၇ မိနစ်တွင် အင်နာစီယို၏ သွင်းဂိုးဖြင့် ချေပဂိုး ပြန်လည်ရရှိခဲ့သော်လည်း တိုက်စစ်ပိုင်းကျဆင်းသွားခြင်းမရှိသည့် အာဆင်နယ်အသင်းက ဖိအားပေးမှုများ ဆက်တိုက်ပြုလုပ်နိုင်ခဲ့ရာ ပွဲချိန် ၆၅ မိနစ်တွင် ဆာကာက ပင်နယ်တီမှ စတုတ္ထသွင်းဂိုး၊ ပွဲချိန် ၈၃ မိနစ်တွင် ထရိုဆာ့ဒ်က ပဉ္စမမြောက်ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ပွဲတည်း ဂိုးပါဝင်ပတ်သက်မှု ငါးကြိမ်ပြုလုပ်နိုင်သည့် စတုတ္ထမြောက်ကစားသမားအဖြစ် ကေတီလာရီမှတ်တမ်းဝင်

ရောမ နိုဝင်ဘာ ၂၇

အတ္တလန်တာအသင်း လူငယ်ကစားသမား ကေတီလာရီသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အတ္တလန်တာအသင်းက ယန်းဘွိုင်းအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂိုးပါဝင်ပတ်သတ်မှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် တစ်ပွဲတည်း ဂိုးပါဝင်ပတ်သက်မှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့သည့် စတုတ္ထမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အတ္တလန်တာ အသင်းက ယန်းဘွိုင်းအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ကေတီလာရီသည် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်နှင့် ၅၆ မိနစ်တို့တွင် ကိုယ်တိုင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ပွဲချိန် ကိုးမိနစ်နှင့် ပွဲချိန် ၃၉ မိနစ်တို့တွင် သွင်းယူနိုင်ခဲ့သည့် ရီတီဂူအီ၏ သွင်းဂိုး၊ ပွဲချိန် ၃၂ မိနစ်တွင် သွင်းယူခဲ့သည့် ကိုလာဆီနက်၏သွင်းဂိုး စသည့်သွင်းဂိုး သုံးဂိုးကိုလည်း ဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် တစ်ပွဲတည်း ဂိုးပါဝင်ပတ်သက်မှု ငါးကြိမ်ပြုလုပ်နိုင်သည့် စတုတ္ထမြောက် ကစားသမား အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် တစ်ပွဲတည်း ဂိုးပါဝင်ပတ်သက်မှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့သည့် ကစားသမားများအဖြစ် ကေတီလာရီမတိုင်မီက ဘာစီလိုနာအသင်း ကစားသမားဟောင်း နေမာ၊ ဘိုင်ယန်မြူးနစ်အသင်း ကစားသမားဟောင်း ဂါနာဘရီနှင့် မန်စီးတီးအသင်း ကစားသမား ဟာလန်းတို့က ရပ်တည်လျက်ရှိနေပြီး ကေတီလာရီက စတုတ္ထမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် တတိယမြောက်ကစားသမားအဖြစ် လီဝမ်ဒေါစကီးမှတ်တမ်းဝင်

မက်ဒရစ် နိုဝင်ဘာ ၂၇

ဘာစီလိုနာအသင်း ဝါရင့်တိုက်စစ်ကစားသမား လီဝမ်ဒေါစကီးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနှင့် ဘရက်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် တတိယမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းက ဘရက်အသင်းကို အိမ်ကွင်းတွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် လီဝမ်ဒေါစကီးက ပွဲချိန် ၁၀ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ပထမသွင်းဂိုးနှင့် ပွဲချိန် ၉၂ မိနစ်တွင် ဒုတိယသွင်းဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မှတ်တမ်းကောင်းတစ်ရပ် ရရှိခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါစကီးသည် ဘရက်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ပထမသွင်းဂိုး သွင်းယူနိုင်ခဲ့သည့် အချိန်၌ ချန်ပီယံလိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယသွင်းဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်သွင်းဂိုး ၁၀၁ ဂိုးထိ ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



လက်ရှိ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ နှင့်အထက် သွင်းယူနိုင်ခဲ့သည့် ကစားသမားအဖြစ် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း စီရော်နယ်ဒိုက သွင်းဂိုး ၁၄၀၊ ဘာစီလိုနာအသင်း ကစားသမားဟောင်း မက်ဆီက ၁၂၉ ဂိုး သွင်းယူနိုင်ခဲ့ကြပြီး ယခုအခါ လီဝမ်ဒေါစကီးက သွင်းဂိုး ၁၀၀ နှင့်အထက် သွင်းယူနိုင်ခဲ့သည့် တတိယမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ကချင်ယူနိုက်တက်အသင်း၊ Glory Goal အသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲရရှိ




**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ကချင်ယူနိုက်တက်အသင်း၊ Glory Goal အသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ စလင်းအားကစားကွင်းတွင် ကချင်ယူနိုက်တက်အသင်းနှင့် ရောဝတီရိန်းဂျားအသင်းတို့ ကစားခဲ့ရာ ကချင်ယူနိုက်တက် အသင်းက ခုနစ်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကချင်ယူနိုက်တက် အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်၊ ၂၆ မိနစ်နှင့် ၄၅ မိနစ်တို့တွင် စိုင်းအောင်၊ ပွဲချိန် ၃၇ မိနစ်တွင် S Gun Ting၊ ပွဲချိန် ၆၄ မိနစ်တွင် Moubarak၊ ပွဲချိန် ၈၇ မိနစ်တွင် S Gun Lum၊ ပွဲချိန် မိနစ် ၉၀ တွင် သန်းဇော်ဟိန်းတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရောဝတီရိန်းဂျားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၂ မိနစ်တွင် ကျော်ထက်နှင့် ပွဲချိန် ၅၈ မိနစ်တွင် ဇာနည်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ ပဒုမ္မာအားကစားကွင်းတွင် Glory Goal အသင်းနှင့် ငွေကြယ်ပွင့်လေးများ အသင်းတို့ ကစားခဲ့ရာ Glory Goal အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Glory Goal အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၇မိနစ်တွင် စိုင်းကောင်းခန့်၊ ပွဲချိန် ၅၆ မိနစ်တွင် နိုင်လင်းဖြိုးနှင့် ပွဲချိန် ၈၂ မိနစ်တွင် ဝင်းဌေးတို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ တက္ကသိုလ်အားကစားကွင်းတွင် ချင်းလန်းအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ချင်းလန်းအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချင်းလန်းအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်တွင် ဟိန်းထက်ဖြိုး၊ ပွဲချိန် ၄၅ မိနစ်နှင့် ၈၅ မိနစ်တို့တွင် လှဖုန်းဦးတို့က သွင်းယူပေးနိုင်ခဲ့ကြကြောင်း သိရသည်။ **STA**

# Hero World Challenge ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း တိုက်ဂါးဝုဒ်ထုတ်ပြန်

**ဝါရှင်တန် နိုဝင်ဘာ ၂၇**

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် ဒီဇင်ဘာ ၅ ရက်တွင် ဘဟားမားပြည်နယ်၌ ကျင်းပသွားမည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တိုက်ဂါးဝုဒ်သည် ပြီးခဲ့သည့် စက်တင်ဘာလက နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားသူဖြစ်ပြီး ဒဏ်ရာမှ ပြန်လည်သက်သာလာပြီ ဖြစ်သော်လည်း ပြိုင်ပွဲဝင်ရန် အဆင်သင့်မဖြစ်သေးကြောင်း ပြောကြားခဲ့သည်။

Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲသည် တိုက်ဂါးဝုဒ်က ဦးဆောင်ကျင်းပပေးသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး နာမည်ကြီးဂေါက်သီးရိုက် ကစားသမားတိုင်း ပါဝင်ယှဉ်ပြိုင်ကြသလို အဆိုပါဆုကိုလည်း တန်ဖိုးထားကြသည်။

နာမည်ကြီး ဂေါက်သီးရိုက်ကစားသမား ဦးရေ ၂၀ ဖြင့် ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ပြီး တိုက်ဂါးဝုဒ်အနေဖြင့် ကျန်းမာရေးအခြေအနေကြောင့် နောက်ဆုံးသုံးနှစ်အတွင်း တစ်ကြိမ်သာ Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့သည်။

တိုက်ဂါးဝုဒ်အနေဖြင့် တိုက်ဂါးဝုဒ်ဖောင်ဒေးရှင်းမှ ကျင်းပပေးသောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်သည့် အခြေအနေအပေါ် စိတ်ပျက်မိကြောင်းလည်း ပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်က **"ဒီနှစ် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှာတော့ ကျွန်တော်ပါဝင်ယှဉ်ပြိုင်နိုင်မှာ မဟုတ်တော့ဘူး။ စိတ်ပျက်ဝမ်းနည်းမိပါတယ်။ ပါဝင်ယှဉ်ပြိုင်နိုင်မှာ မဟုတ်တော့ပေမယ့်လဲ မိတ်ဆွေတွေနဲ့ Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ရက်သတ္တပတ်လုံး အတူရှိနေမယ်။ ပြိုင်ပွဲဝင်တွေနဲ့အတူ အချိန်ကုန်လွန် သွားစေမှာလဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။**

**Ref : RT**

**Trs : AZL**



# တိုက်စစ်မှူး နဝမ်နာရီကို ကာလရှည်သက်တမ်းတိုးရန် အာဆင်နယ်အသင်း စတင်ဆွေးနွေးမှုပြုလုပ်

**လန်ဒန် နိုဝင်ဘာ ၂၇**

အာဆင်နယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြကစားနေသည့် အသက်၁၇ နှစ်ရှိ တိုက်စစ်မှူး နဝမ်နာရီကို ကာလရှည်သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ပြီး စတင်ဆွေးနွေးမှုပြုလုပ်ခဲ့သည်။

လူငယ်တိုက်စစ်မှူး သည် အာဆင်နယ်အသင်းနှင့် အတူ ပြိုင်ပွဲစုံ ကိုးပွဲပါဝင်ကစားခဲ့ရာတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ သွင်းဂိုး တစ်ဂိုး၊ ကွာရာဘောင်းဖလားပြိုင်ပွဲတွင် သွင်းဂိုး သုံးဂိုး သွင်းယူနိုင်ခဲ့သဖြင့် သွင်းဂိုး လေးဂိုးထိ သွင်းယူ ခြေစွမ်းပြသနိုင်ခဲ့သည့် အပြင် အသင်းတွင် ဒုတိယမြောက် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လက်ရှိတွင် နဝမ်နာရီသည် ၂၀၂၆ ခုနှစ်မှ အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည် ဖြစ်သော်လည်း ကစားသမား၏ ခြေစွမ်းပိုင်းကြောင့် ထိပ်သီးကလပ်များ၏ စိတ်ဝင်စားမှုမြင့်တက်လာသဖြင့် အသင်းတာဝန်ရှိသူများက နဝမ်နာရီကို ကာလရှည် ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့ပြီး သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာ ကနဦး သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လူငယ်ကစားသမား နဝမ်နာရီသည် အာဆင်နယ်အသင်းတွင် အဓိကပြိုင်ပွဲများ၌ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသော်လည်း နော်တင်ဟမ်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် လူစားဝင်ကစားခဲ့ရာအသင်းအတွက်သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် နည်းပြအာတီတာ၏ယုံကြည်မှုကို ရရှိခဲ့ပြီး လာမည့်ပွဲစဉ်များဖြစ်သည့် စပါးအသင်း၊ လီဗာပူးအသင်း၊ နယူးကာဆယ်အသင်းတို့နှင့်ပွဲစဉ်များတွင် ပါဝင်ကစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဒူဘွိုက်စ်အား စိန်ခေါ်ထိုးသတ်မည်ဖြစ်ကြောင်း ဂျိုးဆပ်ပါကားပြောကြား

**ဝယ်လင်တန် နိုဝင်ဘာ ၂၇**

WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ယာယီချန်ပီယံ နယူးဇီလန်လက်ဝှေ့သမား ဂျိုးဆပ်ပါကားသည် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ ဗြိတိန်လက်ဝှေ့သမား ဒူဘွိုက်စ်နှင့် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဆုအတွက် စိန်ခေါ်ထိုးသတ်သွားမည် ဖြစ်ကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျိုးဆပ်ပါကားသည် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံအားဆွတ်ခူးခဲ့ပြီး ရှစ်နှစ်အကြာတွင် ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အား ပြန်လည်ရရှိရေးအတွက် ပစ်မှတ်ထားနေကြောင်းလည်း ပြောကြားခဲ့သည်။

သို့သော်လည်း ဒူဘွိုက်စ်သည် စွမ်းဆောင်ရည်များ သိသိသာသာတိုးတက်လာသလို အန်တိုနီဂျိုရှာကိုလည်း အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဖြစ်လာခဲ့သူဖြစ်သည်။

အသက်အရွယ်အားဖြင့်လည်း ဂျိုးဆပ်ပါကားသည် ၃၂ နှစ်အရွယ်ရှိနေပြီဖြစ်ပြီး ဒူဘွိုက်စ်မှာ အသက် ၂၇ နှစ်အရွယ်သာ ရှိသေးသည့်အတွက် အသက်အရွယ်ကွာခြားချက်ရှိနေသလို ကြံ့ခိုင်မှုအပိုင်းနှင့် လျင်မြန်မှုအပိုင်းတွင် ဒူဘွိုက်စ်က သာလွန်နေသည်။

သို့သော်လည်း ဂျိုးဆပ်ပါကားက အတွေ့အကြုံရှိသူတစ်ဦးဖြစ်ပြီး လက်ရှိတွင်လည်း အိုင်းရစ်လူမျိုးနည်းပြ အန်ဒီလီဖြင့် အပြင်းအထန်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ဂျိုးဆပ်ပါကား အနေဖြင့် စိန်ခေါ်ပွဲအတွက် ပြင်ဆင်နေပြီဖြစ်သော်လည်း ဒူဘွိုက်စ်နှင့်





ဆွေးနွေးမှုများ ပြုလုပ်သွားရန်ကျန်ရှိနေသေးသည့်အတွက် ဒီဇင်ဘာ ၂၂ ရက်တွင် ထိုးသတ်သွားမည့် အူဆက်ခ်နှင့် တိုင်ဆန်ဖျူရီတို့၏ ပွဲစဉ်ပြီးမှသာလျှင် စိန်ခေါ်ပွဲ ဖြစ်လာနိုင်သည်။

ဒူဘွိုက်စ်သည် အန်တိုနီဂျိုရှာအား မကျေပွဲထိုးသတ်ခွင့်ပြုထားသော်လည်း အန်တိုနီဂျိုရှာက မကျေပွဲထိုးသတ်သွားရန် ဆန္ဒမရှိသည့် အတွက်ကြောင့်လည်း ဂျိုးဆပ်ပါကားက ဒူဘွိုက်စ်နှင့် ထိုးသတ်သွားရန် ပြင်ဆင်လာခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်းတွင်ပထမဆုံးအကြိမ်အဖြစ် VAR စနစ်ကို အသုံးပြုသွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က လာမည့် AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် ဗီဒီယိုအကူစနစ်(VAR)ကို စတင်အသုံးပြုသွားမည် ဖြစ်သည့်အတွက် အုပ်စုပွဲစဉ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံရှိ သုဝဏ္ဏအားကစားကွင်းတွင် ဗီဒီယိုအကူစနစ်(VAR)ကို ပထမဆုံး စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်များအရ AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲကို အိမ်ကွင်း၊အဝေးကွင်းစနစ်ဖြင့် ကျင်းပမည် ဖြစ်သည့်အတွက် ပြိုင်ပွဲဝင် အသင်းများအနေဖြင့် အုပ်စုပွဲစဉ် လေးပွဲတွင် နှစ်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ဗီဒီယိုအကူစနစ်(VAR)အတွက် အုပ်စုပွဲစဉ်များတွင် ကင်မရာ ၁၀ လုံးနှင့် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များမှစတင်ပြီး ကင်မရာ ၁၂ လုံး အသုံးပြုသွားမည်ဖြစ်ပြီး AFF Mitsubishi Electric Cup 2024ပြိုင်ပွဲတွင် မသေချာသည့်ဖြစ်စဉ်များအတွက် ပရော်ဖက်ရှင်နယ်ပီသစွာဖြင့် ဗီဒီယိုအကူစနစ် (VAR)ကိုကျင့်သုံးသွားမည်ဟု ထုတ်ပြန်ခဲ့သည်။

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် အိမ်ကွင်း သုဝဏ္ဏ အားကစားကွင်းတွင် ဒီဇင်ဘာ ၉ ရက်၌ အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းတို့ကို လက်ခံကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ **STA**

# သပြေပန်းနှင့် လက်ကမ်းလို့ကြို

**လင်းလက်**

**❖ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့် စကားနှင့်အညီ အနာဂတ် မြန်မာနိုင်ငံတော်ကို ယခုထက်ပို၍ လှပဝေဆာအောင် စွမ်းဆောင်မည့် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုပါ ထမ်းဆောင်နေကြသည်ကို တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇) ထိ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များကလည်း အိုးစားဖက်များနှင့်အတူ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိနေသည်ကို တွေ့ရသည်။ ❖**

**အမှန်ကို သိဖို့လို**

နိုင်ငံတစ်နိုင်ငံ အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရာတွင် ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားက အဓိကကျလှသည်။ မြန်မာ့သမိုင်းကို ပြန်လည်လေ့လာကြည့်မည်ဆိုပါကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာအားကောင်းခဲ့သည့် အချိန်ကာလများတွင် တိုင်းတစ်ပါးတို့၏ ကျူးကျော်ရန်စမှုမှန်သမျှကို တွန်းလှန်နိုင်ခဲ့ကြသည်။ “ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်” တို့သည် ကမ္ဘာ့အလယ်တွင် ဂုဏ်ထည်ဝါခဲ့ပြီး ကမ္ဘာမှာ မြန်မာဟေ့ ဟု ဝံ့ကြွားနိုင်အောင်ပင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြခဲ့သည်။

ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်က အေးအတူပူအမျှ ဥမကွဲ သိုက်မပျက် အတူတကွ လက်တွဲ၍ အေးချမ်းသာယာစွာ လက်တွဲနေထိုင်ခဲ့ကြသည့် နိုင်ငံကို ပြပါဆိုလျှင် အရှေ့တောင်အာရှမှာ သာယာလှပပြီး ရွှေရောင်လွှမ်းသည့်မြေဟု တင်စားရသည့်မြန်မာနိုင်ငံကိုသာ ပြရမည်ဖြစ်သည်။

သူတစ်လူငါတစ်မင်းနှင့် အချင်းချင်းစည်းလုံးညီညွတ်မှုအားနည်းခဲ့သည့်အချိန်တွင် အင်္ဂလိပ်တို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ၍ ကျွန်သပေါက်ဘဝသို့ သွတ်သွင်းခဲ့သည်။ ကုပ်သွေးစုပ် အမြတ်ထုတ်ကာ မြန်မာ့မြေနှင့် မြန်မာလူမျိုးတို့ကို ကမ္ဘာ့မြေပေါ်က ပျောက်ကွယ်သွားစေရန် မြေပေါ်မြေအောက်သယံဇာတများကို စိတ်ကြိုက်ထုတ်ယူသုံးစွဲကြသည်။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်ချုပ်စဉ်ကာလ သွေးခွဲအုပ်ချုပ်သည့်စနစ်၊ တစ်နည်းအားဖြင့် တိုင်းရင်းသားအချင်းချင်းကြား ရှိရင်းစွဲစည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်များကို ပျောက်ဆုံးသွားအောင် အိမ်ကြက်ချင်းအိုးမဲသုတ်သည့်နည်းဖြင့် အုပ်ချုပ်ခဲ့သည်။ “ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း” အမည်နာမ မည်မျှပင် ကွဲပြားစေကာမူ မြန်မာဟူသည့် သွေးများက နှလုံးသားထဲတွင် စီးဝင်နေသည်ကို အင်္ဂလိပ်တို့က မြင်ကြသည်။ ထိုသွေးသားထဲတွင် စီးဝင်နေသော မျိုးချစ်စိတ်တို့ နိုးကြားလာပြီး ၎င်းတို့ကို ပြန်လည်တွန်းလှန်လာမည်ကို စိုးရိမ်ကြသည်။ ရှိရင်းစွဲတွဲလက်များကို ဖျက်ဆီးပစ်နိုင်ရေးနည်းလမ်းပေါင်းစုံသုံးကာ အထိရောက်ဆုံးနည်းလမ်းဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြိုကွဲသွားစေရန် ကြိုးစားကြသည်။

**လူငယ်မျိုးဆက်သစ်များ**

ထင်းစည်းကဲ့သို့ စည်းလုံးညီညွတ်မှုမရှိဘဲ အမျိုးသားရေးစိတ်ဓာတ်များအားနည်းခဲ့၍ သူ့ကျွန်ဘဝတွင် တောင်တန်းနှင့် ပြည်မတန်းတူအခွင့်အရေးကလည်း မရသဖြင့် တိုင်းရင်းသားများကြား အင်္ဂလိပ်တို့၏ သွေးခွဲစကားကို နားယောင်လာမိကြသည်။ ထိုအချက်ကိုသိသည့် အင်္ဂလိပ်တို့က ကမ္ဘာမြေပေါ်တွင် ကိုလိုနီနယ်ချဲ့တို့၏ နေစရာနေရာမရှိတော့သည့်အချိန်၊ မြန်မာ့မြေပေါ်မှ ထွက်ခွာ၍ လွတ်လပ်ရေးပေးရမည့်အချိန်တွင် တောင်တန်း၊ ပြည်မဆိုသည့်စကားကို မစားရသည့် အမဲ သဲနှင့်ပက်သကဲ့သို့ လုပ်ကြံဇာတ်ခင်းကာ အချင်းချင်းသွေးခွဲခဲ့ကြပြန်သည်။ လမ်းပန်းဆက်သွယ်ရေး အပါအဝင် အခက်အခဲပေါင်းစုံတို့ကြောင့် အချင်းချင်းကူးလူးဆက်ဆံရေးနှေးကွေးနေသည့် အချိန်၊ အင်္ဂလိပ်တို့၏စနစ်ဆိုးကြောင့် တန်းတူအခွင့်အရေးမရသည့် တိုင်းရင်းသားတို့က သွေးခွဲစကားများကို အမှန်ဟု ထင်ယောင်မိလာကြသည်။

ရရာလက်နက်ကိုစွဲကိုင်၍ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်လိုကြသည့် မြန်မာတို့၏ရှေ့တွင် သေသည်ထိ လွတ်လပ်ရေး အတွက် တိုက်ပွဲဝင်မည့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော လူငယ်များက မားမားမတ်မတ် ရပ်တည်လာခဲ့ကြသည်။ ဉာဏ်ပညာနှင့် စွမ်းဆောင်ရည်တွင် အရည်အချင်းများရှိပြီး မြန်မာလူမျိုးတို့၏ရှေ့တွင် နိုင်ငံအတွက် အသက်ကို ပေးလှူထားပြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မျိုးဆက်သစ်လူငယ်များ ဦးဆောင်လမ်းပြလိုက်သည့်အချိန်တွင် အင်္ဂလိပ်တို့ အလိုကျ မဖြစ်တော့ပေ။ ပင်လုံဒေသမှ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပြသသည့် ပင်လုံစာချုပ်ကို တိုင်းရင်းသားအားလုံး လက်တွဲကာ လွတ်လပ်ရေးအတွက် ချုပ်ဆိုပြလိုက်ပြန်သည်။ အိန္ဒိယနိုင်ငံကို လွတ်လပ်ရေးပေးသည့်အချိန်တွင် နိုင်ငံနှစ်ခြမ်းကွဲအောင် စွမ်းဆောင်နိုင်ခဲ့သည့် အင်္ဂလိပ်တို့က သွေးသားထဲတွင် စီးဆင်းနေသည့် မြန်မာတို့၏ မျိုးချစ်စိတ်နှင့် စည်းလုံးညီညွတ်မှုတို့ကို အရှုံးပေးကာ လွတ်လပ်ရေးပေးခဲ့ရသည်။

**တို့တွေရဲ့တာဝန်**

လွတ်လပ်ရေးရခဲ့သော်လည်း အင်္ဂလိပ်တို့၏ သွေးခွဲစကားများကြောင့် တိုင်းရင်းသားအချင်းချင်းကြား စည်းလုံးညီညွတ်မှုများ လျော့နည်းမှုနှင့် သွေးကွဲမှုများအနည်းငယ်ရှိခဲ့သည်။ သွေးခွဲစကားကို နားယောင်သည့်လူတစ်စုကြောင့်ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မျိုးချစ်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရပြီး တိုင်းရင်းသားလက်နက်ကိုင်များလည်း ပေါ်ထွက်လာခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို အဓိကတာဝန်ယူရပြီး လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနှင့် နိုင်ငံတော်ပြန်လည်တည်ဆောက်သည့်ကာလတို့တွင် ပြည်သူတို့နှင့်အတူ အစဉ်ထာဝရ လက်တွဲခဲ့သည့် တပ်မတော်၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်များကလည်း ငြိမ်းချမ်းရေးလမ်းပေါ်သို့ ပြည်သူနှင့်အတူ လျှောက်လှမ်းနေပြီဖြစ်သည်။ သွေးခွဲစကားများကြောင့် သဘောထားကွဲလွဲပြီး လက်နက်စွဲကိုင်ကာ အမှောင်လမ်းသို့ လျှောက်လှမ်းနေကြသည့် တိုင်းရင်းသားလက်နက်ကိုင်တို့ကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ပြည်သူနှင့်အတူ လျှောက်လှမ်းနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိသည်။

ခေတ်အဆက်ဆက်က ကြိုးစားတည်ဆောက်ခဲ့သည့် လွတ်လပ်ရေးနှင့်အတူ စည်းလုံးညီညွတ်မှုစွမ်းအားများကို ဆက်လက်ထိန်းသိမ်းသွားရမည်မှာ မိမိတို့ မျိုးဆက်သစ်လူငယ်များ၏ တာဝန်ပင် ဖြစ်သည်။ လွတ်လပ်ရေး၏ သဘောသဘာဝသည် ဆုံးရှုံးသွားရသည့်အချိန်တွင် ပြန်လည်ရယူရေးကြိုးစားရန် မလွယ်ကူသလိုပင် ထိုလွတ်လပ်ရေးကို ထာဝစဉ်တည်တံ့နေရန် ထိန်းသိမ်းစောင့်ရှောက်ရသည်မှာ ပို၍ မလွယ်ကူပေ။ ဒီတာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ထားသည့် တပ်မတော်နှင့် မြန်မာလူငယ် မျိုးဆက်သစ်များက အစဉ်လက်တွဲ ထိန်းသိမ်းနေကြသည်မှာလည်း အားတက်ဖွယ်ပင် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသို့ ကျူးကျော်စစ်ဆင်နွှဲကာ ကိုလိုနီနယ်ချဲ့သည့် ခေတ်မဟုတ်တော့သော်လည်း နည်းလမ်းပေါင်းစုံဖြင့် ကိုလိုနီပြုရန် ကြိုးစားနေကြသည့်အချိန်တွင် လူငယ်တို့၏ စွမ်းအားနှင့် တွဲလက်များကို ဖျက်ပစ်နိုင်ရန် ကြိုးစားနေကြသူများကလည်း ဒုနဲ့ ဒေးပင်။

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းကာ လူငယ်ထုစွမ်းအားကို နိုင်ငံတော်အတွက် တန်ဖိုးရှိစွာ အသုံးပြုလိုက်သည့်အခါတွင် ကမ္ဘာ့နိုင်ငံကြီးများကပင် သြချရလောက်အောင် အောင်မြင်နေပြီဖြစ်သည်။ နိုင်ငံတိုင်းတွင် စစ်မှုထမ်းဥပဒေပြဋ္ဌာန်း၍ စစ်မှုမထမ်းမနေရစနစ်ဖြင့် ကာကွယ်ရေးစွမ်းအားဖြည့်တင်းသည့်အခါတွင် စစ်မှုထမ်းရမည့်သူများကို လိုက်လံစုဆောင်းရသည်။ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းဖွင့်လှစ်ရန် စီစဉ်နေသည့်အချိန်ကတည်းကပင် ကိုယ်တိုင်စာရင်းပေးသွင်း၍ သင်တန်းတက်ရောက်ရန် အသင့်ဖြစ်နေကြသည့် မြန်မာလူငယ်တို့၏ စိတ်ဓာတ်ကား ချီးမွမ်းခန်းဖွင့်၍ပင် ကုန်မည်မထင်ပေ။

**လုံခြုံရေးအရေးကြီးသည်**

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် မဟာအင်အားကြီးနိုင်ငံများက ကမ္ဘာ့နိုင်ငံရေးချိန်ခွင်လျှာကို ထိန်းညှိရန် ကြိုးစားနေကြသည်။ ကိုယ်တိုင်နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အားများ တောင့်တင်းခိုင်မာအောင် ကြိုးစားအားထုတ်နေကြသကဲ့သို့ ပထဝီနိုင်ငံရေးအရ အချက်အချာကျသည့် နေရာများတွင် စစ်စခန်းများတည်ဆောက်၍ ထိုနေရာများကို ၎င်းတို့၏ လက်ဝေခံဘဝရောက်အောင် ကြိုးစားကြသည်။ အာရှဒေသမှနေ၍ ကမ္ဘာကြီးကို စွဲကိုင်လှုပ်နိုင်မည့် ပထဝီအနေအထားရှိထားသည့် မြန်မာနိုင်ငံကို လိုသလိုပုံဖော်၍ မရနိုင်သည့်အခါတွင် နည်းလမ်းပေါင်းစုံသုံး၍ ဒုက္ခပေးကြသည်။ ထိုအချက်ကို လူငယ်မျိုးဆက်သစ်များက နားလည်သိရှိထားရန် လိုအပ်သည်။ အိမ်နီးနားချင်းများ၏ မေတ္တာဖြင့်ပေးသော အကြံဉာဏ်များကို လက်သင့်ခံသင့်သော်လည်း အကြောင်းမဲ့ အိမ်တွင်းရေးဝင်ရောက်စွက်ဖက်မှုများကို တွန်းလှန်ရမည်ဖြစ်သည်။ မိမိ၏ အိမ်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းသည် မိမိအိမ်ခြံဝင်း၏လုံခြုံရေးကို ထိပါးခြင်းသာဖြစ်သည်။

“လုံခြုံရေး” ဆိုသော ဝေါဟာရကို လေ့လာကြည့်မိသည့်အခါတွင် လက်တင်ဘာသာစကား Secures မှ ဆင်းသက်လာခြင်းဖြစ်ပြီး “နိုင်ငံတစ်နိုင်ငံအနေဖြင့် ပိုင်နက်နယ်မြေမဆုံးရှုံးရေးအပါအဝင် ပိုင်နက်နယ်မြေအတွင်းရှိ ပြည်သူများ၏ဘဝလုံခြုံရေး၊ လူမှုစီးပွားဘဝတိုးတက်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သော အစီအမံများကို ချမှတ်ခြင်း” တို့ထိ ပါဝင်သည်။ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိနိုင်ငံကို ပြည်ပရန်စွယ်ဟူသမျှ ကာကွယ်နိုင်ကြစေရန်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆောင်ရွက်ရန်မှာလည်း မိမိတို့ လူငယ်မျိုးဆက်သစ်များ၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။ ထိုတာဝန်များကိုလည်း မျိုးဆက်သစ်လူငယ်များက ပြည်သူ့စစ်မှုထမ်းသင်တန်းများတွင် ပါဝင်တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးပညာရပ်များကို အားတက်သရောသင်ကြားပြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြသည်မှာ အားရဖွယ်ပင်ဖြစ်သည်။

**သပြေပန်းနဲ့ ကြိုကြစို့**

နိုင်ငံတစ်နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲရေးတွင် သဘာဝသယံဇာတများအပါအဝင် ရှိရင်းစွဲသယံဇာတများကို စနစ်တကျအသုံးပြုနိုင်ရေးက အရေးကြီးသည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကုန်ခမ်းနိုင်ခြင်းမရှိသော လူသားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရေးနှင့် စည်းလုံးညီညွတ်ရေးပင် ဖြစ်သည်။ သဘာဝသယံဇာတအရင်းအမြစ်များအပါအဝင် လူသားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့် မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်ခြင်းသည် မျိုးဆက်သစ်လူငယ်များ၏ စွမ်းပကားကို အကျိုးရှိရှိ အသုံးချကာ နိုင်ငံတော်၏ အနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်သော လုပ်ရပ်တစ်ခုပင်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများက တစ်ဆင့် လေ့ကျင့်သင်ကြားပေးသော ပညာရပ်များသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတို့အပြင် “စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး” စသည့် ပညာရပ်များပါ ပါဝင်သဖြင့် ထိုလူငယ်များသည် ပညာဉာဏ်ပြည့်ဝ၍ ပြည်သူတို့က အားကိုးအားထားပြုရသည့် လူငယ်များဖြစ်လာမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်သည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့် စကားနှင့်အညီ အနာဂတ် မြန်မာနိုင်ငံတော်ကို ယခုထက်ပို၍ လှပဝေဆာအောင် စွမ်းဆောင်မည့် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုပါ ထမ်းဆောင်နေကြသည်ကို တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇) ထိ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းဆင်းပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များကလည်း အိုးစားဖက်များနှင့်အတူ နိုင်ငံ့တာဝန် ထမ်းဆောင်လျက်ရှိနေသည်ကို တွေ့ရသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းပြီးမြောက်၍ နိုင်ငံ့တာဝန်ကျေပွန်နေကြသူများ၊ တပ်မတော်နှင့် ပြည်သူတို့ အစဉ်ထာဝရ လက်တွဲ၍ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများကို ဆတက်ထမ်းပိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့ ပြည်သူတစ်ရပ်လုံးကလည်း ပြည်သူ့စစ်မှုထမ်းသင်တန်းသို့ ပါဝင်တက်ရောက်၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ကြမည့် လူငယ်မျိုးဆက်သစ်များကို သပြေပန်းနှင့် လက်ကမ်းကြိုနေကြရန်သာဖြစ်ပါတော့သည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

# Brown Jackets ပရလောကခရီးရှည်တစ်ခု ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲပြုလုပ်



ရန်ကုန် နိုဝင်ဘာ ၂၇

Twenty Three Film Produc-tion က ရိုက်ကူးထုတ်လုပ်မည့် Brown Jackets ပရလောကခရီး ရှည်တစ်ခု ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အိမ်တော်ရာစေတီတော်၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြ၍ သိရသည်။

Brown Jackets ပရလောက ခရီးရှည်တစ်ခု ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အာကာစိုးဦး က ရေးသားပြီး အာကာစိုးဦးနှင့် ရွှန်းမိမိထက်တို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ အာကာစိုးဦးက Twenty Three Film Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"လီလီကတော့ ဒီဇာတ်လမ်းတွဲမှာ သော်တာ ကာရိုက်တာနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီကား ပုံစံလေးက Brown Jackets ဆိုတဲ့ အတိုင်း ပရလောကဇာတ်လမ်း လေးဆိုတော့ သရဲဖမ်းတဲ့အဖွဲ့ အကြောင်းပေါ့။ လီလီကတော့ နှစ်ဘာဝ ဇာတ်လမ်းစကတည်းက သေချာ ပြင်ဆင်ထားပါတယ်။ လီလီရဲ့ မတူညီတဲ့ကာရိုက်တာ မြင်တွေ့ရမှာပါ။ ဒီဇာတ်လမ်းလေးက ပရိသတ်တွေ မမြင်ရတာ ကြာပြီဖြစ်တဲ့ သရုပ်ဆောင်တွေကိုပါ ခေါ်ယူပုံဖော်ထားပါတယ်။ ဇာတ်လမ်းက ဆန်းတယ်။ ထွက်လာရင် အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြသည်။

Brown Jackets ပရလောက ခရီးရှည်တစ်ခု ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းထွန်း၊ မင်းဘုန်းမြတ်၊ သီဟတင်အောင်စိုး၊ မင်းသူ၊ ဖွဲ့နိုင်ဝင်း၊ ဘုန်းလျှံ၊ ညီကျော်၊ အေးမင်းဟိန်း၊ လီလီကျော်ခိုင်၊ နေခြည်ရွှန်းလဲ့၊ နေနွယ်ဇင်လင်း၊ ဆုထက်ကုဋေ၊ မိုခမ်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Amazon MGM ၏ Verity ၌ မင်းသမီး အင်နီဟေသာဝေး ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၂၇

Amazon MGM စတူဒီယို၏ Verity အမည်ရှိ ရုပ်ရှင်ဇာတ်ကား သစ်တွင် မင်းသမီး အင်နီဟေသာဝေး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

Verity ဇာတ်ကားသည် အမျိုးသမီးတစ်ဦး၏ ရေးလက်စစာမူများကို ဆက်လက်ရေးသားပေးရမည့် စာရေးဆရာတစ်ဦး ရင်ဆိုင်ရမည့်အဖြစ်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် လျှို့ဝှက်သည်းဖို ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ ကောလင်းဟိုးဗား၏ Verity အမည်ရှိ လျှို့ဝှက်သည်းဖိုဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။


Verity ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နစ်အန်တိုစကာက ရေးသားမည်ဖြစ်ပြီး ဒါရိုက်တာ မိုက်ကယ် ရှိုဝေါ်တာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ ရှိုဝေါ်တာနှင့် မင်းသမီး အင်နီဟေသာဝေးတို့သည် Amazon MGM ၏ The Idea of You ဇာတ်ကားအတွက် လက်တွဲခဲ့ဖူးသူများ ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Verity ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# စွယ်တော်ရွက်ပုံပြင် ရုပ်သံဇာတ်လမ်းတွဲအသစ် စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၂၇

Fortune-tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသနေသည့် စွယ်တော်ရွက်ပုံပြင် ရုပ်သံဇာတ်လမ်းတွဲ အသစ် စာနယ်ဇင်း မိတ်ဆက်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်သာယာစင်တာ Ran-goon Cineplex ၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ထူးအောင်က ပြောပြ၍ သိရသည်။

စွယ်တော်ရွက်ပုံပြင် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို နွေဦးကျော်က ရေးသားထားပြီး ဒါရိုက်တာ သားညီက မာလာမြိုင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းလေးက ဒရာမာကားလားဆိုရင် မဟုတ်ပါဘူး၊ ဟာသကားလားလို့ မေးရင်လဲ မဟုတ်ပါဘူး။ ပရိသတ်တွေအနေနဲ့ ဒီဇာတ်လမ်းလေးကို ကြည့်ရင်း ငိုလိုငိုရမယ်။ ပျော်လဲ ပျော်ရမယ်။ ရယ်လဲ ရယ်ရမှာပါ။ သေချာတာတစ်ခုကတော့ ဒီဇာတ်ကားလေးကိုကြည့်ပြီး ပရိသတ် အကြိုက်တွေ့မှာပါ။ လက်ရှိအပိုင်း ၂ ထိ ထုတ်လွှင့်ချိန်မှာလဲ ပရိသတ်တွေကြိုက်လို့ ဝီတိဖြစ်ရပါတယ်"ဟု သရုပ်ဆောင် ထူးအောင်က ပြောပြသည်။



စွယ်တော်ရွက်ပုံပြင် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထူးအောင်၊ ရှိန်း၊ ဆုထက်၊ အနှစ်၊ အေးသန္တာမိုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထား ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို နိုဝင်ဘာ ၂၃ ရက်မှစ၍ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၈ နာရီ မိနစ် ၃၀ တွင် Fortune-tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးလျက် ရှိနေပြီဖြစ်ကြောင်း သိရသည်။

ASH

# Marty Supreme ဇာတ်ကား၌ မင်းသား စပင်ဆာဂရာနီဆီ ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၂၇

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Marty Supreme ဇာတ်ကားသစ်၌ မင်းသား စပင်ဆာဂရာနီဆီလည်း ပါဝင်လာကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

Marty Supreme ဇာတ်ကား တွင် မင်းသား စပင်ဆာဂရာနီဆီသည် မင်းသား တင်မိုသီချာလမက်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Marty Supreme ဇာတ်ကားသည် အမေရိကန် စားပွဲတင်တင်းနစ်အားကစားသမား မာတီရိုက်မင်း၏ဘဝကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Marty Supreme ဇာတ်ကားကို ဒါရိုက်တာ ဂျို့ဆက်ဖ်ဒီက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်သည်။

လက်ရှိတွင် Marty Supreme ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်သည်။

ထို့ပြင် Marty Supreme ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို A24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# The Dreadful ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး မာစီယာဂေးဟာဒန့် ပါဝင်သရုပ်ဆောင်နေ



နယူးယောက် နိုဝင်ဘာ ၂၇

The Dreadful အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်တွင် အော်စကာဆုရှင် မင်းသမီး မာစီယာဂေးဟာဒန့် ပါဝင်သရုပ်ဆောင်နေကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

The Dreadful ဇာတ်ကားတွင် မင်းသမီး မာစီယာဂေးဟာဒန့်သည် မင်းသမီး ဆိုဖီတန်နာ၊ မင်းသား ကစ်ဟာရင်ဘန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ၁၅ ရာစုခေတ် အင်္ဂလန်ကို ဇာတ်အိမ်နောက်ခံထား၍ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး ချွေးမနှင့်ယောက္ခမ နှစ်ဦးတို့ရင်ဆိုင်ရမည့် ထိတ်လန့်ဖွယ်ဖြစ်စဉ်များကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် The Dreadful ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို အင်္ဂလန်၌ စတင်နေပြီဖြစ်သည်။

The Dreadful ဇာတ်ကားကို ဒါရိုက်တာ နာဆာရှာတာပင်နီက တာဝန်ယူရိုက်ကူးနေပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားပေးထားပြီး လက်ရှိတွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# Chairman of Financial Commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Financial Commission meeting



Senior General Min Aung Hlaing addresses the Financial Commission meeting.

**Nay Pyi Taw November 27**

The Financial Commission held a meeting at the State Administration Council Chairman's Office here this morning, addressed by Chairman of the commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of the Commission Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, Secretary of the commission Union Minister for Planning and Finance U Win Shein, union ministers, the union auditor-general, deputy ministers and the Nay Pyi Taw Council chair. Region/state chief ministers attended the meeting through video conferencing.

In his keynote address, the Senior General said at this meeting the Financial Commission will have to approve the supplemental budget requests of the Union and regions and states for fiscal year 2024-2025. After the completion of the approval process, the submission of supplemental budget appropriation bill for FY 2024-2025 of the Union to the SAC for approval through the government will follow.

Supplemental funds are requested for the additional funds when originally approved funds are not adequate for expense of essential projects and programs for the relevant FY, and inadequacy of the originally approved funds for fund transfer and failure to transfer the surplus amount of general funds occur. As the supplemental funds requested by departments and organizations can be used only after the SAC has approved them through an additional fund appropriation bill, there is only a four-month spending time left. Hence, only the expenses for the projects that can be completed before the end of the FY should be asked.

Increase in spendings will earn benefits such as boost in production, support for local consumption, generation of job opportunities, trade development. In addition, it will bring about a strong government leadership and an economic situation for ensuring regrowth in the national economy through the increase in the buying power of the private sector.

In order to remedy the economic impact of certain cases, farming-based production industries, the main output of the country, must meet their target. Only then will the national economy recover through the development of related production industries and services. The country can reduce imports and foreign currency spendings only through the development of local production industries. This will also lead to facilitating domestic currency flow and supporting financial stability.

Union ministries, region/state governments should effectively use the State-approved supplemental funds for the works that can provide swift support for national economic growth and improve socioeconomic life of the people.

Guidance has been given for the national GDP growth through efforts in multiple sectors. Union ministries and region/state governments should strive to meet the GDP targets that are related to spendings.

The Vice-Senior General said the supplemental funds requested by union level departments and organizations for FY 2024-2025 are submitted to the Financial Commission in accord with the Constitution. In verifying the supplemental fund request, additional allowance for helping ease the basic needs of civil servants that began in August 2024, which is not included in the normal expenditure and originally approved funds, and financial support and revenue sharing by the Union were also approved.

As the National Disaster Management Fund must be provided for rehabilitation for unexpected natural disasters and preventive measures agsinst other disasters, and basic needs and management measures for displaced people, the cash assistance account from the additional budget of the Ministry of Planning and Finance was added with K275 billion. So, the additional budget bill was submitted to seek the approval of the Finance Commission.

Secretary of the Commission Union Minister U Win Shein reported on the additional accounts of the Union, the prepared estimated accounts and the additional budget of the Union for 2024-25 financial year.

Union Minister for Legal Affairs and Union Attorney-General Dr Thida Oo and Union Auditor-General Dr Khin Naing Oo discussed measures related to the bill, and measures to be taken in the future for the findings on the budgets.

The Nay Pyi Taw Council Chairman and chief ministers of regions and states reported on their sectors.

**Increase of the State GDP**

In his response to the reports, the Senior General said that if the State GDP increase, the country can spend more amount of the budget to develop the nation. GDP of Myanmar is lesser than neighbouring countries and regional countries, and Union organizations and regions and states have to strive for increase of the GDP.

It is necessary to increase manufacturing to raise the State GDP. In this regard, if agricultural produce rise in the agriculture sector, the agri-based industrial sector will improve. If so, manufacturing will boom as well as service sector will develop. Consequently, the amount of currency circulation will increase where the financial sector will bolster. As all sectors will interconnect, efforts must be mde to develop the agriculture and livestrock sectors.

As prices of basic foodstuffs depend on natural disasters and hiking the prices of inputs, people from the basic strats are facing difficulties. Majority of the primary consumed chicken, pit, goat and fish can be bred in relevant regions successfully. If people do these businesses really, it can contribute to food security in relevant regions, and people can buy them at fair prices. If these animals are bred in farms systematically, they will have improvement. If these animals are fed with the use of raw materials of relevant regions, successful livestock breeding farms can be implemented. It is necessary to emphasize welfare of people from the basic strata.

Likewise, agricultural tasks can be done with the efforts to meet the target cultivation, rise double crop cultivation capacity and expand sown acreage in order to boost per-acre yield of crops. The first two points must depend on existing basic structures. As it has high potential, emphasis must be placed on implementing the plans. Relevant ministries and regional and state officials need to consider how to provide full inputs to the agricultural tasks. As agricultural water plays a key role in agricultural tasks and raising double cropping, it is necessary to utilize rain-fed, irrigation water, river and creek water, and underground water for agricultural tasks. If agriculture and livestock tasks can improve, GDP will rise with the increase of State finance. If products are quality, these can be exported to rise export volume.

In connection with the growth of GDP, incomes can be generated if high-quality products can be manufactured from bamboo, a forest product. To facilitate transportation for the public, it is necessary to take upgrading airports and repairing railroads damaged by natural disasters into consideration. Similarly, it is necessary to take enabling sons and daughters of defence services personnel, members of the police and retired public staff, who lost their lives while performing their stability and law enforcement duties, to pursue their education and vocational education into account. As for universities, necessary infrastructures for students must be provided in universities in states and regions.

**Tree of abundance cannot grow from ground spontaneously, basic public needs will be fulfilled**

Rehabilitating measures must be taken for damage caused by natural and man-made disasters. As necessary budgets will be allocated, the tasks must be carried out by assessing the needs. As budgets can be allocated when revenues are available, taxes must be fully collected. As taxes can be collected only when there are manufacturing industries, *See Page 13*

*From Page 12*

systematic measures must be taken for the success of businesses that are based on agriculture and livestock breeding in regions and states. The government will provide investments and other needs for agriculture and livestock breeding and manufacturing industries based on them. Concerted efforts must be made by respective ministries, regions and states. Priority will be given to providing basic needs of the people in states and regions including the Nay Pyi Taw Council Area in the current and future fiscal years. As the tree of abundance cannot grow from the ground spontaneously  and efforts must be exerted to foster the tree of abundance, it is necessary to make concerted efforts for the economic development of the country seriously.

Then, the Senior General made concluding remarks, saying fulfillment of food, water and basic needs, creation of job opportunities and socioeconomic development of the people must be implemented in the endeavour for economic resurgence of the country as the agriculture and livestock breeding sector is the foundation for the economy in accordance with the economic objectives of the SAC.  Therefore, concerted efforts must be made for manufacturing industries based on agriculture and livestock breeding while boosting exports and shifting the focus from normal operations of the economy to economic development.

Each government employee was allowed to enjoy MMK 30,000 monthly financial support and furthermore, they have been allowed to enjoy another package of MMK 30,000 monthly financial support since 1 August, 2024. Moreover, retired government employees who performed duties of the country have been allowed to enjoy MMK 30,000 monthly financial support since 1 August, 2024. The government allocated additional spending necessary for the monthly financial support.

Electricity is essential for socioeconomic development of the country and electricity generation costs have increased fiscal year by year to supply electricity to the public on a regular basis. Therefore, the government increased electricity rates and allocated increased spending for electricity generation.

In conclusion, the Senior General urged ministries and region/state governments to coordinate and cooperate among themselves in implementing tasks by spending additional budgets for the 2024-2025 fiscal year, to spend the budgets in accordance with financial rules and regulations and directives, to exert efforts to meet and surpass targeted revenues, to complete tasks to be carried out in the relevant fiscal year in accordance with work qualities and standards and to supervise tasks to prevent wastage and losses of government funds and the meeting concluded. 100

# Sagaing Township completes 10,291 acres of winter wheat planting, aiming for 30,000+ acres

**Sagaing November 27**

In the current year, during the winter crop planting season in the township of Sagaing, Sagaing District, it has been reported by the Sagaing Township Agriculture Department that 10,291 acres of wheat have already been successfully planted.

For the 2024-2025 winter crop season, the target for Sagaing Township is to plant 31,057 acres of wheat. Planting began in October this year, and as of today, 10,291 acres have been completed.

"This year, the goal for the winter crop season in Sagaing Township is to plant over 30,000 acres of wheat. So far, 10,000 acres have been successfully planted. We are working towards meeting the target acreage for this season. We are also conducting training and awareness programs for farmers on wheat cultivation. Additionally, we are promoting water irrigation and soil fertilization techniques to improve yields, and assisting farmers in using high-quality and disease-resistant varieties for better results," said U Myo Thant Aung, the head of the Sagaing Township Agriculture Department.

In Sagaing Township this season, efforts are being made to ensure that the target acreage for all winter crops is achieved. The department is also working to improve wheat yields, ensure high-quality production using proper techniques, and prevent pest damage.

It is reported that the cost of cultivating wheat on one acre is approximately 300,000 kyats, and on average, 21 baskets of wheat are produced per acre. The wheat is typically planted in October, November, and December, with harvesting taking place in February, March, and April.

The Sagaing Township Agriculture Department has been providing farmers with training programs aimed at increasing wheat yields, helping them obtain high-quality, disease-resistant varieties, and offering affordable fertilizers and other agricultural inputs to support their efforts.

206

# European Parliament approves new European Commission

**Strasbourg November 27**

The European Parliament on Wednesday approved the new team of the European Commission, led by Germany's Ursula von der Leyen, who will serve her second five-year term as president.

Lawmakers voted 370 in favor, 282 against, with 36 abstentions, giving the green light to the 27-member executive team.

Von der Leyen delivered a speech before the vote on Wednesday. Now the European Council has to formally appoint the new Commission by a qualified majority before the team takes office on Dec. 1.

In her speech, von der Leyen unveiled the Competitiveness Compass, marking the first major initiative of the new College of Commissioners. This initiative is grounded in three key pillars: closing the innovation gap, implementing a joint plan for decarbonization and competitiveness, and enhancing security while reducing dependencies, according to von der Leyen.

"We are roughly as good as the U.S. at creating start-ups. But when it comes to scale-ups, we are doing much worse than our competitors," von der Leyen said, underscoring the new Commission's commitment to increasing investment and a sharper strategic focus on innovation.

In terms of decarbonization and competitiveness, "we must and will stay the course on the goals of the European Green Deal," von der Leyen said, vowing to put forward a Clean Industrial Deal within the first 100 days of the mandate.

Xinhua

# Biden says Israel-Hezbollah ceasefire deal "designed to be" permanent



U.S. President Joe Biden speaks to the press at the White House in Washington, D.C., the United States, on Nov. 26, 2024.

**Washington November 27**

U.S. President Joe Biden said Tuesday the U.S.-proposed 60-day ceasefire deal between Israel and Hezbollah in Lebanon, which is "designed to be" permanent, will take effect at 4:00 a.m. Wednesday local time (2:00 a.m. GMT).

"Under the deal reached today, effective at 4 a.m. tomorrow local time, the fighting across the Lebanese-Israeli border will end," Biden said in remarks delivered from the White House Rose Garden.

"This is designed to be a permanent cessation of hostilities. What is left of Hezbollah and other terrorist organizations will not be allowed," he added.

"Over the next 60 days, Israel will gradually withdraw its remaining forces, and civilians on both sides will soon be able to safely return to their communities and begin to rebuild their homes," Biden said.

Israel, the president said, "retains the right to self defense" in the event that "Hezbollah or anyone else" breaks the newly announced deal, which was approved by the Israeli cabinet on the same day. Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities,  is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန် Shield AI ကုမ္ပဏီက V-BAT ဒရုန်းများ အိန္ဒိယ JSW Defence ကုမ္ပဏီနှင့် ထုတ်လုပ်ရန်သဘောတူခဲ့



အမေရိကန်နိုင်ငံမှ Shield AI ကုမ္ပဏီသည် V-BAT ဒရုန်းများကို အိန္ဒိယနိုင်ငံ JSW Group ကုမ္ပဏီအုပ်စုလက်အောက်ရှိ JSW Defence ကုမ္ပဏီနှင့် အိန္ဒိယ တပ်မတော်အတွက် ထုတ်လုပ်ရန်သဘောတူညီခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသဘောတူညီမှုအောက်တွင် JSW Group ကုမ္ပဏီအုပ်စုအနေဖြင့် အချိန်ကာလအားဖြင့် နှစ်နှစ်ကျော်ကြာ အမေရိကန်ဒေါ်လာ သန်း ၉၀ ထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။ ကနဦးနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅ သန်းဖြင့် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ထုတ်လုပ်ရေးအခြေခံအဆောက်အအုံ၊ လုပ်သားအင်အားသင်တန်းပေးလေ့ကျင့်ခြင်းနှင့် ပြည်တွင်းထောက်ပံ့ရေး ကွင်းဆက်များအတွက် သုံးစွဲသွားမည်ဖြစ်သည်။

စက်ရုံအနေဖြင့် V-BAT ဒရုန်းများ ထုတ်လုပ်ရေးအပြင် ဒရုန်းမောင်းနှင်ရေး အော်ပရေတာ လေ့ကျင့်သင်တန်းပေးခြင်းများ၊ ဒရုန်းဝယ်ယူသည့်ဖောက်သည်နိုင်ငံ၊ အဖွဲ့အစည်းများအတွက် ဒရုန်းကြံ့ခိုင်ထိန်းသိမ်းရေးနှင့် ပြင်ဆင်ရေး ဝန်ဆောင်မှုများပါ ဆောင်ရွက်ပေးနိုင်လိမ့်မည်ဖြစ်သည်။ JSW Group ကုမ္ပဏီအုပ်စု၏ ညွှန်ကြားရေးမှူးချုပ် Parth Jindal က ယခုစီမံကိန်းသဘောတူညီချက်သည် နိုင်ငံတော်ကာကွယ်ရေးထုတ်ကုန်များနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးရေး အဆင့်မြှင့်တင် လုပ်ဆောင်နေသည့် အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ပိုင်းလည်းဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

အိန္ဒိယ-အမေရိကန် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို JSW Group ကုမ္ပဏီအုပ်စုမှတစ်ဆင့် ကျွန်ုပ်တို့၏ အဆင့်မြင့်မောင်းသူမဲ့လေယာဉ်စနစ်နည်းပညာများကို ကမ္ဘာလုံးဆိုင်ရာခိုင်မာအားကောင်းစေရန်နှင့် အိန္ဒိယနိုင်ငံ၏ အင်ဂျင်နီယာပညာရပ်နှင့် ထုတ်လုပ်ရေးအရည်အသွေးများ ယခုထက်ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်စေရန် ပူးပေါင်းလုပ်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်လာနိုင်မှုအပေါ် စိတ်လှုပ်ရှားမိကြောင်း အမေရိကန်နိုင်ငံဘက်မှ Shield AI ကုမ္ပဏီ ဥက္ကဋ္ဌ Brandon Tseng က ပြောကြားခဲ့သည်။

V-BAT ဒရုန်းသည် တောင်ပံပုံသေတပ် (fixed-wing drone)အမျိုးအစားဖြစ်ပြီး ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်သည်။ လေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်းနေနိုင်၍ ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်း(ISR)တာဝန်များကို ထမ်းဆောင်နိုင်ရန် အထူးပြုဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ စစ်ဆင်ရေးတာဝန်အမျိုးမျိုးကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး အထူးတပ်ဖွဲ့များ၊ ရေ့တန်းကျကျ ခြေလျင်၊ တင့်ကား၊ သံချပ်ကာယာဉ်များ၊ အမြောက်တပ်ဖွဲ့များအတွက်လည်း အဆင်ပြေစွာတပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။ နောက်မြီးတွင် ပင့်တင်အားထုတ်နိုင်သည့်ပန်ကာ (Ducted Fan)တစ်လက် တပ်ဆင်ထားပြီး လေထဲတွင် ၁၂ နာရီကြာထိ တစ်ဆက်တစ်စပ်တည်း ပျံသန်းနေနိုင်မည်ဖြစ်သည်။ ပေါ့ပါးကျစ်လျစ်သော ဒီဇိုင်းကြောင့် အချိန်တိုအတွင်း မိမိဦးတည်ရာအရပ်သို့ ခရီးရောက်နိုင်မည်ဖြစ်ပြီး တပ်ဆင်ခြင်း၊ ပစ်လွှတ်ခြင်း၊ ပျံသန်းခြင်း၊ ရုပ်သိမ်းခြင်း စသည့်ဒရုန်းစစ်ဆင်ရေးလုပ်ငန်းစဉ်များအတွက် လူနှစ်ဦးတည်းဖြင့် လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ သေတ္တာထဲမှ ဒရုန်းကိုထုတ်၍ တပ်ဆင်ခြင်းမှ လေထဲသို့ပျံတက်သည်ထိ မိနစ် ၂၀ အတွင်း အပြီးလုပ်ဆောင်နိုင်စေမည်ဖြစ်ကာ ပျံဝဲနေသည့်အနေအထားမှ ရှေ့တည့်တည့်တိုး၍ပျံသန်းရန် အချိန် ၁၅ စက္ကန့်အတွင်း ပြောင်းလဲလုပ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

**Shield AI to Produce V-BAT Drones in India ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်က ရိုမေးနီးယားရှိ ယူကရိန်းလေတပ်မှ လေသူရဲများအတွက် F-16 အမောင်းသင်တိုက်လေယာဉ်နှစ်စင်း ပေးပို့ခဲ့

နယ်သာလန်နိုင်ငံသည် ရိုမေးနီးယားနိုင်ငံရှိ ယူကရိန်းလေတပ်မှ လေသူရဲများကို လေ့ကျင့်သင်တန်းပေးရန်အတွက် F-16 Fighting Falcon အမောင်းသင်တိုက်လေယာဉ် နောက်ဆုံးနှစ်စင်းပေးပို့ခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်မှုသည် ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးတွင် ယူကရိန်းတို့၏ ဝေဟင်တိုက်ခိုက်ရေးစွမ်းရည်များ တိုးတက်ကောင်းမွန်လာစေရန် နယ်သာလန်အစိုးရက ယခင်နှစ်ကတည်းက ကတိပြုထားသည့် လေယာဉ် ၁၈ စင်း၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

နယ်သာလန်နိုင်ငံသည် ဤပဏာမခြေလှမ်းအတွက် ပထမဆုံး F-16 တိုက်လေယာဉ်ငါးစင်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ပေးပို့ခဲ့ပြီး အဆိုပါတိုက်လေယာဉ်များသည် NATO မဟာမိတ်အဖွဲ့ဝင်နိုင်ငံများ၏ လေကြောင်းပိုင်နက်အတွင်းသာ ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယူကရိန်းလေတပ်မှ လေသူရဲများ လေ့ကျင့်သင်တန်းပေးခြင်းကို ရိုမေးနီးယားနိုင်ငံရှိ သင်တန်းသားများနှင့် NATO မိတ်ဖက်နိုင်ငံများမှ လေသူရဲများကို လေ့ကျင့်သင်ကြားပေးနေသည့် Fetesti လေတပ်စခန်းရှိ အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီက တည်ဆောက်ထားသော စက်ရုံပရိဝုဏ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရိုမေးနီးယား၊ အမေရိကန်နှင့် ဒိန်းမတ်နိုင်ငံမှ လေသူရဲနည်းပြဆရာများက ဦးဆောင်သင်ကြားပေးသွားမည်ဖြစ်သည်။

လေ့ကျင့်ရေးအမောင်းသင် တိုက်လေယာဉ်များအပြင် နောက်ထပ် F-16 တိုက်လေယာဉ် ၂၄ စင်း ယူကရိန်းသို့ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Fighting Falcon ၏ ပင်မပိုင်ရှင်အမေရိကန်နိုင်ငံသည် ပထမဆုံးလေယာဉ်မှူးများ၏ လေ့ကျင့်မှုသင်တန်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် နယ်သာလန်နိုင်ငံထံမှ အမောင်းသင်တိုက်လေယာဉ်ကို ယူကရိန်းနိုင်ငံသို့ လွှဲပြောင်းပေးရန် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် သဘောတူခွင့်ပြုပေးခဲ့သည်။



အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည့် F-16 တိုက်လေယာဉ်သည် တောင်ပံအရှည် ၃၃ ပေရှိပြီး ကိုယ်ထည်အရှည်မှာ ပေ ၅၀ ရှိသည်။ အသုံးပြုသူ၏ လိုအပ်ချက်ပေါ်မူတည်၍ Rotary Cannon၊ ဘက်စုံသုံး၊ လေဆာလမ်းညွှန်ဖောက်ခွဲရေးပစ္စည်းများ၊ ဝေဟင်မှဝေဟင်ပစ်၊ ဝေဟင်မှမြေပြင်ပစ်၊ သင်္ဘောဖျက်ဒုံးကျည်များနှင့် နျူကလီးယားဗုံးများထိ သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတိုက်လေယာဉ်သည် အမြင့်ပေ ၅၀၀၀၀(မီတာ ၁၅၂၄၀)၊ အကွာအဝေး ၂၂၇၇ မိုင် (၄၂၁၇ ကီလိုမီတာ)နှင့် အမြန်နှုန်း ၅၀၀ knots (တစ်နာရီ ၅၇၅ မိုင်) ပျံသန်းစစ်ဆင်နိုင်စွမ်းရှိပြီး General Electric သို့မဟုတ် Pratt & Whitney အင်ဂျင်ကို တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

**Netherlands Delivers Final F-16 Training Jets for Ukraine to Romania ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၉၄ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်

**မအူပင် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၉၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၉၄ ဧကကို ဒီဇင်ဘာလပထမပတ်မှ စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် ဖူးစားပြောင်းများ ပိုးမွှားအန္တရာယ် မကျရောက်စေရန်၊ အထွက်နှုန်း ကောင်းမွန်စေရန်၊ အရည်အသွေးကောင်း ပြောင်းများဖြစ်စေရန် စိုက်ပျိုးရေးဦးစီးဌာနကတောင်သူ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု လက်ရှိ ဖူးစားပြောင်းဧက ၄၂၀၀ ကျော် လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်စေဖို့အတွက် စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးထားပါတယ်"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ယခုနှစ် မအူပင်မြို့နယ်တွင် ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်း ဆောင်ရွက် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ဧက ၁၁၅၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရေဦး နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ဧက၁၁၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၁၇၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံဧက ၁၇၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက၁၁၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။မုန်ညင်း၊ငရုတ်၊နံနံ၊ အာလူး၊ ခရမ်း၊ မုန်လာထုပ်တွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်စုံအားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်စေဖို့ တောင်သူတွေကို နည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ယခုနှစ် တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။(၂၀၆)

# လှည်းကူးမြို့နယ် ဂုံမင်းလျှိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှည်းကူး နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများသန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဂုံမင်းလျှိုကျေးရွာ၌ ဂါလန်၂၄၀၀ဆံ့အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးတင်အောင်သန်း၊ လှည်းကူးမြို့နယ် ဦးစီးမှူးဒေါ်သန္တာစိုးနှင့်တာဝန်ရှိသူများက ဂုံမင်းလျှိုကျေးရွာ၌ ဂါလန်၂၄၀၀ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံကိုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာသောက်သုံးရေရရှိရေးကော်မတီသို့ စနစ်တကျ လွှဲပြောင်းအပ်နှံရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

လှည်းကူးမြို့နယ် ဂုံမင်းလျှိုကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၁ဒသမ၃၅သန်းဖြင့်ဂါလန်၂၄၀၀ ဆံ့အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ရွှေရည်သန့်ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်၉၀ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ပြီးရာနှုန်းပြည့်ပြီးစီးပါက အဆိုပါ ကျေးရွာရှိနေပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိပြီး နွေရာသီကာလများတွင် ရေရှားပါးသည့် အခက်အခဲများကို အဆင်ပြေနိုင်မည်ဖြစ်ကြောင်း လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၇-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)




ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်စဉ်။

ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ အတည်ပြုပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေ ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့်စီမံကိန်းများ၊ လုပ်ငန်းများအတွက် အသုံးစရိတ်များကိုကျခံသုံးစွဲရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်ခြင်း၊ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် မလုံလောက်ခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းကျခံသုံးစွဲမှု မပြုနိုင်ခြင်းစသည့်အခြေအနေများကြောင့် ထပ်မံလိုအပ်လာသည့်ငွေကိုသာ တောင်းခံရမည်ဖြစ်ကြောင်း၊ ဌာန၊ အဖွဲ့အစည်းများကတောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲရမည်ဖြစ်သည့်အတွက် သုံးစွဲနိုင်မည့်ကာလသည် လေးလခန့်သာ ကျန်ရှိကြောင်း၊ ထို့ကြောင့် ဘဏ္ဍာနှစ်မကုန်မီ လုပ်ငန်းများပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသုံးစရိတ်များကိုသာ တောင်းခံကြရမည်ဖြစ်ပြီး အချိန်မီပြီးစီးအောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသုံးစရိတ်များ ပိုမိုသုံးစွဲနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ ပြည်တွင်းစားသုံးမှုအတွက် အထောက်အကူပြုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည့်အပြင် ပုဂ္ဂလိကကဏ္ဍ၏ဝယ်လိုအား တိုးတက်စေနိုင်ခြင်းကြောင့် နိုင်ငံ့စီးပွား ပြန်လည် တိုးတက်လာစေရေးအတွက် အစိုးရ၏ဦးဆောင်မှုနှင့် စီးပွားရေးအခြေအနေပြန်လည်နိုးထလာစေရန်ဆောင်ရွက်ခြင်းဟုလည်း ဆိုနိုင်ကြောင်း။

အချို့သောကိစ္စများကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားနိုင်ရန် နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါတိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေးလည်း ပြန်လည်ဦးမော့လာစေမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှုများ လျော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုလည်းလျော့ကျလာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး နိုင်ငံတော်၏ငွေကြေးကဏ္ဍတည်ငြိမ်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် **နိုင်ငံတော်က ထပ်မံခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုမည့်လုပ်ငန်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့်လုပ်ငန်းများတွင် ထိထိရောက်ရောက်ဖြစ်စေရေး ကြပ်မတ်စိစစ်သုံးစွဲကြစေလိုကြောင်း။**

**နိုင်ငံတော်က ထပ်မံခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အထောက်အကူပြုမည့်လုပ်ငန်းများ နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့်လုပ်ငန်းများတွင် ထိထိရောက်ရောက်ဖြစ်စေရေး ကြပ်မတ်စိစစ်သုံးစွဲကြစေလို. . .**

ထို့ပြင် နိုင်ငံ၏ ဂျီဒီပီတိုးတက်ရန်အတွက် ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားပြီးလည်းဖြစ်ကြောင်း၊ အသုံးစရိတ်နှင့်ဆက်စပ်နေသည့် GDP ရည်မှန်းချက်များကို ပြည့်မီစွာအကောင်အထည်ဖော်နိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်ရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်သို့တင်ပြခြင်းဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကိုစိစစ်ရာတွင် သာမန်အသုံးစရိတ်အပိုင်းလိုအပ်ချက်များနှင့် မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့်ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၄ ခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ငွေများ တိုးမြှင့်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏လိုငွေအတွက် ပြည်ထောင်စုက ထောက်ပံ့ငွေနှင့် အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးအန္တရာယ်များကြောင့် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထပ်မံထောက်ပံ့ပေးရမည်ဖြစ်သည့်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းရှိ ထောက်ပံ့ငွေစာရင်းတွင် ကျပ် ၂၇၅ ဘီလီယံခွင့်ပြုပေးခဲ့ကြောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေကြမ်းများနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ အကြံပြုချက်များကို လည်းကောင်း၊

ကျောဖုံးမှအဆက်

ကျောက်မျက်အတွဲ ၆၂ တွဲကိုလည်းကောင်း၊ အုပ်စု(အေနှင့် ဘီ )တို့မှ ကျောက်စိမ်းအတွဲ ၂၅၅၉ တွဲအနက်မှ ကျောက်စိမ်းအတွဲ ၁၈၂၃ တွဲကိုလည်းကောင်း၊ အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲ ၂၂၄၁ တွဲအနက်မှ ကျောက်စိမ်းအတွဲ ၂၁၄၃ တွဲကို လည်းကောင်း ပြည်တွင်း၊ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရရှိစေရန်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့ရှိ ကျောက်စိမ်းအချောထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော MSME လုပ်ငန်းများအတွက် ကုန်ကြမ်းရရှိစေရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၁၈ ရက်မှ၂၇ ရက်ထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့ကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေနှင့် အခြားလိုအပ်ချက်များရှိပါက နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်. . .

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

၎င်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

## နိုင်ငံ့ GDP တိုးတက်ရေး

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏GDPတိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကိုတွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံ့ GDP တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှု တိုးတက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာ၌ နိုင်ငံအတွက်အခြေခံကျသော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေးထွက်ကုန် စိုက်ပျိုးသီးနှံများ ပိုမိုထွက်ရှိတိုးတက်လာမည်ဆိုပါက ၎င်းကိုအခြေခံသည့် စက်မှုကဏ္ဍကြီးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍကြီးတိုးတက်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးမြင့်လာမည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍကြီးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်သကဲ့သို့ ငွေကြေးစီးဆင်းမှုများပြားလာပြီး ဘဏ္ဍာရေးကဏ္ဍကလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကဏ္ဍများသည် တစ်ခုနှင့်တစ်ခုဆက်စပ်ချိတ်ဆက်တိုးတက်လာမည်ဖြစ်၍ အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို တိုးတက်စေရေး အားသွန်ခွန်စိုက်ဆောင်ရွက်ရန်လိုကြောင်း။

ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့ခြင်း၊ သွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်းတို့ကိုအကြောင်းပြု၍ အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် အခြေခံလူတန်းစားများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကစားသုံးသည့် အသားများဖြစ်သည့် ကြက်၊ဝက်၊ဆိတ်၊နွား၊ငါးတွင် အများစုကို ဒေသအလိုက်၊နေရာအလိုက် အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေများပိုင်ဆိုင်ပြီးဖြစ်ကြောင်း၊အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက ဒေသတွင်းစားရေးဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကာ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ဒေသမျိုးများကိုပင် လှောင်မွေးစနစ်ဖြင့် စနစ်တကျမွေးမြူပါကတိုးတက်မှုများပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြု၍ အစာကျွေးမွေးမည်ဆိုပါက အောင်မြင်သည့် မွေးမြူရေးလုပ်ငန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံလူတန်းစားများ၏ သက်သာချောင်ချိရေးကို အထူးအလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း။

အလားတူ **စိုက်ပျိုးရေးလုပ်ငန်းများ၌**




ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

**လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်း သုံးသွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးမြှင့်ခြင်းသည် မူလရှိပြီးအခြေခံအပေါ် တိုးတက်အောင်ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖြစ်နိုင်ခြေမြင့်မားသဖြင့် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊** စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သွင်းအားစုများ ပြည့်ပြည့်ဝဝရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့် ကြံဆဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး၌ စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသဖြင့် ရေရရှိရေးနည်းလမ်း လေးခုဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေစသည်တို့ကို ဒေသအလိုက် ပေါင်းစပ်အသုံးပြုရမည်ဖြစ်ကြောင်း၊** စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ဘဏ္ဍာငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်များ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

GDP တိုးတက်ရေးနှင့် ပတ်သက်၍ သစ်တောထွက်ကုန်တစ်ခုဖြစ်သည့် ဝါးကိုလည်း အဆင့်မြင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ဆောင်ရွက်နိုင်မည်ဆိုပါက တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊

# ယခုဘဏ္ဍာနှစ်နှင့် နောင်လာမည့်ဘဏ္ဍာနှစ်များ၌ ပြည်သူလူထုနှင့် သက်ဆိုင်သော အများပြည်သူအသုံးပြုနိုင်သည့် အခြေခံလိုအပ်ချက်များကို နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြည့်ဆည်းပေးနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်. . .

ပြည်သူများ သွားလာမှုအဆင်ပြေစေရေး အတွက် လေယာဉ်ကွင်းများအဆင့်မြှင့်တင်ခြင်းနှင့်သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မီးရထားလမ်းများ ပြန်လည်ပြုပြင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလားတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်၊ကျဆုံးခဲ့ရသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏သားသမီးများ၊နိုင်ငံတော်တာဝန်များကို ထမ်းဆောင်စဉ် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်၊ ကျဆုံးခဲ့ရသည့် အငြိမ်းစားဝန်ထမ်းများ၏ သားသမီးများပညာသင်ကြားခွင့်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနိုင်ရေးတို့အတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊တက္ကသိုလ်များနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ရှိ တက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

## ပဒေသာပင်မြေကြီးမပေါက်နိုင်၊ ပြည်သူနှင့်သက်ဆိုင်သောအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်

သဘာဝဘေးအန္တရာယ်နှင့်လူတို့ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ လိုအပ်သည့်ဘတ်ဂျက်ငွေများကိုလည်း ချထားပေးသွားမည်ဖြစ်သဖြင့် ထည့်သွင်းတွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ ဘတ်ဂျက်သုံးစွဲရာ၌ ငွေရှိမှသာ သုံးစွဲနိုင်မည်ဖြစ်သဖြင့် အခွန်အခများ ပြည့်ပြည့်ဝဝရရှိရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာလျှင် အခွန်အခများလည်းရရှိမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ အောင်မြင်မှုရှိအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့ကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေနှင့် အခြားလိုအပ်ချက်များ ရှိပါက နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊** သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားသွန်ခွန်စိုက်ဆောင်ရွက်ရန်လိုကြောင်း၊ **ယခုဘဏ္ဍာနှစ်နှင့် နောင်လာမည့်ဘဏ္ဍာနှစ်များ၌ ပြည်သူလူထုနှင့် သက်ဆိုင်သော အများပြည်သူအသုံးပြုနိုင်သည့် အခြေခံလိုအပ်ချက်များကို နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ဖြည့်ဆည်းပေးနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊** ပဒေသာပင် မြေကြီးမှမပေါက်နိုင်ကြောင်း၊ ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ ပဒေသာပင် ပေါက်နိုင်သဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ဖြင့် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များအတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အခြေခံထားသည့် အတွက် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ စားရေရိက္ခာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အကောင်အထည်ဖော် ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကကုန်ထုတ် လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး၊ နိုင်ငံ့စီးပွားရေးကို ပုံမှန်လည်ပတ်နိုင်ရေးမှ တစ်ဆင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစဉ်ထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးတစ်ဦးလျှင် တစ်လငွေကျပ် ၃၀၀၀၀ အပြင် ထပ်မံပြီးငွေကျပ် ၃၀၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ထပ်မံတိုးမြှင့်ခံစားခွင့်ပြုခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး လက်ရှိပင်စင်ခံစားနေကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက်လည်း အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လငွေကျပ် ၃၀၀၀၀ ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ လစဉ်ခံစားခွင့်ပြုပေးခဲ့ကြောင်း၊ ထိုသို့တိုးပေးခဲ့သည့်အတွက် ထပ်မံလိုအပ်လာသည့် အပိုထောက်ပံ့ကြေးများကိုလည်း ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုပေးခဲ့ကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည်လည်း အဓိကကျသည့်အတွက် ပြည်သူလူထုကို တည်ငြိမ်သည့်လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သည့်အခါတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်များ မြင့်မားလာခဲ့ကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားခနှုန်းထားများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအသုံးစရိတ်များကိုလည်း တိုးမြှင့်လျာထားပေးခဲ့ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ အသုံးစရိတ်များ သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း၊လုပ်ထုံးလုပ်နည်း၊ညွှန်ကြားချက်များနှင့်အညီသုံးစွဲကြရန်၊ လျာထားသည့် ရငွေများကိုလည်း ပြည့်မီရုံသာမကကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများအရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (ဖဘ)

# မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၇ / ၂၀၂၄)**
၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

“(ထ) အသင်းဆိုသည်မှာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားသောစာရင်းပညာဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကို ဆက်ခံသည့်အဖွဲ့အစည်းကိုဆိုသည်။”

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

“၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ် ဥက္ကဋ္ဌ
(ခ) ဒုတိယစာရင်းစစ်ချုပ် ဒုတိယဥက္ကဋ္ဌ(၁)
(ဂ) အသင်းဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌ(၂)
(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ အဖွဲ့ဝင်
(င) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဖွဲ့ဝင်
(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စစ်ဆေးရေးဦးစီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
(ဈ) စီးပွားရေးတက္ကသိုလ်များမှ သုံးဦးထက်မပိုသော အဖွဲ့ဝင်
ပါမောက္ခချုပ်များ
(ည) အသင်းမှ ကိုယ်စားလှယ် ကိုးဦး အဖွဲ့ဝင်
(ဋ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ဌ) ငါးဦးထက်မပိုသော သင့်လျော်သည့် နိုင်ငံသား အဖွဲ့ဝင်
စာရင်းပညာရှင်များ
(ဍ) ညွှန်ကြားရေးမှူးချုပ်(အမြဲတမ်းအတွင်းဝန်) အတွင်းရေးမှူး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
(ဎ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး(၁)
နည်းပညာဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
(ဏ) အသင်းအတွင်းရေးမှူး တွဲဖက်အတွင်းရေးမှူး(၂)”

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၂ တွင် -
(က) ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်းအစားထိုးရမည် -
“(ဆ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၁) တွဲဖက်အတွင်းရေးမှူး(၁)”
(ခ) ပုဒ်မခွဲ (ဆ)၏နောက်၌ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
“(ဇ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၂) တွဲဖက်အတွင်းရေးမှူး(၂)”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စဉ် ဆုရရှိခဲ့ကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးထံ အောင်ပွဲရ ဒိုင်းဆုများကို အသင်းလိုက် ပြန်လည်အပ်နှံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စဉ် ဆုရရှိခဲ့ကြသည့် အားကစားသမားများအား ဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ချီးကျူးဂုဏ်ပြုစကားပြောကြားပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အောင်ပွဲရဒိုင်းဆုများကို အသင်းလိုက် ပြန်လည်အပ်နှံကြရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုဆုငွေများပြန်လည်ပေးအပ်ကာ အောင်ပွဲရအားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် တိုင်းစစ်ဌာနချုပ်အနေဖြင့် အားကစားနည်း ၁၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တံခွန်စိုက်ဒိုင်းဆု သုံးခု၊ ရွှေတံဆိပ် အခု ၂၀၊ ငွေတံဆိပ် ၁၀ ခုနှင့် ကြေးတံဆိပ် ၁၉ ခု ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ ချောင်းသုံးခွကျေးရွာအုပ်စု ချောင်းသုံးခွကျေးရွာမှ သံဃာတော်သုံးပါးနှင့် ဒေသခံပြည်သူဦးရေ ၉၀ တို့ကို အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ လှည်းကူးမြို့နယ် ဖောင်ကြီးအနောက်ကျေးရွာမှ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၈၁ ဦးတို့ကို အဆိုပါကျေးရွာရှိ သာသနာ့ရိပ်သာကျောင်းတိုက်၌လည်းကောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွားနှင့် ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ပြည်ပပို့ကုန်လျာထားချက်များ ပြည့်မီကျော်လွန်အောင် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် UMFCCI၊ MRF တို့အပြင် ညီနောင်အသင်းအဖွဲ့များကပါ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန်လို



**နေပြည်တော် နိုဝင်ဘာ ၂၇**

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၄/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံး၌ကျင်းပရာ ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြော ကြားသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေ ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ ကော်မတီ အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ဦးစွာကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်း မှုများမှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီဥက္ကဋ္ဌက ဗဟိုကော်မတီအနေ ဖြင့် ပြည်ပကုန်သွယ်မှုလျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင် ရေးအတွက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးကိစ္စများ၊ မြန်မာ- ထိုင်းနယ်စပ် (ရန်ကုန်-ကော့သောင်း- ရနောင်း) ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန် နာစနစ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ကိစ္စများ၊ ကွန်တိန်နာများလွယ်ကူမြန်ဆန် စွာ ရှင်းလင်းထုတ်ပေးရေးနှင့်ပို့ကုန်ရငွေ များ အချိန်မီပြန်လည်ဝင်ရောက်ရေး၊ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးမှု ကိစ္စများနှင့် တရားမဝင်စက်သုံးဆီများ ဖမ်းဆီးရမိမှု၊စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးမှုကိစ္စရပ်များနှင့် CMPလုပ်ငန်း များပိုမိုတင်ပို့နိုင်ရေးကိစ္စရပ်များကို ဦးစား ပေးဆောင်ရွက်နေကြောင်း။

ပို့ကုန်တန်ဖိုးမှာသွင်းကုန်တန်ဖိုးထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ် မှုတန်ဖိုးအရ ပိုငွေ(Trade Surplus) ရရှိခဲ့ ကြောင်း၊ယခုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့သော် လည်း CMP ပို့ကုန်ဆောင်ရွက်နိုင်မှုတွင် ကာလတူနှိုင်းယှဉ်ပါက လျော့နည်းသွား သည့်အတွက် ပို့ကုန်ပိုမိုဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများက ယခုထက်ပိုမိုပေါင်းစပ် ညှိနှိုင်းပေးစေလိုကြောင်း၊ ပြည်ပပို့ကုန် လျာထားချက်များပြည့်မီကျော်လွန်အောင် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆက်စပ် ဝန်ကြီးဌာနများနှင့် UMFCCI ၊ MRF တို့ အပြင် ညီနောင်အသင်းအဖွဲ့များကပါ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြ ရန်လိုကြောင်း၊ ပို့ကုန်အမည်သစ်များ တင်ပို့နိုင်ရေးဈေးကွက်အသစ်များရှာဖွေ နိုင်မှသာ ပြည်ပပို့ကုန်များ တိုးတက်တင်ပို့ လာနိုင်ပြီး နိုင်ငံခြားသုံးငွေများ ပိုမိုဝင် ရောက်လာမည်ဖြစ်ကြောင်း။

နယ်စပ်ကုန်သွယ်မှုနည်းလမ်း(Border Trade Method) ဖြင့် (ရန်ကုန်- ကော့ သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့ သောင်း- ရန်ကုန်)သို့ ကွန်တိန်နာစနစ်ဖြင့် တင်ပို့၊တင်သွင်းခြင်းကို မြန်မာ့စက်မှုဆိပ် ကမ်း(MIP)နှင့် The Myanmar Terminal (TMT) ဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ရာ တင်ပို့မှုနှင့် တင်သွင်းမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်၊ ကုန်ချ ဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် အောက်တို ဘာလထိ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၉၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ရေချိုငါးတင်ပို့နိုင်မှုအနေဖြင့် အောင် မင်္ဂလာဆိပ်ကမ်းမှ ၂၀၂၄ ခုနှစ် မတ်လမှ စ၍ ပို့ကုန်သင်္ဘော ၁၇ စီး၊ ရေချိုငါး ၁၇၆၇ ဒသမ ၈၂၉ တန် တင်ပို့နိုင် ခဲ့ကြောင်း။

ပို့ကုန်အတွက် ဆိပ်ကမ်းများတွင် ကုန်သေတ္တာ လုံလောက်မှုရှိစေရန် အကောက်ခွန်ဦးစီးဌာန၏ ကုန်လှောင်ရုံ ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြု ပေးခဲ့ကြောင်း၊ ယခုနှစ် မတ်လမှ နိုဝင်ဘာ လထိ သက်ဆိုင်ရာ Bonded Terminal များမှ ကုန်သေတ္တာစုစုပေါင်း ၂၇၉၉ လုံး ပြန်လည်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ် မတ်လမှ အောက်တိုဘာလ ထိ ဆိပ်ကမ်း၊ကုန်းတွင်းကုန်သေတ္တာစခန်း တို့မှ စုစုပေါင်းကုန်သေတ္တာ ၁၉၁၃၈၇ လုံး ထုတ်ပေးနိုင်ခဲ့ကြောင်း။

ပို့ကုန်ရငွေဝင်ရောက်ရန်ကျန်ရှိသည့် ကုမ္ပဏီများ၏အခက်အခဲများကို တာဝန် ရှိသူများက စဉ်ဆက်မပြတ်တွေ့ဆုံဆွေး နွေးမှုများပြုလုပ်ပြီး ကူညီဆောင်ရွက်ပေး နေကြရမည်ဖြစ်ကြောင်း၊အဆက်အသွယ် မရသည့်ကုမ္ပဏီများနှင့် ဝန်ခံကတိပြုထား ပြီး ပေးသွင်းရန်ပျက်ကွက်နေသည့်ကုမ္ပဏီ များကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံး လုပ်နည်းများအတိုင်း အဆင့်ဆင့်အရေး ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုနှစ် အောက်တိုဘာလအတွင်း စက်သုံးဆီပြည်တွင်းဖူလုံမှုရှိစေရန် ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်းတန်ချိန် ၄၃၂၆၇၅ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၃၇ ဒသမ ၆၃ သန်းတင်သွင်းနိုင်ခဲ့ကြောင်း၊ တရားမဝင် စက်သုံးဆီ ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်း ၄၅၄ တန်ဖမ်းဆီးရရှိခဲ့သဖြင့် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူဆောင် ရွက်နိုင်ခဲ့ကြောင်း၊စက်သုံးဆီမီးလောင်မှု ဖြစ်စဉ်များ ကြိုတင်ကာကွယ်နိုင်ရန် အတွက် သက်ဆိုင်ရာဌာနများက ပညာပေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွား ကြရမည်ဖြစ်ပါကြောင်း။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို အပတ်စဉ်ထုတ်ပြန်ပေးလျက် ရှိပြီး စားသုံးဆီဈေးကွက်၊ဈေးနှုန်းတည် ငြိမ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနများ၊အသင်းအဖွဲ့များက ဝိုင်းဝန်းကြိုး ပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စားအုန်းဆီတင်သွင်းသည့်ကုမ္ပဏီများက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင် ရာ လက်လီလက်ကားကိုယ်စားလှယ်များ သို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့်အစီ အစဉ်ကို ယခုနှစ် ဇွန် ၃ ရက်မှစ၍ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိရည်ညွှန်းဈေးကို အပတ်စဉ် တနင်္လာနေ့တွင် ပေါက်ဈေးနှင့် အနီးစပ် ဆုံးဖြစ်စေရေး တွက်ချက်ထုတ်ပြန် ကြေညာပေးလျက်ရှိကြောင်း။

CMP သွင်းကုန်ပို့ကုန်လုပ်ငန်းများ၊ CMP ကုန်ကြမ်းပစ္စည်းများတင်သွင်းခြင်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် စက်အပို ပစ္စည်းများတင်သွင်းခြင်းတို့ကို လွယ်ကူ ချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်း၊CMP ပို့ကုန်အမှာစာများ ပုံမှန်ရရှိ ရေးအတွက်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့ များဘက်က ကြိုးပမ်းအားထုတ်ရန် လိုအပ် သကဲ့သို့ ပြည်ပရှိစီးပွားရေးသံမှူးများမှ တစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက် ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင် များနှင့် အထူးဖိတ်ကြားထားသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး က ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များရေးဆွဲတင်ပြရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် နိုင်ငံ ပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ရေးဆွဲတင်ပြရေးနှင့်ပတ်သက်၍ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်း က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာန ၁၉ ခုမှ တာဝန် ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲ ရေးဦးစီးမှူး ဦးဝင်းမြင့်တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် နိုင်ငံ ပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ရေးဆွဲတင်ပြရေးနှင့်ပတ်သက်၍ နိုင်ငံတော် ၏မူဝါဒများ၊လမ်းညွှန်ချက်များ၊ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန် တိကျရေး၊ သတ်မှတ်ကာလအတွင်း တင်ပြသွားရေးတို့ကို ဆွေးနွေးပြော ကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာန ၁၉ ခုမှ တာဝန်ရှိသူများက ကဏ္ဍ အလိုက်ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသ ကြီးဝန်ကြီးချုပ်က အထွေထွေဆွေးနွေး တင်ပြမှုများနှင့် ရှင်းလင်းတင်ပြမှုများ အပေါ် လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ **မျိုးကျော်**



# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားနှင့် ကြိုဆိုညစာစားပွဲအခမ်းအနားကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၇**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် စီအယ်လ်အမ်ဗွီ(CLMV)နှင့် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို နှစ်နှစ်လျှင် တစ်ကြိမ်အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ(CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ (၆)ကြိမ်မြောက် အက်ခ်မက်(ACMECS)ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်ထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် In Person စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင်၍ အားလုံးဝိုင်းဝန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့အဖွဲ့ဝင်နိုင်ငံများရှိ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများကြား ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်နိုင်မှသာ စီအယ်လ်အမ်ဗွီ (CLMV)နှင့် အက်ခ်မက်(ACMECS)ဒေသတွင်းခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ခေတ်ကာလနှင့်လိုက်လျောညီထွေရှိသောနည်းပညာရပ်များကိုအသုံးပြုပြီး ဒေသတွင်းခရီးသွားလုပ်ငန်းအဆင့်မှ ကမ္ဘာ့အဆင့်သို့ရောက်အောင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ဖြစ်ပေါ်ပြောင်းလဲလာမှုများနှင့်ဒေသတွင်းသို့ ခရီးသွားများ ပိုမိုလာရောက်စေရေးအတွက် ဗီဇာဖြေလျှော့မှုအစီအစဉ်များ၊ ချိတ်ဆက်သွားလာနိုင်ရေးအစီအစဉ်များ၊ ညီအစ်မမြို့တော်ကဲ့သို့ မိတ်ဖက်ဆောင်ရွက်မှု အစီအစဉ်နှင့် လေးနိုင်ငံခရီးစဉ် တစ်ခု၊ ငါးနိုင်ငံခရီးစဉ် ဒေသတစ်ခု စသည့်အစီအစဉ်များကို တိုးချဲ့အကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အစည်းအဝေးသို့တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့်အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က အစည်းအဝေးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး စီအယ်လ်အမ်ဗွီဒေသတွင်းခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၅ အရ အဖွဲ့ဝင်နိုင်ငံအလိုက် ဒေသတွင်းခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ် ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center ၌ ကျင်းပလျက်ရှိသော မြန်မာ-ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၂၄ သို့သွားရောက်ကာ မြန်မာနိုင်ငံက ခင်းကျင်းပြသထားသော ပြခန်းများ၊ ဗီယက်နမ်နိုင်ငံက ခင်းကျင်းပြသထားသောပြခန်းများ၊ MSME ပြခန်းများ၊ အဝတ်အထည်နှင့်အစားအစာပြခန်းများ၊ လျှပ်စစ်အိမ်သုံး ပစ္စည်းပြခန်းများ၊ လေကြောင်းလိုင်းပြခန်းများ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များက ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများက ကိုယ်စားလှယ်များကို မြန်မာနိုင်ငံကကြိုဆိုဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီအမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်း ကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များအကြား တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်း ကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများ၊သံတမန်များအကြား တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ပြုလုပ်သည်။



တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီအမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များအကြား တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်စဉ်။


တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ကြီးကြပ်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များတက်ရောက်ကြပြီး ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ဆပ်ကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြသည်။


တွေ့ဆုံဆွေးနွေးပွဲတွင် ကြီးကြပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာပြီး Online မှတစ်ဆင့်လိမ်လည်မှုလုပ်ငန်းများတွင်လုပ်ကိုင်နေကြသော နိုင်ငံခြားသားများကို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ လူသားချင်းစာနာထောက်ထားမှုတို့အပေါ် အခြေခံ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းနိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းပြီး အဆိုပါလုပ်ငန်းများကို တားဆီးနှိမ်နင်းလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်ထိ မြန်မာနိုင်ငံအတွင်း အခက်အခဲများကြုံတွေ့နေရသဖြင့် ရှာဖွေကူညီကယ်တင်ပေးခဲ့သည့် နိုင်ငံခြားသားစုစုပေါင်း ၁၂၄၂ ဦးရှိပြီး ၎င်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်းဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကြီးကြပ်ရေးလုပ်ငန်းကော်မတီအဖွဲ့များနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့်သံတမန်များအကြား နိုင်ငံခြားသားများကို ရှာဖွေကူညီကယ်တင်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

၂၇-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ






**နေပြည်တော် နိုဝင်ဘာ ၂၇**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်(Deep Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်- အနောက်တောင်ဘက် ရေမိုင် ၇၃၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၇၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ထို့မှတစ်ဆင့် နောက်နှစ်ရက်အတွင်း သီရိလင်္ကာနိုင်ငံကမ်းခြေအနီးမှ ဖြတ်ကျော်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ **(မိုး/ဇလ)**

# ထူးခြားသည့် ညအပူချိန်များ

(၂၇-၁၁-၂၀၂၄)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | -၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ပူတာအို | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| | | | | | နမ့်စန် | ၁၀ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |




# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သုခနေလမ်း ခြံအမှတ် (၄/၄၁၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါ ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏အလံပုံစံ**



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူခဲ့သူကို ဖော်ထုတ်ဖမ်းဆီး



တရားခံ အေးအေးအောင်နှင့် သိမ်းဆည်းရမိသည့် VIVO Y 83 အမျိုးအစား အနီရောင်လက်ကိုင်ဖုန်းကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၇

မသမာသူများအနေဖြင့် လူမှုကွန်ရက်ဖြစ်သည့် Facebook တွင် အမည်အမျိုးမျိုးဖြင့်ကိုယ်ပိုင် Page များဖွင့်လှစ်အသုံးပြုကာ ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍၎င်းတို့နှင့်ဆက်သွယ်လာသူ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူမှုများဖြစ်ပွားလျက်ရှိသဖြင့် အဆိုပါ Facebook အကောင့်ပိုင်ရှင်များကို ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့များဖွဲ့စည်း၍ နည်းပညာအကူအညီရယူကာ စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့သို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်ရှိ အခေါက်ရွှေရောင်းသူဝယ်သူအမည်ပါ Facebook Group အတွင်း Amara Pan အမည်ပါ Facebook အကောင့်မှ "ငွေတုရောင်းတယ် မှတ်ပုံတင်တဲ့ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ Viber/ 09971007328 သို့ ဆက်သွယ်ပါ" စာသားနှင့် ငွေစက္ကူအတုပုံများ Post တင်ထားမှုကို စစ်ဆေးတွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ Amara Pan အမည်ပါ Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒက္ခိဏသီရိမြို့နယ် ဇီးဖြူကုန်းကျေးရွာနေ အေးအေးအောင် ၁၈ နှစ်ကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ၎င်း၏နေအိမ်၌ ငွေစက္ကူအတုများရရှိမည်ဖြစ်ကြောင်း အခြားသူများယုံကြည်အောင်ပြောဆိုကာ ငွေကြေးလိမ်လည်ရယူခဲ့ရာ၌ အသုံးပြုခဲ့သော VIVO Y 83 အမျိုးအစား အနီရောင်လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူတရားခံအေးအေးအောင်၏ထွက်ဆိုချက်အရ ၎င်းသည် Amara Pan အမည်ပါFacebook အကောင့်ကို ဖွင့်လှစ်အသုံးပြုကာ Facebook Group များအတွင်း "ငွေတုရောင်းတယ် မှတ်ပုံတင်တဲ့ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ Viber/09971007328 သို့ဆက်သွယ်ပါ"ဟု စာသားများ လိုက်လံရေးသား၍ Post များတင်ခဲ့ပြီးနောက် Viber ဖုန်းအမှတ် 09971007328 မှတစ်ဆင့် ငွေစက္ကူအတုဝယ်ယူရန် ဆက်သွယ်လာသူများကို ငွေစက္ကူအစစ် တစ်ဆလျှင်ငွေစက္ကူအတု ရှစ်ဆရမည်ဖြစ်ကြောင်း၊ မြင်းခြံမြို့မှဆိုပါက အိမ်အရောက်ငွေချေပြုလုပ်၍ရကြောင်း၊ ကျန်မြို့များကို စရန်တစ်ဝက်ပေးချေ၍ ငွေစက္ကူအတုရရှိမှသာ ကျန်ငွေတစ်ဝက်ကိုဝယ်ယူ၍ရကြောင်း ယုံကြည်အောင်ပြောဆိုကာ အဆိုပါဖုန်းနံပါတ်ဖြင့် ဖွင့်လှစ်ထားသည့် Hnin Mya Wave pay အကောင့်အတွင်းသို့ ငွေလွှဲခိုင်းခဲ့ပြီး ငွေလွှဲရောက်ရှိပါက Viber အကောင့်ကို Block ပြုလုပ်ကာ ငွေကြေးများကို လိမ်လည်ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် လူမှုကွန်ရက်စာမျက်နှာများ၌ ငွေစက္ကူအတုဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆိုပြီး ငွေကြေးများလိမ်လည်ရယူခဲ့သူတရားခံအေးအေးအောင်ကို ညဉ့်ဂေဟာနယ်မြေရဲစခန်းက(ပ)၆၈/၂၀၂၄၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး အလားတူ လူမှုကွန်ရက်အခြေပြု၍ ငွေကြေးလိမ်လည်ရယူမှုများနှင့် ငွေစက္ကူအတုပြုလုပ်သုံးစွဲရောင်းဝယ်သူများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ဖော်ထုတ်ဖမ်းဆီးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့အရောင်းအဝယ်ပြုလုပ်မှုများကိုသိရှိပါက နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (မြဝ)

# ရွာငံမြို့နယ် နွားဘန်းကြီးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ခြောက်ဦးကို ဖမ်းဆီးထားသည်ဟု သတင်းတု၊သတင်းမှားများ လုပ်ကြံရေးသားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ နွားဘန်းကြီးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူခြောက်ဦးကို နိုဝင်ဘာ ၂၆ ရက်တွင် ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား၍ ဝါဒဖြန့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရွာငံမြို့နယ်အတွင်း သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းများမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)




# မော်လမြိုင်ကျွန်းတွင် အမျိုးသားများရှိသည့် နေအိမ်များကို ကျပ်ငွေ တစ်သိန်းမှစတင်ကာ ကျေးရွာရာအိမ်မှူးက ငွေကြေးကောက်ခံလျက်ရှိကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဘေကျေးရွာအုပ်စု ကွင်းချောင်းကြီးကျေးရွာတွင် ကျေးရွာရာအိမ်မှူးက တပ်နှင့်ပေါင်းကာ အမျိုးသားများရှိသည့် နေအိမ်များကို ပြည်သူ့စစ်မှုထမ်းအကြောင်းပြ၍ ငွေများ တောင်းယူလျက်ရှိကြောင်း မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မော်လမြိုင်ကျွန်းမြို့နယ်မှ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာဆောင်ရွက်လျက်ရှိပြီး ငွေကြေးတောင်းခံခြင်း၊ အဓမ္မဖိအားပေးစုဆောင်းခြင်းများ လုပ်ဆောင်မှုမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်လျက်ရှိပြီး ပြည်သူလူထုမှလိုက်ပါဆောင်ရွက်မှုမရှိစေရေး၊ အစိုးရနှင့်တပ်မတော်အပေါ် ပြည်သူလူထု၏ ထောက်ခံမှုကျဆင်းစေရေး သတင်းမှားများကို ဝါဒဖြန့်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည်နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Wana"Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဆင်ကျုံးကျေးရွာနေ အောင်မျိုးလွင်အား ဆတ်သွားနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# စပိန်နိုင်ငံ၏ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသခြင်းအတွေ့အကြုံများ

လူ့ခန္ဓာကိုယ်ကို မရှိမဖြစ်ကိုယ်တွင်းအင်္ဂါများဖြင့် ဖွဲ့စည်းထားသည်။ ကိုယ်အင်္ဂါတစ်ခုချင်းစီတွင်လည်း သီးသန့်တာဝန်ကိုယ်စီရှိကြသည်။ လူ့ခန္ဓာကိုယ်ကြီး ပုံမှန်တုံ့ပြန်လှုပ်ရှားရပ်တည်နိုင်ရန် ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုချင်းစီက ကျန်းကျန်းမာမာဖြင့် အလုပ်လုပ်နိုင်ရန်လိုအပ်သည်။ ကိုယ်တွင်းအင်္ဂါ ကလီစာများတွင် တစ်စုံပါသည့် ကျောက်ကပ်ကဲ့သို့ ကိုယ်တွင်းအင်္ဂါရှိသလို နှလုံး၊ အသည်း စသဖြင့် တစ်ခုတည်းသာပါသည့် ကိုယ်တွင်းအင်္ဂါများလည်း ရှိသည်။ အချို့ကိုယ်တွင်းကလီစာများက ရောဂါ တစ်ခုခုကြောင့် တစ်စုံတစ်ရာသောအတိုင်းအတာထိ ဖြတ်ထုတ်လိုက်ရသည့်တိုင်အောင် အသက်ဆက်လက် ရှင်သန်၍ရနိုင်သည်။ ဥပမာ-အစာအိမ်၊ အူမကြီး ကဲ့သို့ အချို့ကိုယ်တွင်းအင်္ဂါများသည် မည်သည့် အစိတ်အပိုင်းကိုမျှ ဖြတ်ထုတ်၍မရနိုင်အောင် နုနယ်ကြသည်ဖြစ်သည်။ ဥပမာ-နှလုံးဖြစ်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုစီတွင် ရောဂါကပ်ငြိပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်များကိုမထမ်းဆောင် နိုင်တော့သည့်အခါ မကောင်းသည့်အစိတ်အပိုင်းကို ကောင်းသည့်အပိုင်းဖြင့် လဲလှယ်အစားထိုးနိုင်ရန် စဉ်းစားလာကြသည်။ ဆေးသိပ္ပံပညာရပ်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးကုသသည့် ဆေးပညာရပ်များ တစ်ခေတ် ဆန်းလာပြီး လူ့အသက်များစွာကိုလည်း ကယ်တင် နိုင်ခဲ့ကြသည်။

ယနေ့ကမ္ဘာကြီးပေါ်မှာ ကိုယ်တွင်းအင်္ဂါအစားထိုးကုသမှုလိုအပ်ချက်များ၏ ၁၀ ရာခိုင်နှုန်းကိုသာ ပြည့်မီအောင် ဖြည့်ဆည်းကုသနိုင်ကြောင်း တွေ့ရှိရသည်။ ငွေကြေးအင်အားတောင့်တင်းသည့် အမေရိကန်နိုင်ငံနှင့် စပိန်နိုင်ငံများတွင် လူတစ်သန်းလျှင် ဦးရေ ၁၃၀ ကိုယ်အင်္ဂါအစားထိုးခွဲစိတ်နိုင်ချိန်တွင် အိန္ဒိယနိုင်ငံ၏ လူဦးရေ တစ်သန်းလျှင် ၁၂ ဦးသာ ကိုယ်အင်္ဂါအစားထိုးကုသခွင့်ရရှိကြသည်။ အာဖရိက နိုင်ငံအများစုအပါအဝင် ကျန်ဖွံ့ဖြိုးဆဲနိုင်ငံများစွာမှာ ကိုယ်အင်္ဂါအစားထိုးစီမံချက်များ မထူထောင်နိုင်ကြသေးပါ။ ကိုယ်အင်္ဂါအစားထိုးခွဲစိတ်ကုသမှုစီမံချက်များရေးဆွဲရာတွင် အစားထိုးထည့်သွင်းမည့် ကိုယ်တွင်းကလီစာများ လုံလုံလောက်လောက် ရရှိနိုင်ရေးစီမံချက်များကိုပါ ထည့်သွင်းရေးဆွဲရသည်။ ထိုသို့မဟုတ်ပါက ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် တရားမဝင်ကိုယ်တွင်း ကလီစာမှောင်ခိုဈေးကွက်ကြီးတစ်ခု ပေါ်ပေါက်လာပြီး ရာဇဝတ်မှုများပါ ထူပြောလာနိုင်သည်။

ထိုပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ၂၀၂၄ ခုနှစ် မေလတွင် စပိန်နိုင်ငံက ဦးဆောင်ပြုလုပ်သည့် ကမ္ဘာ့ကျန်းမာရေးညီလာခံကြီး၌ ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ကြသည်။ ထိုသို့ ဦးဆောင်ပြုလုပ်နိုင်ရခြင်းမှာ စပိန်နိုင်ငံ၏ကိုယ်အင်္ဂါအစားထိုး ခွဲစိတ်ကုသခြင်းလုပ်ငန်းများအပေါ် ရေရှည်မြှုပ်နှံ ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် စပိန်နိုင်ငံသည် ကမ္ဘာပေါ်၌ ကွယ်လွန်သူများထံမှ ကိုယ်တွင်းအင်္ဂါလှူဒါန်းမှုနှုန်း အများဆုံးနိုင်ငံဖြစ်လာခဲ့သည်။ လူဦးရေ တစ်သန်းလျှင် ကိုယ်တွင်းအင်္ဂါလှူဒါန်းသူ ၄၉ ဒသမ ၄ ဦးဖြစ်သည်။

စပိန်နိုင်ငံ၏ကိုယ်တွင်းအင်္ဂါ အစားထိုးကုသမှု အောင်မြင်ရခြင်းမှာ အခြေခံအကြောင်းရင်း သုံးချက် အပေါ်တွင်မူတည်သည်။ တိကျခိုင်မာသည့် ကိုယ်အင်္ဂါအစားထိုးကုသမှုဥပဒေမူဘောင်ရှိခြင်း၊ အင်အားတောင့်တင်းသည့် ဆေးဘက်ဆိုင်ရာခေါင်းဆောင်မှုရှိခြင်း၊ အမျိုးသားကိုယ်အင်္ဂါအစားထိုးကုသမှုအဖွဲ့ကြီး(ONT) မှ ကွန်ရက်တစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်ခြင်း စသည့်အကြောင်းရင်းသုံးချက်ဖြစ်သည်။ ထိုအခြေခံအချက်ကြီးများ ပေါင်းစပ်လုပ်ဆောင်မှုကြောင့် ဆယ်စုနှစ်တစ်စုအတွင်း စပိန်နိုင်ငံ၏ ကွယ်လွန်သူများထံမှ ကိုယ်တွင်းအင်္ဂါထုတ်ယူရရှိမှု နှစ်ဆတိုးတက်လာခဲ့ပါသည်။ ကိုယ်တွင်းအင်္ဂါများ အစားထိုးကုသနိုင်ရာတွင် ခိုင်မာသည့် လူမှုရေး နှင့် နိုင်ငံရေးဆိုင်ရာထောက်ခံအားပေးမှုလည်း လိုအပ်သည်။ စပိန်နိုင်ငံ၏ ကိုယ်တွင်းအင်္ဂါအစားထိုး ကုသမှုများအတွက် ဖွဲ့စည်းတည်ဆောက်ပြင်ဆင်ထားမှုသည် အခြားနိုင်ငံများအတွက် အတုယူဖွယ်ဖြစ်သည်။

**❖စပိန်နိုင်ငံ၏ကိုယ်တွင်းအင်္ဂါ အစားထိုးကုသမှုအောင်မြင်ရခြင်းမှာ အခြေခံအကြောင်းရင်း သုံးချက်အပေါ်တွင်မူတည်သည်။ တိကျခိုင်မာသည့် ကိုယ်အင်္ဂါအစားထိုးကုသမှုဥပဒေမူဘောင်ရှိခြင်း၊ အင်အားတောင့်တင်းသည့် ဆေးဘက်ဆိုင်ရာခေါင်းဆောင်မှုရှိခြင်း၊ အမျိုးသားကိုယ်အင်္ဂါအစားထိုးကုသမှုအဖွဲ့ကြီး(ONT) မှ ကွန်ရက်တစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်ခြင်း စသည့်အကြောင်းရင်း သုံးချက်ဖြစ်သည်။ ထိုအခြေခံအချက်ကြီးများ ပေါင်းစပ်လုပ်ဆောင်မှုကြောင့် ဆယ်စုနှစ်တစ်စုအတွင်း စပိန်နိုင်ငံ၏ ကွယ်လွန်သူများထံမှ ကိုယ်တွင်းအင်္ဂါထုတ်ယူရရှိမှု နှစ်ဆတိုးတက်လာခဲ့ပါသည်။ ❖**

စပိန်နိုင်ငံ၏ ကိုယ်အင်္ဂါအစားထိုးကုသမှုများဆိုင်ရာဥပဒေအရ နိုင်ငံသားတိုင်းသည် ကိုယ်တွင်းအင်္ဂါလှူဒါန်းသူများဖြစ်ကြသည်။ ကွယ်လွန်ချိန်တွင် မိမိ၏ကိုယ်တွင်းအင်္ဂါများကို ထုတ်ယူခွင့်ပြုရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ သို့သော် နောက်ဆုံးအချိန်၌ ကျန်ရစ်သူမိသားစု၏ခွင့်ပြုချက်ကို တောင်းခံရန်လိုအပ်သည်ဟု ပြဋ္ဌာန်းထားသည်။ ၎င်းကို Opt-out စနစ်ဟုခေါ်သည်။ ထိုစနစ်ကို ကျင့်သုံးသည့် နိုင်ငံတချို့ရှိသော်လည်း စပိန်နိုင်ငံကဲ့သို့ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများမလာဟုဆိုသည်။ ဥပမာ စပိန်မိသားစုဆယ်စုမှာ ရှစ်စုက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းရန် သဘောတူညီကြသော်လည်း ဗြိတိသျှမိသားစု ဆယ်စုမှာ ခြောက်စုကသာလျှင် လှူဒါန်းရန် ခွင့်ပြုကြသည်ကို တွေ့ရသည်။

လှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း ရရှိနိုင်ရန်က Opt- out စနစ်တစ်ခုတည်းရှိရုံဖြင့် မလုံလောက်နိုင်ပါ။ ၁၉၇၉ ခုနှစ် စပိန်နိုင်ငံ၏ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းအစားထိုးကုသမှု ဥပဒေပေါ်ပေါက်လာချိန်တွင် ထင်သာမြင်သာရှိပြီး နိုင်ငံ၏အရပ်ရပ်၌ ညီညွတ်မျှတသည့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများရရှိနိုင်ရန် အာမခံချက်ပေးထားခဲ့သည်။ ထိုဥပဒေကို ဆေးဘက်ဆိုင်ရာကော်မတီနှင့် အမျိုးသားကိုယ်အင်္ဂါအစားထိုးကုသမှုဆိုင်ရာအဖွဲ့ကြီး (ONT) တို့မှ အကြံဉာဏ်များဖြင့် ပုံမှန်ပြန်လည်သုံးသပ်အဆင့်မြှင့်တင်လာခဲ့သည်။ ယနေ့အချိန်တွင် အသက် ၈၀ ကျော် အလှူရှင်များနှင့် ကူးစက်ရောဂါပိုးရှိနေသူတချို့ထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ထုတ်ယူနိုင်ဖို့ထိ ခွင့်ပြုလာခဲ့သည်။

သေဆုံးသူထံမှ လှူဒါန်းသည့်ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်းမှာ နည်းပညာဆိုင်ရာလိုအပ်ချက်အချို့ရှိသည်။ သေဆုံးသူသည် ဆေးရုံပေါ်တွင် သက်တောင့်သက်သာကွယ်လွန်လျှင် ပိုကောင်းသည်။ နှလုံးရပ်သွားပြီး သွေးလှည့်ပတ်စီးဆင်းမှုများရပ်တန့်ပြီးပြီးချင်း ခန္ဓာကိုယ်မအေးစက်သွားခင် ကိုယ်တွင်းအင်္ဂါများကို ထုတ်ယူနိုင်ရန် အရေးကြီးသည်။ နှလုံးရပ်သွားချိန်ကြာမြင့်သွားလျှင် ကိုယ်တွင်းကလီစာများသို့ သွေးရောက်ရှိမှုရပ်တန့်သွားချိန်လည်း ကြာမြင့်သွားကာ ကိုယ်တွင်းကလီစာများ ပုပ်သွားနိုင်သည်။ ထိုအခါ လှူဒါန်းကိုယ်တွင်းအင်္ဂါကို အသုံးပြုနိုင်မည်မဟုတ်ပေ။ စပိန်နိုင်ငံတစ်ဝန်းလုံးမှ ကိုယ်တွင်းအင်္ဂါအစားထိုးမှုများ၏ ၄၅ ရာခိုင်နှုန်းကို နှလုံးရပ်ပြီးပြီးချင်းထုတ်ယူမှုများမှ ရရှိနေသည်။

ကိုယ်တွင်းအင်္ဂါ အစားထိုးကုသမှုလုပ်ငန်းစဉ်အတွက် 'ကိုယ်အင်္ဂါအစားထိုးကုသခြင်းဆိုင်ရာညှိနှိုင်းဆောင်ရွက်ပေးရေးတာဝန်ခံ' (Transplant Coordinator)တစ်ဦးလိုအပ်သည်။ ထိုတာဝန်ကို ထမ်းဆောင်သူမှာ အထူးကြပ်မတ်ကုသဆောင်(ICU) မှ ဆရာဝန်တစ်ဦးဦးဖြစ်လေ့ရှိသည်။ ICU မှ ဆရာဝန်ဖြစ်သည့်အတွက် အလှူရှင်ဖြစ်လာနိုင်ဖွယ်ရှိသည့် လူနာများကိုသိသည်။ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုအလှူခံရန် စောင့်ဆိုင်းနေကြသူလူနာများကိုလည်းသိနိုင်သည်။ နှစ်ဖက်မိသားစုဝင်များကိုလည်း သိနေသည်။ ကိုယ်တွင်းအင်္ဂါများကို ထုတ်ယူ၊ ထည့်သွင်းပေးကြမည့် ခွဲစိတ်အထူးကုဆရာဝန်များကို ချိတ်ဆက်ပေးနိုင်သူလည်းဖြစ်နေသည်။

Transplant Coordinator အလုပ်လုပ်လျှင် လုပ်သလို ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးခွဲစိတ်မှုများ ပိုမိုများပြားလာမှာဖြစ်သည်။ တစ်ဖက်မှာလည်း ONT အဖွဲ့ကြီးက ကိုယ်တွင်းအင်္ဂါအစားထိုးခွဲစိတ်ကုသမှုများကို ထိန်းချုပ်ထားသည်။ စပိန်နိုင်ငံသည်Transplant Coordinator များကို စနစ်တကျလေ့ကျင့်ပေးထားသည်။သွားလေသူလူနာ၏မိသားစုဝင်များကို နှစ်သိမ့်အားပေးတတ်ရန်လည်း လေ့ကျင့်ပေးထားသည်။ ထို့ပြင် ကိုယ်အင်္ဂါအစားထိုးခွဲစိတ်ကုသမှုပါဝင်သည့်အဖွဲ့သားများကိုလည်း စဉ်ဆက်မပြတ်လေ့ကျင့်ပေးနေရသည်။

ကွယ်လွန်သွားသည့် လူနာတစ်ဦးထံမှ ကိုယ်တွင်းအင်္ဂါများကို အလှူခံခြင်းသည် အလွန်ထိလွယ်ရှလွယ်ရှိလှသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ကိုယ်တွင်းအင်္ဂါကို အလှူခံပြီး လက်ခံယူမည့် လူနာကို စကားပြောရသည်ထက် ကိုယ်တွင်းအင်္ဂါကို ထုတ်ယူခြင်းခံရမည့် အလှူရှင်မိသားစုများနှင့် ဆက်သွယ်ပြောဆိုရသည်က ပိုမိုခက်ခဲသည်။ ကိုယ်တွင်းအင်္ဂါများလှူဒါန်းခြင်းသည် ကြောက်ရွံ့စိုးရိမ်မှုနှင့်နားလည်မှုလွဲနိုင်ခြေများ ပြည့်နှက်နေတတ်သည့်၊ နူးညံ့ပြီး ထိခိုက်လွယ်သည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

စပိန်နိုင်ငံ၏ ONT အဖွဲ့ကြီးသည် အများပြည်သူကို အသိပညာပေးခြင်းနှင့် ထင်သာမြင်သာရှိသော လူမှုဆက်ဆံရေးလုပ်ငန်းများကို ဦးဆောင်ဆောင်ရွက်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများ လှူဒါန်းသည့်သတင်းများကို လူထုလူတန်းစားများကြား ထိတွေ့သိရှိမှုများလာစေရန် လှုံ့ဆော်မိတ်ဆက်ပေးသည်။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းမှုအပေါ် ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်း၏ခံယူချက်သဘောထားအမြင်များ ပြောင်းလဲလာစေရန် ပုံသွင်းဖန်တီးပေးခဲ့သည်။

ONT အဖွဲ့ကြီးမှ ဦးဆောင်လျက် လူသားတစ်ယောက် သေဆုံးခြင်းဟူသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လူထုအတွင်းသဘောပေါက်နားလည်လာစေရန် ပြန်လည်ရှင်းပြပေးရသည်။ ဥပမာ ကွယ်လွန်သူတစ်ဦးအနေဖြင့် အသက်ရှူရပ်သွားပြီး မျက်လုံးသူငယ်အိမ်ကျယ်နေပြီဆိုရင် ၎င်းကိုဦးနှောက်သေဆုံးခြင်း(Brain Death) ဟုခေါ်သည်။ ထိုအခြေအနေတွင် စစ်တမ်းကြည့်လိုက်လျှင် နှလုံးလှုပ်ရှားမှုအနည်းငယ် တွေ့ကောင်းတွေ့နိုင်မည်။ ခန္ဓာကိုယ်ကလည်း ပူပူနွေးနွေးရှိနေဦးမည်။ လူတစ်ဦး၏ကွယ်လွန်ချိန်ကို ၎င်းနှလုံးလှုပ်ရှားမှုများအားလုံး ရပ်တန့်သွားချိန်ကို သတ်မှတ်သည်။ Circulatory Death ဟုခေါ်သည်။

Transplant Coordinator တစ်ဦး၏တာဝန်သည် ဦးနှောက်သေဆုံးခြင်း (Brain Death) နှင့် နှလုံးရပ်တန့်သေဆုံးခြင်း(Circulatory Death) အကြားတွင် ကိုယ်တွင်းအင်္ဂါများကို ထုတ်ယူနိုင်ရန်၊ တစ်နည်းအားဖြင့် ကျောက်ကပ်၊ အသည်း စသည်များကို အလှူခံနိုင်ရန် ကွယ်လွန်သူ၏မိသားစုနှင့်ကြိုတင်စကားပြောဆိုရခြင်းဖြစ်သည်။ ကွယ်လွန်သူ၏ မိသားစု သို့မဟုတ် ကိုယ်တွင်းအင်္ဂါအလှူရှင်မိသားစုက လူနာ၏သေဆုံးမှုကိုလက်ခံပါမည်လား၊ 'ပူပူနွေးနွေးပဲရှိနေသေးတယ်၊ ခဏစောင့်ပါဦး'ဟုပြောချင်လည်းပြောမည်။ နှလုံးမှမရပ်သေးတာဟု တုံ့ပြန်ချင်လည်းတုံ့ပြန်မည်။ ထို့ကြောင့် ကွယ်လွန်သူ၏ ကိုယ်တွင်းအင်္ဂါကို အလှူခံခြင်းသည် လွန်စွာသိမ်မွေ့သည့် ထိတွေ့ဆက်ဆံရေးတစ်ရပ်ဟုဆိုကြခြင်းဖြစ်သည်။

ကွယ်လွန်သူတစ်ဦးထံမှ ကိုယ်တွင်းအင်္ဂါများ ထုတ်ယူနိုင်ရေးမှာ အလွန်လက်ဝင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် စီမံချက်များချမှတ်ပြီး အဖွဲ့အစည်းများစွာက ဝင်ရောက်လုပ်ဆောင်ရသည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပါသည်။ ဥပဒေစည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ တိတိကျကျချမှတ်ပြီး ထင်သာမြင်သာဆောင်ရွက်နိုင်ပါမှ ကိုယ်တွင်းအင်္ဂါအလှူရှင်များ၏ ယုံကြည်မှုကိုရရှိပြီး လိုလိုချင်ချင် လှူဒါန်းကြမည်ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် ကိုယ်အင်္ဂါအစားထိုးကုသခြင်းနှင့် ကိုယ်တွင်းအင်္ဂါများ အလှူခံခြင်းလုပ်ငန်းစဉ်များကို ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာ ချမှတ်ဆောင်ရွက်နေသည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံကြား ကိုယ်တွင်းအင်္ဂါအစားထိုးခွဲစိတ်မှုများအပေါ် ယဉ်ကျေးမှုအရ၊ ဘာသာရေးအရ၊ ကျင့်ဝတ်ပိုင်းအရ၊ လူ့အဖွဲ့အစည်းအရ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ခံယူချက်အရ ကွာဟမှုများရှိနေသည်။ ကိုယ်တွင်းအင်္ဂါအစားထိုးကုသမှုခြင်းမှာ လူသားတို့၏သက်တမ်းကို ရှည်လျားစေသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စပိန်နိုင်ငံ၏ ကိုယ်တွင်းအင်္ဂါများ အလှူခံရရှိနိုင်ရေးလုပ်ဆောင်ချက်များမှာ အတုယူဖွယ်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

**– Organ Donation: lessons from the Spanish model from Lancet September,2024**

**ဒေါက်တာလွှမ်းမိုးဟန်**

ဝတ္ထုတိုကဏ္ဍ

# လက်ကျန် ပန်းတစ်ပွင့်

## အရှင်ကိတ္တိသာရ (လက္ကပင်)



(၁)

ညအမှောင်က အလင်းရောင်ကို သိမ်းပိုက်အုပ်စိုးဖို့ စတင်ချီတက်လာလေပြီ ။ မရဲတရဲ ဖြတ်ပြေးလာကြသည့် လေပြေများက သူ့မျက်နှာပြင်ကို ရိုက်ခတ်သွားကြ၏။ ဒေါသတရား၏အရောင်တင်ပေးမှုကြောင့် သူ့မျက်နှာပြင်တစ်ခုလုံး အနီရောင်သမ်းနေသည်။ သနပ်ခါးရေကျဲကျဲကို လိမ်းထားသော်လည်း သူ့မျက်နှာမှာ တွေ့မြင်နေရသည်က သောကပုံရိပ်များ။ သူ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်၏။ အရပ်လေးမျက်နှာက ပစ်ခတ်လာသည့် လှောင်ရယ်သံများကြားမှာ မျှော်လင့်ချက် အိပ်မက်များက အသက်ရှင်ရပ်တည်ဖို့ရာ မလွယ်ကူတော့။

ကျက်မှတ်နေရသည့် လောကဓံ စာမျက်နှာက သူ့အတွက် အဖြေမဲ့ ပုစ္ဆာတစ်ပုဒ်လို ။ အပင်ပန်းခံကာ ကြိုးစားခဲ့ရခြင်း၏ နောက်ဆုံးရလဒ်ကိုလည်း အနုတ်ကိန်းတစ်ခုဖြင့် အဆုံးမသတ်လိုပါ။ သေးငယ်သော မျှော်လင့်ချက်ရောင်နီကလေးသည် တစ်စတစ်စ မှေးမှိန်ပျောက်ကွယ်လာသည်။ သူ မျက်စိအစုံကို မှိတ်ထားလိုက်၏ ။ သူစိမ်းဆန်လှသော ကံကြမ္မာကိုလည်း စိတ်ထဲကနေ အပြစ်တင်လိုက်သည်။

" စိတ်ညစ်မနေပါနဲ့ မိလွင်ရယ် ။ ညည်းသမီးလဲ အကောင်းဆုံး သီဆိုပြီး ယှဉ်ပြိုင်ခဲ့တာပဲ။ ဒါမျိုးဆိုတာကလဲ ကံပါမှ အောင်မြင်တာ၊ ကလေးက အစောကတည်းက ဝင်မပြိုင်ချင်ဘူး ပြောသားပဲ။ ညည်းကိုက အဖြစ်သည်းတာပါ။ ကလေးကို အပြစ်မတင်ပါနဲ့အေ။ ညည်းကိုယ်တိုင်တောင်မှ အဆိုတော်မဖြစ်ခဲ့တာပဲ။ အခုတော့ သူ့ခမျာ ငိုနေရှာတယ်"

အစ်မကြီး၏စကားက သူ့မာနတရားကို ထိပါးလာသည်မို့ ဒေါသတရားများက အလိပ်လိပ်စောင့်တက်လာသည်။ ဒဏ်ရာနက်နက်တွေကို ပန်းတစ်ပွင့်လို နမ်းရင်း အမှောင်ညတွေမှာ အိပ်မပျော်ခဲ့ရသော နေ့စွဲတွေ၊ ကြယ်ကြွေတိုင်း တိတ်တိတ်ကလေး ဆုတောင်းခဲ့ရသော ခြောက်သွေ့နေ့ရက်တွေဟာ သမီးတွေအတွက်ဆိုတာ အစ်မကြီးမသိလေရော့သလား ။

" ဒီမှာ အစ်မ ကျွန်မကိုယ်တိုင် အဆိုတော် မဖြစ်ခဲ့လို့။ အခုလို သမီးတွေကို ဒုက္ခခံပြီး ပျိုးထောင်ပေးနေတာလေ"

ရှေ့ဆက်ပြောလျှင် အမှားပါမည်စိုး၍ အိမ်ပြင်ထွက်ကာ လှေကားထစ်တွင် ထိုင်နေလိုက်သည်။ အသက်ကို မှန်မှန်ရှူ၍ ရင်ထဲက ဒေါသများကို ဖြေလျှော့လိုက်၏။ စိုက်ပျိုးတိုင်း ပွင့်မည်ထင်ခဲ့သော ပန်းပင်များက မျှော်လင့်ထားသလို ဖြစ်မလာခဲ့။ ဘဝဆိုသည်မှာ သူ့အတွက်တော့ ခြောက်သွေ့သော ကန္တာရတစ်ခုလို။

သူ့မှာသမီးသုံးယောက်ရှိ၏။ သမီးသုံးယောက်၏ အဘိုးက ပတ္တလားဆရာ ၊ နှဲဆရာ၊ မြန်မာတူရိယာ တော်တော်များများကို တီးမှုတ်တတ်၏။ အနုပညာ အသိုင်းအဝိုင်းတွင် တစ်ခေတ်တစ်ခါက နာမည်ကြီး အဆိုတော် တော်တော်များများ၊ မြန်မာ့အသံ အစီအစဉ်အတွက် သီချင်းတိုက်သည့်အခါတိုင်း သူတို့အိမ်မှာပင် လေ့ကျင့်နေကျ။

နာမည်ကြီး အဆိုတော်များကိုလည်း ငယ်ငယ်ကတည်းက သူတွေ့ဖူး၏။ ထို့ကြောင့် အနုပညာလောကနှင့် မစိမ်း။ အဖေကလည်း သူ့ကို အဆိုတော်တစ်ယောက် ဖြစ်စေချင်ခဲ့သည်။ အဆိုတော်ဖြစ်ဖို့ ပါရမီလည်း သူ့မှာ ပါခဲ့ပါသည်။ အတားအဆီးတစ်ခုက လူရှေ့သူရှေ့မှာ သီချင်းဆိုရခြင်းကို ရှက်ခြင်းပင်ဖြစ်၏။ ထို့ကြောင့်လည်း သူ အဆိုတော် မဖြစ်ခဲ့။

အိမ်ထောင်ကျပြီး၍ သမီးကလေးများ မွေးလာသည့်အခါ အဘိုးဖြစ်သူက သူ့မြေးလေးများကို မျှော်မှန်းရှာသည်။ သူ မဖြစ်ခဲ့သော အဆိုတော်ဘဝကို သူ့မြေးလေးများကို ဖြစ်စေချင်ခဲ့သည်။ အကြီးဆုံး သမီးက အဆိုဘက် ဝါသနာမပါ။ အဘိုးသာ ဆုံးသွားသည်။ သူ့မျှော်လင့်ချက်တို့ ပြည့်ဝမသွားခဲ့။

နေ့လယ်ကလည်း သမီးအလတ် ရုပ်ကွက်သီချင်း အဆိုပြိုင်ပွဲမှာ ဝင်ပြိုင်သည်။ ပရိသတ်ကြောင့်လားမသိ။ သီချင်းအဝင်အထွက်တွေကမှား၊ အသံတွေကတုန်၊ အမြင့်ဆိုရမည့် နေရာတွေမှာလည်း အသံက မရောက်။ အခေါက်ခေါက် အခါခါ သေချာလေ့ကျင့်ပေးထားပါလျက် တကယ့်ပြိုင်ပွဲမှာ အယောင်ယောင် အမှားမှား ။ သည်ကြားထဲ အငယ်ဆုံးသမီးက သူ့အစ်မဆိုနေတုန်း စင်ပေါ်တက်၍ မိုက်ကို ဆွဲလုသောကြောင့် ဟာသဖြစ်ခဲ့ရသေးသည်။ အငယ်မကတော့ တကယ့်သတ္တိခဲ။

(၂)

" ဆောင်းမှာ ခရေ၊ နွေမှာလည်း သဇင်၊ မိုးတွင် ပန်းပိတောက်၊ သြော် ပွင့်တဲ့နောက်နေ့ ၊ တို့ပြန်တွေ့ကြစေသား၊ ဆုတောင်းမှားခဲ့လေသလား အချစ်ရယ် "

အိမ်ခန်းထဲမှ သီချင်းဆိုသံ သဲ့သဲ့လေး လွင့်ပျံထွက်ပေါ်လာ၏။ သာယာနာပျော်ဖွယ် ကောင်းလွန်းလှသည့် အသံ ။ အသံက ကြည်လင်ပြတ်သားလှသလို အဆွဲအငင် အရစ်အဝိုက်ကလည်း ကောင်း၏။ ကီးအဝင်အထွက်ကအစ အရာအားလုံးက ကွက်တိ။

"ဆုတောင်းမှားခဲ့သူဟာ သူ့အကြောင်း တရားနဲ့သူပါ၊ သုဘဒ္ဒါနဲ့ မေဓာဝီ အခက်ပွေလီ၊ သမုဒယကမ္ဘာရဲ့ မြေမဟာပထဝီ သက်သေတည်၊ ခုဘဝမှာလည်း ကျေပါစေ အမျက်ဖြေမည်၊ မရှုမလှ ကျွန်မအသည်း ကြွေပါသည် မျက်ရည်မဆည်၊ တို့များဆုတောင်းမှားခဲ့လေသလားကွယ် "

သူ ဂရုတစိုက် နားထောင်နေတုန်းမှာပဲ နောက်တစ်ပိုဒ်ဆိုသံ ထွက်ပေါ်လာသည် ။ ကောင်းလိုက်သည့်အသံ။ သူ့စိတ်ထဲ ဖြတ်ခနဲ အတွေးတစ်စ လင်းလက်သွား၏။ မပွင့်တစ်ပွင့် အပြုံးလေး ပြုံးလိုက်ပြီး အိမ်ထဲ ချက်ချင်းပြေးဝင်လိုက်သည်။ အငယ်ဆုံးသမီးက တီဗွီကလာသည့် သီချင်းကို ယပ်တောင်ရိုးကို မိုက်လုပ်၍ အပီအပြင် လိုက်ဆိုနေသည် ။

သူရှာဖွေနေခဲ့သော ထူးခြားသည့် အသံနှင့်အဆို၊ ယခုတော့တွေ့ပြီ။ အနားမှာရှိနေပါလျက် မမြင်ခဲ့သော ရတနာတစ်ခု။ သမီးလေး၏ ပါရမီ၊ ဝါသနာ၊ အဆိုပညာအားလုံးကို အခုမှသေချာသတိထားမိသည်။ မသင်ရပါဘဲ ကြားရုံနှင့် ကီးအဝင်အထွက်မှန်အောင် ဆိုတတ်နေပြီ ။ စာမသင်ဖူးသေးဘဲ သီချင်းစာသားများ ရနေတတ်သည့် သမီးကို နားလည်တတ်ကျွမ်းသည့် ဆရာတစ်ယောက်ယောက်ဆီမှာများ အဆိုပညာ သင်ခိုင်းရလျှင်။ သူ ရင်တုန်သွား၏။ အမယ်လေး ဘုရား ဘုရား။

သည်သမီးလေးကို ဘယ်လိုအခက်အခဲပဲရှိရှိ ဖြစ်မြောက်အောင် ပျိုးထောင်ပေးမည်ဟု သူ ဆုံးဖြတ်လိုက်သည် ။ တစ်နေ့မှာ အောင်မြင်သည့် နာမည်ကြီး အဆိုတော်တစ်ယောက် ဖြစ်လာစေရမည်။ နောက်ဆုံးလက်ကျန် ပန်းတစ်ပွင့် အစွမ်းကုန်ပွင့်ဖို့ တိတ်တိတ်ကလေး ဆုတောင်းလိုက်၏။ နောက်နေ့တွင် သမီးကိုခေါ်၍ အဆိုပညာသင်ယူဖို့ အဆိုတော်ကြီးတစ်ယောက်ဆီ သွားအပ်ပေးလိုက်၏။

(၃)

"ညည်းသမီးလေးက တကယ့်ပါရမီရှင်ပါအေ။ ငါဖြင့် သူ့ကို တကယ်အံ့ဩတယ်။ ဘာပဲသင်သင် ခဏလေးနဲ့ နားလည်တယ်။ သူ့နှလုံးသားထဲမှာ ဂီတသွေးတွေ လည်ပတ်နေတာ ဒီလောက်ဆို ငါသိပါပြီ။ ကလေးကို ကောင်းကောင်းစောင့်ရှောက်ပါအေ။ တစ်နေ့ သေချာပေါက်အောင်မြင်လာမဲ့အဆိုတော်ပေါက်စကလေးရယ်။ အဆိုပညာတွေတော့ ငါတတ်သလောက် အိတ်သွန်ဖာမှောက် အကုန်သင်ပေးပြီးပြီ။ ညည်းသမီး ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်မှာ"

ထိုနေ့က အဆိုတော်ကြီး၏ ချီးကျူးစကားတွေ ကြားရတော့ သူ့ရင်ထဲမှာ တသိမ့်သိမ့်။ နှစ်အတော်ကြာအောင် ဒုက္ခတွေကို ထမ်းရွက်ခဲ့ရသူမို့ ပင်ပန်းတာတော့ အမှန်ပင်။ သို့သော်လည်း ယခုတော့ တောက်ပသည့် နံနက်ခင်းများကို မြင်နေရပြီ ။ ရှုံးနိမ့်မှုတွေကို တယုတယ ဖက်နမ်းရင်း ကျော်ဖြတ်ခဲ့ရသည့် နေ့စွဲများ အဆုံးသတ်တော့မည်ဟု စိတ်ထဲက ယုံကြည်နေမိပြီ။

သမီးက အဆိုပြိုင်ပွဲများ ဆက်တိုက်ဝင်ရောက်ယှဉ်ပြိုင်သည်။ ပထမဆုံးပြိုင်ပွဲမှာပင် ပထမဆုကို သိမ်းပိုက်နိုင်ခဲ့၏။ အောင်မြင်မှုရနံ့သည် ချိုမြိန်လှသည်။ ထို့နောက် ပြိုင်ပွဲတော်တော်များများတွင် ဆုများစွာရရှိခဲ့၏။ အခြားသူများက တိုက်တွန်းကြသဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ဖို့ ကြိုးစား ယှဉ်ပြိုင်ခဲ့သည်။ သည်တစ်ခါ ကံကြမ္မာက မျက်နှာသာမပေးထင့်။ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ယှဉ်ပြိုင်ခွင့်နှင့် လွဲချော်ခဲ့ရသည်။

အိမ်ပြန်ရောက်တော့ သားအမိနှစ်ယောက် ငိုခဲ့ကြရ၏ ။ မျှော်လင့်ချက်များ ရိုက်ချိုးခံလိုက်ရသလို ခံစားရသည်။ သမီးလေးက ပို၍ဆိုး၏။ သူ့ခမျာ သည်ပြိုင်ပွဲကို တော်တော်လေး မျှော်မှန်းထားရှာသည်။ အကောင်းဆုံး ကြိုးစားခဲ့သည်မို့ မည်သူ့ကိုမှ အပြစ်မတင်ချင်တော့။

" စိတ်မပျက်ပါနဲ့ဗျာ။ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုမပါပေမဲ့ ခင်ဗျားတို့အတွက် မျှော်လင့်ချက် နည်းနည်းလေးတော့ ရှိပါသေးတယ်။ ဒါကလဲ တော်တော် နည်းပါတယ်။ ဒါပေမဲ့ ဘာမှမျှော်လင့်ချက်မရှိတာနဲ့ စာရင်တော့ မဆိုးဘူးပေါ့ဗျာ"

အသိမိတ်ဆွေတစ်ယောက်က အိမ်ကိုအလည်လာရင်း ပြောတော့ အားတက်သွားကြသည်။

" ဘယ်လို မျှော်လင့်ချက်များလဲ ရှင်။ ကျွန်မတို့ကို သေသေချာချာလေး ရှင်းပြပါအုံး"

အားကိုးတကြီးနှင့် သူ မေးလိုက်သည် ။

" ဒီလိုဗျာ ပြိုင်ပွဲကို တိုင်းနဲ့ပြည်နယ် ကိုယ်စားပြုတွေပဲ ယှဉ်ပြိုင်ခွင့်ရှိတယ်ဆိုပေမဲ့ တစ်ခါတစ်လေ လာမပြိုင်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေ ရှိတတ်တယ်။ သေချာပေါက်ရှိတယ်လို့ ပြောတာ မဟုတ်ဘူးနော်။ တကယ်လို့ လာမပြိုင်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှိခဲ့ရင် သူတို့အစား ဝင်ပြိုင်လို့ရတယ်"

သူ အကြီးအကျယ် စိတ်ဓာတ်ကျသွား၏။ တိုင်းဒေသကြီးနှင့်ပြည်နယ် အားလုံးက ပျက်ကွက်သူမရှိဘဲ လာရောက်ယှဉ်ပြိုင်ကြလျှင် သူတို့သွားရတာ အလကားဖြစ်မည်။ ကိုယ့်စရိတ်ကိုယ်စားပြီး မသေချာမရေရာသည့် ကိစ္စ။ သူတို့ဘက်မှာ မျှော်လင့်ချက်က မရှိသလောက်။

"ကျုပ်သဘောကတော့ ခင်ဗျားတို့ သွားသင့်တယ်လို့ ထင်တယ်ဗျာ။ ကံကြမ္မာဆိုတာက ပြောလို့ရတာ မဟုတ်ဘူးရယ်။ သွားတာကတော့ အရှုံးမရှိပါဘူး "

ဘာပဲဖြစ်ဖြစ် အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကို သွားရောက်ဖို့ ဆုံးဖြတ်လိုက်သည် ။ ကျန်သည့်ကိစ္စကို ကံတရားအပေါ်မှာပဲ အပ်နှံထားလိုက်တော့၏ ။

(၄)

ပြိုင်ပွဲတွင် ကိုယ်မပါဘဲ သွားရသည်မှာ သူ့အတွက်တော့ ရှက်စရာကောင်းနေ၏။ သမီးလေးမှာ စိတ်အားငယ်နေရှာသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုခုက မလာပါစေနှင့်ဟူ၍သာ ဆုတောင်းနေရသည်။

စာမျက်နှာ ၂၅ သို့ ➤

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၂၉၈၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ၂၉၈၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၈၃ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိကေ ၂၉၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ မြေပဲကေ ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးနိုင်ထွန်းဝင်းကပြောပြသည်။

ကလေးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေလျှင် စိုက်ပျိုးပါက တင်း၅၀ ကျော် ထွက်ရှိကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၂၆၁ ကေ စိုက်ပျိုးမည်

**ပုသိမ် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၂၆၁ ကေထိစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၂၆၁ ကေ လျာထားပြီး ဒီဇင်ဘာလ ပထမပတ် ပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊အဆိုပါ စိုက်ပျိုးမည့် ပဲတီစိမ်းများသည် စိုက်ပျိုးရေး ဦးစီးဌာနမှ ရွေးချယ်ပေးထားသည့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ဖြစ်ကြောင်း သိရသည်။

''ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၅၂၆၁ ကေ ထိ လျာထား စိုက်ပျိုးမှာဖြစ်ပါတယ်။လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ လိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုတွေအောင်မြင်ဖြစ်ထွန်းပြီး အထွက်ကောင်းလာဖို့ကိုလဲ ဆက်လက်ဆောင်ရွက် ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းအပါအဝင် ဆောင်းသီးနှံများ အားလုံး လျာထားကေပြည့်မီအောင်စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေ အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ပညာမှလာသောအဆိုများ

- အမှန်အမှား တို့ခွဲခြားရန်
  တတ်ထားသင့်တာ ပညာပါဟု
  အခါငယ်သေး ရွယ်ကလေးမှ
  အတွေးထဲဝင် သိရှိမြင်ဖို့
  'ငယ်စဉ်အခါ ပညာရှာ' ဟု ဆိုကြသည်။

- အသိဉာဏ်မဲ့ သူကဲ့ရဲ့မည်
  ချို့တဲ့ပညာ ဉာဏ်မသာလို့
  ခိုင်းရာကိုလုပ် ချောင်မှာကုပ်ကုပ်
  ဖယ်ထုတ်ကြကာ ပင်ပန်းမှာမို့
  'ပညာမရှိ သူ၏ဝန်ထမ်း' ဟု ဆိုကြသည်။

- ပညာတတ်မြောက် ထွန်းထွန်းပေါက်က
  မကြောက်သတိ ဉာဏ်လည်းရှိမည်
  မြင်သိရေးရာ အဖြာဖြာတွင်
  သိက္ခာဂုဏ်ဒြပ် ပိုကောင်းမြတ်ကာ
  တိုးတက်ခါခါ ချီးမွမ်းသာလို့
  'ပညာရဲရင့် ပွဲလယ်တင့်'ဟု ဆိုကြသည်။

- စီးပွားဥစ္စာ ရွှေငွေသာလည်း
  လျော့ကာကုန်လုံး ပျောက်ဆုံးရှုံးလို့
  လုံးစုံပျောက်ကွယ် မျက်လှည့်ရယ်ဟု
  တွေးကြွယ်သိဝင် ပညာရှင်မှာ
  ဖွေရှာသုံးစွဲ တစ်သက်မြဲသည့်
  စွဲမြဲအရာ မကုန်တာကား
  'ပညာဟူသည် မြတ်ရွှေအိုး'တည်း။ ။

**ဆောင်းနေရောင်(အဖျောက်)**

➤ စာမျက်နှာ ၂၄ မှအဆက်

ခဏလောက် ကြာသည့်အခါ သတင်းကောင်း ကြားရပြီ။ ပြည်နယ်တစ်ခုက ကိုယ်စားပြုလာရောက်ယှဉ်ပြိုင်ခြင်း မရှိပေ။ ထို့ကြောင့် သူ့နေရာမှာ အစားဝင်ပြီး ယှဉ်ပြိုင်ခွင့်ရရှိမည်။

"သမီး ဒါအမေတို့အတွက် အကြီးမားဆုံး အခွင့်အရေးနော်။ ဒီလို ယှဉ်ပြိုင်ခွင့်ရဖို့ အမေတို့ အခက်အခဲတွေ အများကြီးကျော်ဖြတ်ခဲ့ရတာ။ ဒီအခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး ကြိုးစားယှဉ်ပြိုင်လိုက်စမ်း"

သမီးလေး၏ ယှဉ်ပြိုင်ပုံကလည်း အားရစရာကောင်း၏။ အသံတည်တည်ငြိမ်ငြိမ်နှင့် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့သည်။ ကြိုးစားမှု၏ရလဒ်ကားပြိုင်ပွဲများ ပြီးဆုံး၍ ဆုကြေညာသည့်အခါ ပထမဆုရရှိခဲ့သည်။

ထိုပြိုင်ပွဲပြီး၍ အိမ်ပြန်ရောက်သည့်အခါ နောက်ထပ် ပြိုင်ပွဲတစ်ခုက ဆီးကြိုနေပါသည်။ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် ကလေးအဆိုပြိုင်ပွဲဖြစ်သည်။ ထိုပြိုင်ပွဲတွင်လည်း သမီးလေးသည် level 1 ကနေ 4 အထိ ပထမရရှိပြီး နောက်ဆုံးအဆင့် ဖိုင်နယ်ပွဲသို့ ရောက်ရှိခဲ့သည်။

ပြိုင်ပွဲကျင်းပရာ ခန်းမထဲတွင် ပရိသတ်များက ပြည့်လျှံနေ၏။ ပြိုင်ပွဲဝင် ကလေးငယ်များ တစ်ယောက်ပြီးတစ်ယောက် နောက်ဆုံးပြိုင်ပွဲကို အကြိတ်အနယ် ယှဉ်ပြိုင်နေကြသည်။ အနယ်နယ် အရပ်ရပ်ရှိ ပရိသတ်များကလည်း တီဗွီမှန်သားပြင်ကနေတဆင့် စိတ်ဝင်တစား ကြည့်ရှုအားပေးနေကြ၏။ " မည်သူ ဆုရမည် " စသည်ဖြင့် ငြင်းခုံရင်း ထင်မြင်ချက် အမျိုးမျိုးလည်း ပေးနေကြသည် ။

" ဂန္ဓမာ စန္ဒာတော၊ စုံမြိုင်တန်းမှာ၊ ဖူးပွင့်ကြတဲ့ ပန်းမာလာ၊ သင်းရနံ့ကဖြာ၊ ငှက်ပေါင်းရယ် သာရကာ၊သံစာစာနဲ့ ၊ မြူးတူးပျော်ကြရှာ"

အသံကြည်ကြည်လေး ထွက်ပေါ်လာသလို ပရိသတ်များ၏ လက်ခုပ်သံများကလည်း ခန်းမတစ်ခုလုံး ဟိန်းထွက်လာ၏။ ဒိုင်များ၊ လာရောက်နားထောင်ကြသည့် ဂီတပညာရှင်များ၊ ပရိသတ်များအားလုံး၏ စိတ်အာရုံကို ပထမအပိုဒ် သီချင်းစာသားနှင့်ပင် ဆွဲဆောင်ညှို့ယူလိုက်လေပြီ။ သီချင်းစာသားကို လိုက်၍ ခံစားသီဆိုနေပုံကလည်း တကယ့်အဆိုတော်တစ်ယောက်လို။

"အို ငွေမှုန်ကြဲ သဲသောင်ယံမှာ လောင်းမြတ်ကိန္နရာ၊ အို မြားနဲ့ခွင်းပါလို့ ချစ်မယားမှာ သောကဖြာ၊ စီးကျမျက်ရည် အထွေထွေ၊ လင်ရွှေတောင် ဂမုန်းမယ့်သက်လျာ၊ အို ဆုံးပေ့ါတစ်ခါ၊ အသည်းအူ ပူအောင်ဖန်လို့လာ၊ ပွေ့ယူရင်ခွင်ထက်မှာ၊ ငိုမစဲ ရှိုက်ငင်သည်းထန်စွာ "

ဆိုနေရင်း အသံလှိုင်းများ လှုပ်ခါလာ၏။ အဆွဲအငင်များက ပို၍ သက်ဝင်ပီပြင်လာပြီ။ ပါးပြင်ထက်မှာ မျက်ရည်ဥကလေးများ တွဲခိုနေပြီ။ ပရိသတ်များအားလုံး တိတ်ဆိတ်ကုန်ကြသည်။ ဆိုနေသည့် သီချင်းက စန္ဒကိန္နရီ။ ရိုက်ကူးရေးသမားများက ပရိသတ်ထဲကို မီးထိုးပြလိုက်၏။ လက်ကိုင်ပုဝါဖြင့် မျက်လုံးကို တို့သူက တို့နေကြပြီ။ အချို့ကလည်း မသိမသာလေး လက်ဖမိုးဖြင့် မျက်ရည်သုတ်၏။ အချို့က မျက်ရည်မကျသေးသော်လည်း မနည်းထိန်းထားရမှန်း မျက်လုံးများက သက်သေပြနေ၏ ။ အဆုံးအဖြတ်ပေးမည့် ဒိုင်များက မျက်နှာကို အောက်ငုံ့၍ မျက်ရည်များကို မျက်တောင်ဖြင့် ပုတ်ထုတ်နေကြပြီ။ အံ့သြငေးမောစွာဖြင့် အဆိုရှင်၏ဆွဲခေါ်ရာနောက်သို့ အားလုံး လွင့်ပါနေကြသည်။

"ဖြောင်း ... ဖြောင်း ...ဖြောင်း ..."

သီချင်းပြီးဆုံးသည်နှင့် လက်ခုပ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ သမီးလေး၏ သီချင်းဆိုသံကို နားထောင်ရင်း ကျလာသည့် မျက်ရည်များကို သူ မသုတ်ပစ်မိ။ "စန္ဒကိန္နရီ" က တစ်နိုင်ငံလုံး၏ နှလုံးသားများကို သိမ်းပိုက်သွားမှန်း သူ သိလိုက်ပါပြီ။ နောက်ဆုံးတော့ သမီးလေး ပထမဆုရရှိခဲ့ပြီ။ သူ့အတွက်တော့ နောက်ဆုံးလက်ကျန် ပန်းတစ်ပွင့်က စန္ဒကိန္နရီနှင့် ပနံသင့်ခဲ့ပါပြီလေ။

# မိုင်းခတ်မြို့နယ် နမ့်ဟဲကောင်ကျေးရွာ၌ ကုန်ထုတ်လမ်းပြုပြင်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းခတ် နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်ဟဲကောင်ကျေးရွာ၌ ကုန်ထုတ်လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်နှင့် တာဝန်ရှိသူများက နမ့်ဟဲကောင်ကျေးရွာ၌ ကုန်ထုတ်လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နမ့်ဟဲကောင်ကျေးရွာ၌ လမ်းအရှည်ပေ ၅၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ပြုပြင်ခြင်းလုပ်ငန်းကို မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၁၉ ဒသမ ၅၅ သန်းအသုံးပြုကာ နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းပြုပြင်ပြီးစီးပါက နမ့်ဟဲကောင်ကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးသူ**

# အာဆီယံနှင့် အင်ဒိုချိုင်းနား

ပိုက်တင်

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထက်ဝက်မျှသည် အင်ဒိုချိုင်းနားနိုင်ငံများဖြစ်သည်။ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားတို့သည် ကုန်းမြေတစ်ဆက်တစ်စပ်တည်းရှိသော အင်ဒိုချိုင်းနားဒေသနိုင်ငံများဖြစ်သည်။

ဤနိုင်ငံများသည် ယဉ်ကျေးမှုအရလည်း များစွာဆင်တူမှုရှိပြီး အများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံများဖြစ်သည်။ နိုင်ငံရေးစနစ်များသည်လည်း ထူးထူးခြားခြားကွဲပြားခြားနားမှုသိပ်မရှိလှဘဲ အရှေ့တိုင်းဟန်အုပ်ချုပ်ရေးစနစ်ပုံစံကွဲများသာဖြစ်သည်။ (ကွန်မြူနစ်ပါတီအုပ်ချုပ်သော ဗီယက်နမ်နိုင်ငံသည်ပင်လျှင် ပွင့်လင်းသောဈေးကွက်စနစ်နှင့် အပ်စပ်သော နိုင်ငံရေးမူဝါဒများဖြင့် အောင်မြင်နေခြင်းဖြစ်သည်။)

အင်ဒိုချိုင်းနားငါးနိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၂၀၂၄ ခုနှစ်တွင် သန်းပေါင်း ၂၅၂ ဒသမ ၅ သန်းခန့်ရှိပြီး GDP စုစုပေါင်းမှာ ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံခန့်ရှိသည်ဖြစ်ရာ ဒေသတွင်းအတိုင်းအတာတစ်ခုထိ အင်အားတောင့်တင်းသည်ဟု ဆိုရမည်ဖြစ်၏။

မကြာမီ ကမ္ဘာ့ခနေအင်အားအကြီးဆုံးနိုင်ငံဖြစ်လာတော့မည့် တရုတ်နိုင်ငံနှင့်လည်း ကြီးမားသည့် ကုန်သွယ်မှုပမာဏတစ်ခုရှိသည်။ ၂၀၂၃ ခုနှစ်တွင် တရုတ်နှင့် ဗီယက်နမ်နိုင်ငံကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၂၅ ဘီလီယံကျော်ရှိခဲ့ပြီး တရုတ်နှင့် ထိုင်းနိုင်ငံကြား အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၃ ဘီလီယံ၊ တရုတ်နှင့်မြန်မာနိုင်ငံကြား အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ ဘီလီယံ၊ တရုတ်နှင့် လာအိုနိုင်ငံကြား အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၉ ဘီလီယံနှင့် တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံကြား အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၆ ဘီလီယံအသီးသီး ၂၀၂၃ ခုနှစ်တွင် ရှိခဲ့သည်။ စုစုပေါင်း အမေရိဒေါ်လာ ဘီလီယံ ၄၀၀ ခန့်ရှိခဲ့သည်။

အာဆီယံနှင့် တရုတ်၏ ၂၀၂၃ ခုနှစ် ကုန်သွယ်မှုပမာဏမှာ အမေရိဒေါ်လာ ဘီလီယံ ၇၀၀ ခန့်ရှိရာ အင်ဒိုချိုင်းနားနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် အာဆီယံနှင့် ကုန်သွယ်မှုပမာဏ၏ ၆၀ ရာခိုင်နှုန်းထိ ရှိခဲ့သည်။ အာဆီယံအဖွဲ့သည် ရှေးယခင်ကနှင့်မတူဘဲ ယခုကာလတွင် မူဝါဒများ၊ စံနှုန်းများကို သွေဖည်မှုများရှိလာပြီး အထူးသဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ပြည်တွင်းရေးကိစ္စများကို ချဉ်းကပ်ဆောင်ရွက်ရာတွင် မူဘောင်များ၏အပြင်သို့ တဖြည်းဖြည်း ပိုမိုရောက်ရှိလာနေသောကြောင့် နဂိုမူလရှိခဲ့သော အာဆီယံ၏ ရည်မှန်းချက်များနှင့် အနှစ်သာရများသည် လျော့ပါးစပြုလာကြောင်း တွေ့ရသည်။

ထိုသို့ဖြစ်လာရခြင်းမှာ အရှေ့တိုင်းဟန် အရှေ့တိုင်းမူ ရပ်တည်ချက်များ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံအချင်းချင်းကြား သဘောထားမူဝါဒများကို ရေခံမြေခံနှင့် မကိုက်ညီလှသော၊ ရိုးဖြောင့်မှုမရှိသော၊ စွက်ဖက်လိုသော၊ လွှမ်းမိုးလိုသော၊ အမြတ်ထုတ်လိုသော အားထုတ်ကြိုးပမ်းမှုများနှင့် ကြိုးကိုင်ခြယ်လှယ်မှုများကြောင့်ဖြစ်သည်။

**❖အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထက်ဝက်မျှသည် အင်ဒိုချိုင်းနားနိုင်ငံများဖြစ်သည်။ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားတို့သည် ကုန်းမြေတစ်ဆက်တစ်စပ်တည်းရှိသော အင်ဒိုချိုင်းနားဒေသနိုင်ငံများဖြစ်သည်။ ဤနိုင်ငံများသည် ယဉ်ကျေးမှုအရလည်း များစွာဆင်တူမှုရှိပြီး အများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံများဖြစ်သည်။ နိုင်ငံရေးစနစ်များသည်လည်း ထူးထူးခြားခြားကွဲပြားခြားနားမှုသိပ်မရှိလှဘဲ အရှေ့တိုင်းဟန် အုပ်ချုပ်ရေးစနစ်ပုံစံကွဲများသာဖြစ်သည်။ ❖**

အင်ဒိုချိုင်းနား ငါးနိုင်ငံသည် ယခုပူးပေါင်းဆောင်ရွက်မှုများထက် ပိုမိုသော၊ လေးနက်သော၊ အကျိုးဖြစ်ထွန်းနိုင်သော ပူးပေါင်းဆောင်ရွက်မှုများကို ကြံဆဖော်ဆောင်နိုင်ကြပါက အာဆီယံအဖွဲ့ထက် များစွာပိုမို ခရီးရောက်နိုင်ရုံမက ပိုမိုစည်းလုံးညီညွတ်စစည်းပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်နှင့် ပမာဏကို ရရှိနိုင်လိမ့်မည်ဖြစ်သည်။ ယဉ်ကျေးမှုအားဖြင့်၊ နိုင်ငံရေးအားဖြင့်၊ မူဝါဒလမ်းစဉ်အားဖြင့် များစွာကွာခြားသော အနောက်တိုင်းနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှု၊ စွက်ဖက်မှုများသည် အခြားအာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အင်ဒိုချိုင်းနားဒေသ ငါးနိုင်ငံအပေါ် သက်ရောက်မှုလွန်စွာနည်းပါးသည်။

အာဆီယံအဖွဲ့၏ စည်းလုံးညီညွတ်မှုနှင့် ရှေ့အလားအလာကို စမ်းသပ်မှုပြုနိုင်ခဲ့သည့် အထူးကိစ္စရပ်မှာ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာဖြစ်၏။ အနောက်နိုင်ငံများ၏ လွှမ်းမိုးစွက်ဖက်မှုတချို့ကို လွန်ဆန်နိုင်ခြင်းမရှိသော အာဆီယံအဖွဲ့ဝင်နိုင်ငံတချို့၏ မြန်မာနိုင်ငံ ပြည်တွင်းနိုင်ငံရေးပြဿနာအပေါ် ထိတွေ့ဆောင်ရွက်ပုံများက အာဆီယံအဖွဲ့၏ မူများ၊ စံနှုန်းများကို ထိခိုက်စေခဲ့သည်။ ခြိမ်းခြောက်ခဲ့၏။ အာဆီယံအဖွဲ့၏စံတန်ဖိုးများသည် ပြင်ပ ပယောဂများကို လေးလေးနက်နက် ထိထိရောက်ရောက်တားဆီးရန်၊ ရှောင်ရှားရန် ပျက်ကွက်သော အဖွဲ့ဝင်နိုင်ငံတချို့၏ မှားယွင်းသောဆောက်ရွက်ပြုမူပုံများကြောင့်ထိခိုက်ခဲ့ရသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ(အာဆီယံဒေသ)၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပိုမိုစည်းလုံးညီညွတ်ရေးအတွက် မေးခွန်းသစ်များ ပေါ်ပေါက်စေခဲ့သည်။

မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့်ကိစ္စရပ်များသည် ပင်လျှင် အင်ဒိုချိုင်းနားဒေသ(နိုင်ငံများ)၏ နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်နိုင်မှု၊ နားလည်မှု၊ စည်းလုံးညီညွတ်မှုနှင့်သက်ဆိုင်သော ကောင်းမွန်သင့်မြတ်သည့် သဘောထားများ၊ မူဝါဒများကိုပါတဖြည်းဖြည်း ပိုမိုမြင်တွေ့လာခဲ့ရလေသည်။

ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ ကုန်းမြေအားဖြင့် တစ်ဆက်တစ်စပ်တည်းတွင်တည်ရှိသော၊ ယဉ်ကျေးမှုအားဖြင့် ရေခံမြေခံအားဖြင့် များစွာခြားနားမှုမရှိသည့် အရှေ့တိုင်းဆန်သောနိုင်ငံများ ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

အင်ဒိုချိုင်းနားနိုင်ငံများအနေဖြင့် ၁၉၉၂ ခုနှစ်ကတည်းက အာရှဖွံ့ဖြိုးရေးဘဏ်၏ ကူညီမှုဖြင့် မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ဖြိုးရေး အစီအစဉ်တစ်ခုကို တရုတ်နိုင်ငံနှင့်အတူပူးပေါင်းပြီး စတင်လုပ်ကိုင်နိုင်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်သည်။

စိုက်ပျိုးရေး(Agriculture)၊ စွမ်းအင်(Energy)၊ သဘာဝပတ်ဝန်းကျင်(Environment)၊ ကျန်းမာရေးနှင့် လူသားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Health and Human Resource Development)၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာ(Information and Communication Technology)၊ ခရီးသွားလုပ်ငန်း(Tourism)၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာဖြေရှင်းဆောင်ရွက်မှု(Transport and Trade Facilitation)နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု(Urban Deve-lopment)စသည့် များစွာသောကဏ္ဍများတွင် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့ကြသည်။

ထို့ပြင် အင်ဒိုချိုင်းနားဒေသနိုင်ငံချင်းလည်း နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုပြုသည့်အစီအစဉ်များကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ကြသည်။ သို့ဖြစ်သောကြောင့် အင်ဒိုချိုင်းနား နိုင်ငံများသည် ကမ္ဘာ့အင်အားကြီးနိုင်ငံကြီးဖြစ်သော တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများရှိနှင့်ပြီးဖြစ်သလို အင်ဒိုချိုင်းနားနိုင်ငံချင်း ထိရောက်သောပူးပေါင်းဆောင်ရွက်မှုများလည်းရှိနေခဲ့ပြီးဖြစ်ရာ ယခုထက်ပိုမိုပြည့်စုံကောင်းမွန်အကျိုးဖြစ်ထွန်းနိုင်သော ပူးပေါင်းဆောင်ရွက်မှုများကို ဦးတည်ရည်မှန်းချဲ့ထွင်လုပ်ကိုင်ရန်ဆိုသည်မှာ များစွာခက်ခဲလှသည့်ကိစ္စရပ်မဟုတ်တော့ပေ။

အာဆီယံအဖွဲ့သည် ယခုထက်ပိုမိုဖြစ်ထွန်းသည်ဖြစ်စေ၊ မဖြစ်ထွန်းမတိုးတက်သည်ဖြစ်စေ၊ ပိုမိုအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ အခြေခံအားဖြင့် ယဉ်ကျေးမှုနှင့် ရေခံမြေခံများစွာနီးစပ်ဆင်တူသည့် အင်ဒိုချိုင်းနားနိုင်ငံများအနေဖြင့် ယခုထက်ပိုမိုသော ပူးပေါင်းဆောင်ရွက်မှုများကို နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ နိုင်ငံတကာရေးအရလည်းကောင်း၊ ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအရလည်းကောင်း တိုးမြှင့်ဆောင်ရွက်နိုင်ရေး စုပေါင်းကြံဆအားထုတ်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းတွင် အင်အားတောင့်တင်းပြီး ကြွယ်ဝသောအင်အားတစ်ရပ်အဖြစ် မုချရောက်ရှိလိမ့်မည်ဖြစ်ပါကြောင်း မီးမောင်းထိုးတင်ပြရေးသားလိုက်ရပါသည်။

## ငပုတောမြို့နယ်တွင် ဆောင်းရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

ငပုတော နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထား ၂၆၉၈ ဧကကို ယခုနှစ် ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက လျာထားစိုက်ပျိုးမှာဖြစ်တယ်။ စားဖိုဆောင်သီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေပြင်ဆင်နေပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထား ၂၆၉၈ ဧက စိုက်ပျိုးထုတ်လုပ်ရာတွင် နံနံ၊ ပန်းဂေါ်ဖီ၊ ခရမ်းသီး၊ မုန်လာ၊ ဥစားပိန်း၊ ငရုတ်၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ကြက်ဟင်းခါး၊ သခွား၊ ရုံးပတီ စသည့်သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးသွားမည့် စားဖိုဆောင်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းအသိပညာပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ပေါင်မြို့နယ် ရွာသစ်ကျေးရွာ၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းစစ်ဆေး

ပေါင် နိုဝင်ဘာ ၂၇

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ရွာသစ်ကျေးရွာ၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ရွာသစ်ကျေးရွာ၌ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း လမ်းအရှည်ပေ ၂၃၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးလက်မခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၉၁ ဒသမ ၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ခြူးကမ္ဘာမာန်ကုမ္ပဏီမှ အောက်တိုဘာလတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော စပါး ၇၅၀၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ထီးချိုင့် နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၇၅၀၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၄၀၀၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၅၀၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၉ ဒသမ ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း စပါး ဧက ၄၀၀၁၀ ထိ စိုက်ပျိုးထားပါတယ်။ လက်ရှိအချိန်မှာတော့ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ စပါး ၇၅၀၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး စိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန် အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တခြားဆန်တွေနဲ့ ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ လတ်တလောမှာပါ ပေါ်ဆန်းဆန် အမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းအပြင် ရေလမ်းကနေပါ အဆင်ပြေသလို တင်ပို့ရောင်းချနေပါတယ် ''ဟု ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

မြဝတီ နိုဝင်ဘာ ၂၇

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ရည်ရွယ်၍ ချောင်းဆုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက စက်ရေတွင်းတူးဖော်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီးရေး တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ အကျယ် လေးလက်မ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ ၊အမြင့် ရှစ်ပေ ရှိ ရေစက်ရုံ တည်ဆောက်ခြင်း၊ ဂါလန် ၂၅၀၀ ဆံ့ ရေအုတ်ကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၅ သန်းဖြင့် ဌာနကော်မတီမှ ဇွန်လ တတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ချောင်းဆုံကျေးရွာရှိ ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်**

# မိုင်းယန်းမြို့နယ် နမ့်မုတ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

မိုင်းယန်း နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် နမ့်မုတ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်အင်ဂျင်နီယာများမှ နမ့်မုတ်ကျေးရွာ၌ လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

နမ့်မုတ်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၂၆ ဒသမ ၇၃ သန်း ဖြင့် တင်ဒါရ Ester Akha Lay ကုမ္ပဏီမှ ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက နမ့်မုတ်ကျေးရွာရှိ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံမှ သိရသည်။

**ဖြိုးကျော်**

# ကြံခင်းမြို့နယ် ပိန္နဲကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကြံခင်း နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ ပိန္နဲကွင်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၆ ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပိန္နဲကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၉ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# အီကွေဒေါနိုင်ငံ ကာဂျက်စ်တောမီးလောင်ကျွမ်းမှုကို မိုးရွာသွန်းမှုကြောင့် စတင်ထိန်းချုပ်နိုင်ပြီဖြစ်



ကွီတို နိုဝင်ဘာ ၂၇

အီကွေဒေါနိုင်ငံ ကွန်ကာဒေသရှိ ကာဂျက်စ်သစ်တောဥယျာဉ်တွင် တောမီး လောင်ကျွမ်းနေပြီး တောမီးလောင်ကျွမ်းမှုကို နိုဝင်ဘာ ၂၆ ရက်တွင် မိုးရွာသွန်းမှုကြောင့် စတင်ထိန်းချုပ်နိုင်ပြီဖြစ်သည်ဟု ကွန်ကာမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီး ကာလရှည်လောင်ကျွမ်းခဲ့ခြင်းကြောင့် အီကွေဒေါ အစိုးရက မီးသတ်တပ်ဖွဲ့ဦးရေ ထပ်မံဖြည့်တင်းပေးခဲ့သော်လည်း မြေပြင်အခြေအနေအရ တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာသို့သွားရောက်ရန် ကန့်သတ်ချက်များရှိနေခဲ့ကြောင်း၊ လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် တောမီးကိုသာ ဦးစားပေးငြိမ်းသတ်နိုင်ခဲ့ပြီး တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ရန် ခက်ခဲနေခဲ့ကြောင်း၊ သို့သော် မိုးရွာသွန်းမှုကြောင့် တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းနေတာဟာ တစ်လနီးပါး ကြာနေပြီဖြစ်ပါတယ်။ မြေပြင်ကနေမီးသတ်တပ်ဖွဲ့ဝင်တွေကို စေလွှတ်ဖို့အတွက် ကန့်သတ်ချက်တွေရှိနေခဲ့ပါတယ်။ ဒါကြောင့် တောမီးကို ထိန်းချုပ်နိုင်ဖို့အတွက် အချိန်ကြာမြင့်သွားခဲ့တယ်။ မိုးရွာသွန်းခဲ့တဲ့အတွက်ကြောင့် တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်" ဟု ကွန်ကာမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံ၏ နေရာတချို့တွင် မိုးခေါင်သည့်ပြဿနာကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများလည်ပတ်ရန် ခက်ခဲနေသည့် အခြေအနေဖြစ်နေပြီး မိုးရေချိန်မြင့်မားစွာ မိုးရွာသွန်းလာခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက်လည်း အခြေအနေကောင်းလာခဲ့ပြီး တောမီးကို ထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ်ရှိ ကောင်တီတချို့တွင် မိုးခေါင်မှု အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်

ဝါရှင်တန် နိုဝင်ဘာ ၂၇

အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ်တွင် မိုးခေါင်သည့်ပြဿနာဖြင့်ရင်ဆိုင်နေရပြီး ကောင်တီတချို့တွင် နိုဝင်ဘာ ၂၅ရက်နေ့မှစ၍ မိုးခေါင်မှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း U.S. Department of Agriculture(USDA)၏ အတွင်းရေးမှူးဖြစ်သူ သောမတ်ဂျေဗီဆက်က ပြောကြားခဲ့သည်ဟု နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအခက်အခဲရှိနေသကဲ့သို့ ရေလိုအပ်နေသည့် စိုက်ခင်းများလည်း ပျက်စီးမှုနှုန်းမြင့်မားလျက်ရှိကြောင်း၊ U.S. Drought Monitorအဖွဲ့ကလည်း အမေရိကန်နိုင်ငံအတွင်း မိုးခေါင်မှုနှုန်းမြင့်တက်လာသည့် အခြေအနေကို အမြဲမပြတ်စောင့်ကြည့်နေပြီး ပြောင်းလဲမှု အခြေအနေများကို ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

"အလာဘားမားပြည်နယ်မှာ မိုးခေါင်တဲ့ပြဿနာက ပိုဆိုးလာတယ်။ ကောင်တီတချို့မှာ မိုးခေါင်တဲ့ပြဿနာက ပြည်သူတွေကိုပါ ထိခိုက်လာစေနိုင်တဲ့အဆင့်ဖြစ်နေတဲ့အတွက် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ ဒီကာလမှာ စိုက်ခင်းတွေဟာ ကြီးထွားလာရမဲ့ ကာလဖြစ်တဲ့အတွက် ရေလိုအပ်ချက်တွေရှိနေပါတယ်။ မိုးခေါင်တဲ့အတွက် ရေလုံလုံလောက်လောက်မရတော့ဘဲ စိုက်ခင်းတွေပျက်စီးလာပါတယ်" ဟု U.S. Department of Agriculture(USDA)၏ အတွင်းရေးမှူးဖြစ်သူ သောမတ်ဂျေဗီဆက်က ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# နယူးဇီလန်နိုင်ငံမြောက်ပိုင်း ဝန်ဂါရီမြို့အနီးရှိ ရူရာခါခါကမ်းခြေတွင် သောင်တင်နေသော ဝေလငါးအကောင်ရေ ၃၀ ကျော်ကို ကယ်တင်နိုင်ခဲ့

ဝယ်လင်တန် နိုဝင်ဘာ ၂၇

နယူးဇီလန်နိုင်ငံ မြောက်ပိုင်း ဝန်ဂါရီမြို့အနီးရှိ ရူရာခါခါကမ်းခြေတွင်သောင်တင်နေသော ဝေလငါးအကောင်ရေ၃၀ ကျော်ကိုကယ်တင်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နယူးဇီလန်နိုင်ငံ အဏ္ဏဝါတိရစ္ဆာန်များထိန်းသိမ်းရေးဌာနက ရူရာခါခါကမ်းခြေ ရေတိမ်ပိုင်းတွင် နိုဝင်ဘာ ၂၅ ရက်ကစ၍ ဝေလငါးများ သောင်တင်ခဲ့ကြောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် သောင်တင်နေသည့် ဝေလငါးအကောင်ရေ ၃၀ ကျော်ရှိခဲ့ပြီး အဆိုပါသောင်တင်နေသော ဝေလငါးအကောင်ရေ ၃၀ ကျော်ကို ထိုနေ့၌ပင် ကယ်တင်နိုင်ခဲ့ကြောင်း၊ ကယ်တင်ထားသောဝေလငါးများ ပြန်လည်သောင်တင်ခြင်းမရှိစေရန် ကမ်းခြေစောင့်တပ်ဖွဲ့များက စောင့်ကြပ်ကြည့်ရှုနေကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု သိရသည်။

နယူးဇီလန်နိုင်ငံ အဏ္ဏဝါတိရစ္ဆာန်များထိန်းသိမ်းရေးဌာန၏ ထုတ်ပြန်ချက်အရ သောင်တင်နေသော ဝေလငါးအကောင်ရေ ၃၀ ကိုသာကယ်တင်နိုင်ခဲ့ပြီး ကမ်းနှင့်ဝေးသောနေရာမှ အရှယ်ရောက်ပြီး ဝေလငါးသုံးကောင်နှင့် ဝေလငါးပေါက်တစ်ကောင်ကိုမူ မကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဝေလငါးများ ယခုကဲ့သို့ သောင်တင်ခြင်း ဖြစ်ရပ်သည် ရှင်းမပြနိုင်သော သဘာဝဖြစ်စဉ်တစ်ခုဖြစ်ကြောင်း၊ နယူးဇီလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဝေလငါးများ သောင်တင်သည့်နှုန်းထား အများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**



# အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ်တွင် ဖန်ဂယ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေ

နယူးဒေလီ နိုဝင်ဘာ ၂၇

အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ်တွင် နိုဝင်ဘာ ၂၆ ရက်က ဖန်ဂယ်ဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းကာ နေရာတချို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း India Meteorological Department (IMD)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး မုန်တိုင်းအားကောင်းသည့်အတွက် ချန်နိုင်းဒေသရှိ ငါးဖမ်းလုပ်ငန်းများ ရပ်ဆိုင်းထားရကြောင်း၊ ရေကြီးရေလျှံ ဖြစ်ပွားမှုကြောင့် တမီးလ်နာဒူးပြည်နယ်ရှိ စာသင်ကျောင်းများ၊ ကောလိပ်များကိုလည်း ယာယီပိတ်ထားကြောင်း၊ မုန်တိုင်းဒဏ်ဖြင့် အဓိကရင်ဆိုင်နေရသော ခရိုင်များမှာ ထရိုင်ချီခရိုင်၊ ရာမာနာသာပူရမ်ခရိုင်၊ နာဂါပက်သီနမ်ခရိုင်၊ ကက်ဒါလိုရီခရိုင်၊ ဗီလူပူရမ်ခရိုင်နှင့် သီရူဗယ်လာခရိုင်တို့ဖြစ်ကြောင်း တမီးလ်နာဒူးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဖန်ဂယ်ဆိုင်ကလုန်းမုန်တိုင်း တမီးလ်နာဒူးပြည်နယ်မှာ တိုက်ခတ်နေပါတယ်။ မုန်တိုင်းဟာ တမီးလ်နာဒူးကမ်းခြေတွေမှာ အဓိကတိုက်ခတ်နေပြီး တမီးလ်နာဒူးပြည်နယ် အနောက်မြောက်ဘက်ပိုင်းကို ဦးတည်တိုက်ခတ်နေပါတယ်။ သီရိလင်္ကာနိုင်ငံဘက်ကို ဦးတည်သွားနိုင်ပါတယ်"ဟု India Meteorological Department (IMD) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ ၄၄ ကီလိုမီတာကနေ ၅၅ ကီလိုမီတာထိ ပြင်းထန်နေပြီး မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုတချို့ရှိနေကြောင်း၊ တမီးလ်နာဒူးပြည်နယ်ဝန်ကြီးက အရေးပေါ်အစည်းအဝေးခေါ်ယူခဲ့ပြီး မုန်တိုင်းဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအမြန်ဆုံးဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း တမီးလ်နာဒူးပြည်နယ် ဝန်ကြီးရုံးက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ဂျပန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းရှိ ဟွန်ရှူးမြို့အနီးတွင် ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

တိုကျို နိုဝင်ဘာ ၂၇

ဂျပန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းရှိ ဟွန်ရှူးမြို့အနီးတွင် နိုဝင်ဘာ ၂၆ရက်က ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဥရောပမြေထဲပင်လယ် ငလျင်ဗဟိုဌာန (EMSC)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ လှုပ်ခတ်ခဲ့သောငလျင်သည် ဟွန်ရှူးမြို့၏ အနက် ရှစ်ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်အင်အားပြင်းသော်လည်း လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း၊ အခြေခံအဆောက်အအုံတချို့၊ လူနေအဆောက်အအုံတချို့နှင့်လမ်းများ အနည်းငယ် ထိခိုက်ပျက်စီးခဲ့ကြောင်း ကနဦးသတင်းအနေဖြင့် ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့သော်လည်း လက်ရှိတွင် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း ဂျပန်အများပိုင် ရုပ်သံလိုင်း NHK က ဖော်ပြခဲ့သည်ဟု သိရသည်။

**Ref : Russia Today**

**Trs : KZ**

# ကလေးကဗျာ သိစရာများ

အောင်ကြည်ညွန့်(တက္ကသိုလ်)

ကလေး၏အသက်အရွယ်ကို မွေးစမှအသက်ကိုးနှစ်ခန့်ထိ ယူကြသည်။ ပညာရေးပေတံနှင့်တိုင်းလျှင် အသက် သုံးနှစ်မှ ငါးနှစ်အရွယ်ကို မူကြိုတန်း၊ အသက် ငါးနှစ်မှ ကိုးနှစ်ဆိုလျှင် မူလတန်းများဖြစ်ကြသည်။ ကလေးများ၏ အသက်အရွယ်အလိုက် ရှိသင့်သောဘက်စုံဖွံ့ဖြိုးမှုများရရှိရန်၊ လိုအပ်သည့်ဖွံ့ဖြိုးမှုများ အဆင်သင့်ဖြစ်စေရန်အတွက် ကစားနည်းများကိုအသုံးပြုပြီး ပျိုးထောင်ပေးရသောပညာရေးဖြစ်သည်။

ကလေးများကို စာပေနှင့်စတင်ထိတွေ့မည်ဆိုလျှင်ကား ကလေးကဗျာများပင်ဖြစ်သည်။ **"ကဗျာများသည် လေးနက်သောကစားခြင်းဖြစ်သည်"**ဟု ကမ္ဘာကျော်အမေရိကန်ကဗျာဆရာကြီး Robert Frost က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကဗျာသည် ဘာသာစကားကို အသွက်လက်ဆုံးအသုံးပြုထားခြင်းဖြစ်သည်။ လှုပ်ရှားမှုအများဆုံးပါသော စာပေမှာလည်း ကဗျာပင်ဖြစ်သည်။

ကလေးများသည် ကဗျာရွတ်ဆိုခြင်းကို နှစ်ခြိုက်ကြသည်။ အထူးသဖြင့် ခန္ဓာကိုယ်ကို ယိမ်းနွဲ့သီဆိုရသော ကဗျာများကို ကလေးများ ပိုမိုကြိုက်နှစ်သက်ကြသည်။ ပိုမိုမှတ်မိလွယ်ကြသည်။ ကဗျာများသည် ကလေးများကို စိတ်ကျေနပ်မှုနှင့် စိတ်ပျော်ရွှင်မှုပေးစွမ်းနိုင်သည်။

ကလေးများအနေဖြင့် မွေးဖွားသည်မှစ၍ မိသားစုအတွင်း ကဗျာ၊ လင်္ကာရွတ်ဆိုမှုကို ကြားရနိုင်သည်။ မိဘနှင့်သားသမီးကြား ချစ်ခင်မှုကို ကဗျာများဖြင့် ဆက်စပ်ပေးနိုင်သည်။ အိမ်တစ်အိမ်တွင် ကလေးတစ်ယောက် မွေးဖွားလာပြီဆိုသည်နှင့် သားချော့တေးများကို သာယာနာပျော်ဖွယ် ကြားလာရမည်ဖြစ်သည်။ မိဘ၊ ဘိုးဘွားများအားလုံး မိတ္တီလာကန်တော်အောက်မှာ ဖားကောက်ခဲ့ကြသလို လူကလေးအိပ်ချိန်တန်လို့ ဗျိုင်းလည်းပျံခဲ့ကြပါပြီ။ သားသမီးရတနာသည် အိမ်တစ်အိမ်၏ ဆည်းလည်းကလေးများဖြစ်ကြ၍ ဆံဖြူသွားကျိုးနေသော ဘိုးဘိုးကြီးကလည်း သီချင်းညည်းလာတတ်သကဲ့သို့ ဘွားဘွားကလည်း ကဗျာ၊ လင်္ကာများ ရွတ်တတ်လာပါသည်။

ကလေးများကျောင်းသို့ရောက်လာချိန်တွင်မူ စာသင်ခန်းအတွင်း ကဗျာရွတ်ဆိုမှုများနှင့် စတင်မိတ်ဆက်ကြရသည်။ ကလေးများအနေဖြင့် ကဗျာရွတ်ဆိုရမှုကြောင့် စိတ်ရွှင်လန်းတတ်ကြ၊ ပျော်ရွှင်မြူးထူးလာကြသည်။ ကကြီး၊ ခခွေး သင်ခန်းစာအစကိုပင်သင်ပုန်းကြီးကဗျာများဖြင့်မိတ်ဆက်ပေးရသည်။

အမှန်ဆိုရပါလျှင် ကဗျာများသည် ကလေးများ၏ ဘာသာစကားဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် ကာယဖွံ့ဖြိုးမှုတို့အတွက် အထူးအရေးပါလှသည်။

ကဗျာများဖြင့် စကားလုံးအသစ်များကိုလွယ်လွယ်ကူကူ သင်ယူနိုင်သည်။ ကဗျာသည် ကလေးများအတွက် ဘာသာစကားကျွမ်းကျင်အောင် လေ့ကျင့်ရာတွင် သက်သောင့်သက်သာနှင့် ပျော်ရွှင်မှုကိုပေးစွမ်းနိုင်သည်။ အချို့သောကဗျာများသည် လွယ်ကူသောစကားလုံးများဖြင့်စပ်ဆိုထားသောကြောင့် စကားလုံးကြွယ်ဝမှုကို များစွာအထောက်အကူပေးနိုင်သည်။

ကဗျာ၊ လင်္ကာရွတ်ဆိုခြင်းဖြင့် အသံတူသော်လည်း အဓိပ္ပာယ်မတူသောစကားလုံးများကို ကလေးများ နားလည်သဘောပေါက်နိုင်သည်။ ကလေးများအနေဖြင့် ကဗျာများကို ကိုယ်တိုင်ရွတ်ဆိုခြင်းဖြစ်စေ၊ အခြားသူတို့ရွတ်ဆိုပြသည်ကို နားထောင်ရသည်ဖြစ်စေ သူတို့၏မှတ်ဉာဏ်တိုးတက်အောင် ပျော်ပျော်ရွှင်ရွှင် လေ့ကျင့်ပေးနိုင်သည်။

ရေတွက်ခြင်းသဘောပါသည့်ကဗျာများကို ရွတ်ဆိုခြင်းအားဖြင့်လည်း သင်္ချာသင်ယူမှုအထောက်အကူပြုသည်။ ကဗျာများသည် ကလေးများစိတ်လှုပ်ရှားမှုကို ခံနိုင်ရည်ရှိအောင် မြှင့်တင်ပေးနိုင်ရုံသာမက မိမိကိုယ်ကို ပိုမိုသိရှိလာသလို မိမိ၏စိတ်ခံစားမှုကိုလည်း ပိုမိုနားလည် လက်ခံနိုင်လာသည်။

ကဗျာရွတ်ဆိုခြင်းဖြင့် မိဘနှင့်သားသမီး၊ ဆရာနှင့်ကျောင်းသား၊ လူကြီးနှင့်ကလေးများကြားသာမက ကလေးအချင်းချင်းတွင်ပါ ချောမွေ့သော၊ ခိုင်မာသော ဆက်ဆံရေးကို ဖန်တီးတည်ဆောက်ပေးနိုင်သည်။ ကဗျာများသည် ကလေးသူငယ်အချင်းချင်း ပေါင်းသင်းဆက်ဆံရေးကို ပိုမိုကောင်းမွန်တိုးတက်စေနိုင်သည်။ ကလေးများအတွက် စိတ်နေစိတ်ထားကောင်းမွန်ခြင်း၊ ဟာသဉာဏ်ရှိခြင်းတို့ကို ရရှိစေရုံသာမကမိသားစုနှင့်အတူ ကဗျာရွတ်ဆိုခြင်းအားဖြင့် နွေးထွေးသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်သည်။ သူငယ်ချင်းများနှင့်အတူ ကဗျာရွတ်ဆိုခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်သည့် ပျော်ရွှင်ဖွယ်ရာ ပတ်ဝန်းကျင်ကောင်းကို ရရှိစေနိုင်သည်။

ကဗျာရွတ်ဆိုခြင်းသည် ကလေးများ၏ ကိုယ်ခန္ဓာကြီးထွားမှုအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ ကဗျာများ၏သံစဉ်အဖွဲ့က ကလေးများ၏ အသက်ရှူခြင်း၊ လျှာနှင့်နှုတ်ခမ်းလှုပ်ရှားခြင်းတို့ကို လွယ်လွယ်ကူကူ ဖြစ်ပေါ်စေနိုင်သည့်အပြင် ကဗျာ၊ လင်္ကာများမှတစ်ဆင့် မိမိခန္ဓာကိုယ်ကို သိရှိလာစေနိုင်သည်။ ကာရန်ကိုက်ကဗျာများကို ရွတ်ဆိုခြင်းဖြင့် ခန္ဓာကိုယ် ယိမ်းနွဲ့လှုပ်ရှားလာကြသည်။ ကဗျာတွင် စည်းချက်၊ နရီ၊ ဂီတ၊ သံစဉ်ရှိသည်။

ငယ်ရွယ်သောကလေးများအနေဖြင့် ကဗျာတွင်ပါဝင်သော စကားလုံးတိုင်းကို နားမလည်နိုင်သေးသော်လည်း စည်းချက်ကိုခံစားနိုင်သည်။ ကဗျာသည် ရသခံစားမှုကို ဖြစ်ပေါ်စေနိုင်စွမ်းရှိသည်။ ကလေးများသည် စည်းချက်သံစဉ်ဖြင့် သီဆိုရသောကဗျာမှတစ်ဆင့် ကဗျာများကို စိတ်ဝင်စားလာကြသည်။ ကဗျာရွတ်ဆိုရခြင်းကို နှစ်သက်မြတ်နိုးစွဲလမ်းလာကြသည်။ ကဗျာကို ချစ်တတ်လာကြသည်။

ကဗျာတစ်ပုဒ်ကို တစ်ယောက်တည်း လွယ်လွယ်ကူကူရွတ်ဆိုနိုင်သည့်အခါ ကလေးတွင် ယုံကြည်မှုရှိလာနိုင်သည်။ ကဗျာရွတ်ဆိုခြင်းသည် ကလေး၏ အပြောစွမ်းရည်ကို တိုးတက်စေနိုင်သည်။ စကားလုံးများမှတ်မိစေရန် အကူအညီပေးသည်။ ဦးနှောက်ဖွံ့ဖြိုးမှုကို လှုံ့ဆော်သည်။ သင်ယူမှုကို ပျော်ရွှင်တက်ကြွစေသည်။ ငယ်ရွယ်စဉ် ဘာသာစကားရရှိမှုကို အားပေးသည်။ ဘာသာစကားသင်ယူရန် အခွင့်အလမ်းဖွင့်ပေးသည်။ စကားလုံးများကို ချစ်မြတ်နိုးလာစေသည်။ ကလေးများကို လှုံ့ဆော်မှုအကောင်းဆုံးပေးစွမ်းနိုင်သည်။

**❖ကဗျာရွတ်ဆိုခြင်းသည် ကလေးများ၏ ကိုယ်ခန္ဓာကြီးထွားမှုအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ ကဗျာများ၏သံစဉ်အဖွဲ့က ကလေးများ၏ အသက်ရှူခြင်း၊ လျှာနှင့်နှုတ်ခမ်း လှုပ်ရှားခြင်းတို့ကို လွယ်လွယ်ကူကူ ဖြစ်ပေါ်စေနိုင်သည့်အပြင် ကဗျာ၊ လင်္ကာများမှတစ်ဆင့် မိမိခန္ဓာကိုယ် ကို သိရှိလာစေနိုင်သည်။ ကာရန်ကိုက်ကဗျာများကို ရွတ်ဆိုခြင်းဖြင့် ခန္ဓာကိုယ်ယိမ်းနွဲ့လှုပ်ရှားလာကြသည်။ ကဗျာတွင် စည်းချက်၊ နရီ၊ ဂီတ၊ သံစဉ်ရှိသည်။ ငယ်ရွယ်သောကလေးများအနေဖြင့် ကဗျာတွင် ပါဝင်သောစကားလုံးတိုင်းကို နားမလည်နိုင်သေးသော်လည်း စည်းချက်ကိုခံစားနိုင်သည်။ ကဗျာသည် ရသခံစားမှုကို ဖြစ်ပေါ်စေနိုင်စွမ်းရှိသည်။ ❖**

တိရစ္ဆာန်များအကြောင်း ဖွဲ့ဆိုထားသောကဗျာများသည် ကလေးများအတွက် စိတ်ဝင်စားမှု၊ ပျော်ရွှင်မှုကို ဖြစ်စေနိုင်သည်။ ကလေးများ စာဖတ်ခြင်းကို နှစ်ခြိုက်စွာသင်ယူလာစေနိုင်သည်။ ကလေးများကို သဘာဝကဗျာပညာရှင်များဟုဆိုလျှင်ပင် လွန်မည်မထင်ပါ။

ကလေးများ၏ ဤမွေးရာပါအစွမ်းသတ္တိကို စာပေပညာတွင် ကျွမ်းကျင်မှုများ ရရှိလာအောင် အခြေခံအဖြစ် အသုံးပြုရပါမည်။ အချို့ကလေးများသည် အခြားကလေးများထက် စကားလုံးများ ပိုမိုရယူနိုင်စွမ်းရှိသည်။ သင့်တော်သောအချိန်တွင် သင့်တော်သော ကဗျာ၊ လင်္ကာ၊ ပုံပြင်များကို မှန်မှန်ကန်ကန် လေ့ကျင့်ပေးခြင်းဖြင့် ကလေးများသည် ဘာသာစကားကို ချစ်မြတ်နိုးလာနိုင်သည်။

သို့ရာတွင် ကလေးများနှင့် အထူးသင့်လျော်သော စာ၊ ကဗျာ၊ လင်္ကာ ရွေးချယ်မှုမှန်ကန်ရန် အထူးလိုအပ်သည်။ နောင်တစ်ချိန်တွင် အသက်အရွယ်အလိုက် နှစ်သိမ့်မှုလိုအပ်ချိန်၌ အထီးကျန်သည်ဟု ခံစားရနေချိန်များတွင် ကလေးဘဝက မိဘများ၊ သူငယ်ချင်းများနှင့်အတူ ရွတ်ဆိုခဲ့သော ကဗျာများကို အလွယ်တကူပြန်လည်အမှတ်ရစေပြီး စိတ်ဝေဒနာလျော့နည်းသက်သာစေသည်။

မြန်မာကလေးကဗျာများတွင် ရှေးအစဉ်အလာ မြန်မာသားချော့တေးကဗျာများ၊ ရှေးခေတ်ကဗျာများ၊ ခေတ်ပေါ်ကဗျာများ၊ ခေတ်သစ်မြန်မာကလေးကဗျာများ ပါဝင်သည်။ အထူးသဖြင့် ကလေးများနှင့် ဦးစွာတွေ့ရှိရသော ကဗျာများမှာ ကျောင်းသုံးဖတ်စာပါ ကလေးကဗျာ၊ လင်္ကာတို့ပင်ဖြစ်သည်။

ရှေးခေတ်က စာသင်ကျောင်းများမပေါ်မီ ပညာသင်ကြားရေးကို ဘုန်းတော်ကြီးကျောင်းများက တာဝန်ယူကြရသည်။ ဘုန်းတော်ကြီးကျောင်းများတွင် ကျောင်းသုံးစာအုပ်များ မထားရှိသော်လည်း လူငယ်လူရွယ်ကျောင်းသားကလေးများ သိမှတ်ဖွယ် ကဗျာ၊ လင်္ကာများကို ဆရာတော်များက စပ်ဆိုသီကုံးကြသည်။

ဗုဒ္ဓဘာသာကိုအခြေခံသော ဘုန်းတော်ကြီးကျောင်းများဖြစ်၍ ကျောင်းသားတပည့်များသည် ဘာသာရေးဆိုင်ရာစာပေတို့ကို လေ့လာဆည်းပူးခဲ့ကြသည်။ ကလေးငယ်ကျောင်းသားများအတွက် မင်္ဂလသုတ်အပြင် အောင်ခြင်းရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါး၊ ဘုရားရှိခိုးအမျိုးမျိုး၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်နှင့် အမျှဝေပုံ၊ နီတိဆုံးမစာ ကဗျာ၊ လင်္ကာတို့ကို နှုတ်ဝယ်ရွရွ၊ အလွတ်ရအောင် ကျက်မှတ်ခဲ့ရ၏။ ၃၈ ပါးသော မင်္ဂလာတရားသည် မြန်မာလူငယ်များအတွက် လိုက်နာဖွယ်၊ သတိပြုဖွယ်၊ ဆောင်ဖွယ်၊ ရှောင်ဖွယ်အချက်များဖြစ်သည်။ ထူးခြားသည်မှာ အထက်ဖော်ပြပါစာများသည် ကဗျာ၊ လင်္ကာနှင့် ရေးသားထားသောစာများဖြစ်သည်။

ရှေးခေတ်လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ကျောင်းသုံးစာအုပ်များ၌ ကဗျာ၊ လင်္ကာကို အသားပေးထည့်သွင်းလာကြသည်ကို သတိပြုမိသည်။ ကျောင်းသင်ခန်းစာပါ ကလေးကဗျာများသည် ကလေးစာပေအစဖြစ်သည်။ ခေတ်အဆက်ဆက် မြန်မာပညာရေးကို အကောင်အထည်ဖော်ကြသော ဆရာကြီးများသည်ကျောင်းသုံးကလေးကဗျာများကို စီစဉ်ရေးသားထည့်သွင်းလာကြသည်။

ဆရာဦးရွှေကြူး (မြန်မာ့အလင်းသတင်းစာတည်ထောင်သူ)နှင့် ဆရာကြီးဦးလင်း(မြန်မာစာပေပညာရှင်)တို့၏ မြန်မာဖတ်စာပါ ကလေးကဗျာများ၊ ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာဖတ်စာတွင် ပါဝင်သောကလေးကဗျာများ၊ ပညာဝန် ဦးစံရွှေနှင့် ဆရာကြီး ဦးလင်းတို့၏ မြန်မာဖတ်စာတွင် ပါဝင်သောကလေးကဗျာများ၊ ဆရာဦးဝန်နှင့် ဦးဘတို့၏ မြန်မာဖတ်စာပါ ကလေးကဗျာများ၊ ဆရာကြီးဦးကွန်း၏မြန်မာဖတ်စာပါ ကလေးကဗျာများ၊ ပညာရေးဝန်ကြီးဌာန ကျောင်းသုံးစာအုပ်ကော်မတီကထုတ်သော မြန်မာဖတ်စာသစ်မှ ကလေးကဗျာများ၊ သင်ထောက်ကူကလေးကဗျာများ၊ သားချော့ကဗျာများ၊ ဦးဘ၏ ကလေးကဗျာကြည့်စာ၊ ဒေါက်တာမောင်ဖြူး၏ သားချော့သီချင်း၊ ဆရာမင်းသုဝဏ်၏ မောင်ခွေးဖို့ကဗျာများ စသည်တို့သည် တိုင်းပြည်ကို အကျိုးပြုသော ကလေးကဗျာများဖြစ်ကြသည်။

ရှေးက ပညာရေးဆရာကြီးတို့၏ စေတနာအရ ထွက်ပေါ်လာသော ကလေးကဗျာအမျိုးမျိုးတို့သည် ခေတ်အဆက်ဆက် မြန်မာကျောင်းသားလူငယ်လေးများကို ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့ဖြစ်ခဲ့သည်။ သို့ဖြစ်ရာ ကလေးသူငယ်ပြုစုပျိုးထောင်ရေးတွင် ကလေးကဗျာများ၏အရေးပါပုံကို သိရှိရန်လေ့လာဖော်ပြလိုက်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၄၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၄၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၀၉၆ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် နွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၄၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ဖူးစားပြောင်း ကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်းစိုက်ပျိုးရာ တစ်ကေစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျပြီး ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း၊ ကျောက်မြောင်းမြို့နယ်ခွဲ၌ ဖူးစားပြောင်းများ စိုက်ပျိုးရာတွင် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်း ဆောင်ရွက်နေကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းထံမှ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ် ကုက္ကိုစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောင်းကုန်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ကုက္ကိုစုကျေးရွာ၌ ရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကုက္ကိုစုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျောင်းကုန်းမြို့နယ် ကုက္ကိုစုကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ရှစ်ပေ၊ အနံ ရှစ်ပေ၊ အမြင့် ၁၀ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းနှင့် အလျား ပေ ၃၀၊ အနံ ပေ ၃၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စု ငွေလုံးငွေရင်း(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သံသာ

# ကုန်ဆုံးသွားသော စွမ်းအားများ

**DAGON Malta Fresh**

နဲ့ ဖြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**Myanmar Mobile Money(MMM)** ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card Bill ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E - Topup ဖုန်းပြေစဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း၊ ပြည်ပ ငွေလွှဲ (ထိုင်း)

**အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။**

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## ဝန်ထမ်းအလိုရှိသည်

၁။ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါရာထူးနေရာများ လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | သူနာပြုအုပ် (သို့မဟုတ်) သူနာပြုဆရာမကြီး | (၁) ဦး |
| (၂) | အထက်တန်းသူနာပြု (သို့မဟုတ်) သူနာပြု | (၂) ဦး |
| (၃) | အကြောအဆစ်ကျွမ်းကျင် | (၁) ဦး |
| (၄) | ဓါတ်ခွဲကျွမ်းကျင် | (၁) ဦး |
| (၅) | ဆေးဝါးကျွမ်းကျင် | (၁) ဦး |
| (၆) | အကူသူနာပြု | (၃) ဦး |
| (၇) | ယာဉ်မောင်း | (၂) ဦး |
| (၈) | အထွေထွေလုပ်သား | (၂) ဦး |
| (၉) | လုံခြုံရေး | (၁) ဦး |

၂။ လျှောက်ထားသောရာထူးအတွက် သက်ဆိုင်ရာအရည်အချင်းအလိုက် အောင်လက်မှတ်မိတ္တူ၊ ဓါတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ တစ်စောင်စီတို့နှင့်အတူ (၁၅-၁၂-၂၀၂၄) ရုံးချိန်အတွင်း နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး
ကန်တော်ကြီး-ကန်ပတ်လမ်း၊
ချမ်းမြသာစည်မြို့နယ်-မန္တလေးမြို့
(ရုံးဖုန်း-၀၉-၄၀၂၆၂၆၃၂၄)

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းကွက်သစ်မြောက်ပိုင်း၊ က-၁၇၊ A 1 နေ ဦးဆန်းဝင်း-ဒေါ်သင်းသင်းခိုင်တို့၏သမီး **မနန္ဒာအောင်** (၉/ပကခ(နိုင်)၀၃၀၇၇၆)သည် မိဘဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး ဆိုဆုံးမမှုကို နာခံခြင်းမရှိသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*စုံစမ်းမေးမြန်းခြင်းသည်းခံပါ*

ဦးဆန်းဝင်း (၉/မရမ(နိုင်)၀၀၀၀၂၃
ဒေါ်သင်းသင်းခိုင် (၉/ပကခ(နိုင်)၀၀၃၂၀၆)

### ပျောက်ဆုံးကြောင်း

ကချင်ပြည်နယ်၊ တာမခန်နေ ကိုကျော်သက်ထွန်း (ဘ) ဦးခင်မောင်လေး (၉/ခအဇ(နိုင်)၀၀၃၅၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(A-305654)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၅၀၇၆၁၆၆

### ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မခင်သက်မွန် (ဘ) ဦးပေါ်အေး (၅/ကနန(နိုင်)၁၁၈၅၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-565455) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၇၀၂၀၅၀၆

### ပျောက်ဆုံးကြောင်း

တန့်ဆည်မြို့နယ်နေ မောင်စိုင်းကျော်ထွေး (ဘ) ဦးထွန်းကျော် (၅/တဆန(နိုင်)၁၁၉၇၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-330060)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၄၈၄၆၁၉၅

### ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မခိုင်ဇာဌေး (ဘ) ဦးကျော်အေး (၅/ကနန(နိုင်)၁၃၂၁၇၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-513591) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၇၀၂၀၅၀၆

**အဖိုးတန်ရေချိုကို ချွေတာပါ**

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

❖ **ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ- ၁၈

## ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး အုပ်စု(အေ၊ဘီနှင့်စီ)တို့မှ ကျောက်စိမ်းအတွဲ ၃၉၆၆ တွဲ ရောင်းချနိုင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့တွင် ပြပွဲနဝမနေ့၌ ဖွင့်ဖောက်စစ်ဆေးထားသည့် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသော အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ်(၄၀၆၀)မှ အတွဲအမှတ်(၄၈၀၀)ထိ ကျောက်စိမ်းအတွဲ ၇၄၁ တွဲအနက် ကျောက်စိမ်းအတွဲ ၇၁၄ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်ထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၂၈၀ အနက်မှ ပုလဲအတွဲ ၂၀၈ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲ ၁၆၀ အနက်မှ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူခဲ့သူကို ဖော်ထုတ်ဖမ်းဆီး**

စာမျက်နှာ- ၂၂

